ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်၊ အင်္ဂါနေ့၊ (31-1-2012) (၇၀၂၁)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

# လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုနည်းသည့်နိုင်ငံများ၌ နည်းပညာလည်း နောက်ကျကျန်ခဲ့ကြသည်ကို တွေ့မြင်နိုင်

## ဖွံ့ဖြိုးမှုနည်းသောနိုင်ငံများ၌ လိုအပ်သောငွေကြေး၊ ရုပ်ဝတ္ထု အရင်းအနှီးများအပြင် လူသားအရင်းအနှီးလည်း အဓိကပါဝင်

## မိမိတို့နိုင်ငံ၌ လူ့စွမ်းအားအရင်းအမြစ်ကို စနစ်တကျဖြင့် ဖွံ့ဖြိုးအောင်ဆောင်ရွက်နိုင်ရေး စီမံကိန်းချမှတ်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၃၀

**ယနေ့အစည်းအဝေးကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ကာကွယ်ရေးကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်မှုအခြေခံဖြစ်သည့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးစီမံကိန်းချမှတ်ပြီး အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းကြရန် ဖြစ်ကြောင်း။**

(၂၁)ရာစုတွင် နိုင်ငံများ၏ စီးပွားရေးနှင့် လူမှုရေးသာယာဝပြောမှုများ ရရှိနိုင်ရန်အတွက် ယနေ့မြန်ဆန်စွာ ပြောင်းလဲနေသည့် ကမ္ဘာကြီးတွင် မိမိနိုင်ငံသားအားလုံး၏ အရည်အသွေးနှင့်စွမ်းရည်ကို မြှင့်တင်နိုင်ရေးမှာ ပညာရေးစွမ်းရည်များအပေါ် များစွာမူတည်နေသည်ကို တွေ့ရကြောင်းဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက ယနေ့အချိန်အခါမှာ သဘာဝသယံဇာတများကိုသာ အခြေခံသည့်စီးပွားရေး (Natural Resource based economy)မှ လူသားအရင်းအမြစ်ကို အခြေခံသည့် စီးပွားရေး (Human Resource based economy) (သို့မဟုတ်) (Knowledge Based economy) သို့ ကူးပြောင်းလာကြပြီဖြစ်ကြောင်း၊ လူသားအရင်းအမြစ်ကို အခြေခံသော စီးပွားရေးသည် သဘာဝသယံဇာတများကို အခြေခံသည့်စီးပွားရေးကဲ့သို့ ပြုန်းတီးမှုကိုမဖြစ်ပေါ်စေနိုင်သည့်အပြင် စီးပွားရေးအရ အဆပေါင်းများစွာ ပိုမိုတိုးတက်သွားစေနိုင်ပါကြောင်း၊ ထို့ပြင်(Innovation) တီထွင်ဖန်တီးမှုနှင့် (Creativity)ဖန်တီးနိုင်စွမ်းရှိသည့် လုပ်သားအင်အားစုကိုလည်း ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊ သဘာဝသယံဇာတမရှိသည့် နိုင်ငံများ၌ လူသားအရင်းအမြစ်ကို ဖွံ့ဖြိုးအောင်ဆောင်ရွက်ပြီး နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကိုရယူခဲ့သည့် သာဓကနိုင်ငံများစွာရှိနေခြင်းကို တွေ့ရကြောင်း။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုနည်းသည့် နိုင်ငံများ၌ နည်းပညာလည်း နောက်ကျကျန်ခဲ့ကြသည်ကို တွေ့မြင်နိုင်ကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ လိုအပ်နေသော ငွေကြေးအရင်းအနှီး၊ ရုပ်ဝတ္ထုဆိုင်ရာ အရင်းအနှီးများအပြင် လူသားအရင်းအနှီးမှာလည်း အဓိကပါဝင်နေကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၌ လူ့စွမ်းအားအရင်းအမြစ်ကို **စာမျက်နှာ ၃ ကော်လံ ၁ သို့ ◆**






**အမှာစကား ပြောကြား**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

*ယနေ့ သတင်း အညွှန်း*

**လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဥပဒေနှင့် အညီ စိစစ်မည်ဖြစ်ကြောင်း အသိပေးကြေညာ**

ပြည်တွင်းသတင်း စာမျက်နှာ - ၂

**လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးရာတွင် တိကျစွာလိုက်နာဆောင်ရွက်ရေး နှိုးဆော်**

ပြည်တွင်းသတင်း စာမျက်နှာ - ၂

**ကြော်ငြာအချပ်ပို ပါရှိ**

**ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။**

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ သမိုင်းဘာသာသင်ခန်းစာကို စာမျက်နှာ ၁၅၊ ၁၆ တွင် ဖော်ပြထားပါသည်။

ကြေးမုံစာတည်းရှုထောင့် ၁၁-၁-၂၀၁၂[အင်္ဂါနေ့]။

# စိတ်ပြင်၊ ရုပ်ပြင်၊ ပြင်တိုင်းလှ

လူတိုင်းတွင် ချစ်စရာကောင်းသော ဓလေ့စရိုက်များရှိကြသလို ဖျောက်ရခက်သောအကျင့်၊ အလေ့အထများလည်း ရှိကြပေသည်။ တစ်ခါတစ်ရံ မှားမှန်းမသိ မှားနေကြသည့် အပြုအမူ၊ အပြောအဆိုများနှင့် အလျင်စလို ပြီးစလွယ် ပြောတတ်၊ လုပ်တတ်သော အကျင့်များလည်း ရှိကြသည်။ ယင်းသို့ အပြုအမူများသည် တစ်ဦးတစ်ယောက်တည်းနေသည့်အခါ မသိသာလှ။ လူအများနှင့် ပေါင်းသင်းဆက်ဆံလာသည့်အခါ ကဲ့ရဲ့ရှုတ်ချခံရဖွယ်ဖြစ်တတ်သည်။ ထို့ကြောင့် အမှတ်မထင် ပြုမူနေထိုင်တတ်သည့် အကျင့်ဆိုးများကို ဖျောက်ဖျက်ကာ နည်းမှန်၊ လမ်းမှန်၊ စည်းစနစ်မှန်စွာ ပြုမူနေထိုင်သည့်အလေ့အထများကို အသိတရားနှင့်ယှဉ်ကာ မွေးမြူကြရမည်ဖြစ်သည်။

ပေါ့ပေါ့တန်တန်၊ နမော်နမဲ့အားဖြင့် ကားစီးရင်း၊ လမ်းသွားရင်း ကွမ်းတံတွေးထွေးခြင်း၊ အမှိုက်ပစ်ခြင်းတို့ ပြုမူတတ်ကြသည်။ ခြေကျင်သွားလာသူများသည် သတ်မှတ်ထားသော လူကူးမျဉ်းကျား၊ ခုံးကျော်တံတားများမှ သွားလာခြင်းမပြုကြဘဲ စိတ်ကူးတည့်ရာ အလျင်စလို လွယ်လွယ်ကူကူ လမ်းဖြတ်ကူးကြသည်။ ကိုယ်ပိုင်ယာဉ်၊ အငှားယာဉ်နှင့် လိုင်းကားများကလည်း မီးပွိုင့်၊ လူကူးမျဉ်းကျား စသည့် ယာဉ်ရပ်ရမည့်နေရာများ သတ်မှတ်ပေးထားသော်လည်း ရပ်ချင်သလို ရပ်၊ မောင်းချင်သလို မောင်းနေကြသည်။ ပညာသင်ယူနေကြသော ကျောင်းသားများကလည်း ကျောင်းစာသင်ခန်းများထက် ပုဂ္ဂလိကကျူရှင်များကို အားကိုးကြသည်။ ဆရာ ဆရာမများကလည်း စာသင်ခန်းတွင်သာမက သီးခြားစာသင်ဝိုင်းများ၌ သင်ကြားနေကြသည်။ စီးပွားရေးသမားများကလည်း အမြတ်အစွန်းပိုမိုရရှိရေးအတွက် အရည်အသွေးညံ့ဖျင်းသော ကုန်ပစ္စည်းများ ရောနှောရောင်းချသလို ဆောက်လုပ်ရေးလုပ်ငန်းအချို့ကလည်း လုပ်ငန်းသုံးပစ္စည်းများကို အသုံးပြုရမည့်စံချိန်စံညွှန်းများထက် လျှော့ပေါ့သုံးစွဲတတ်ကြသည့် အလွဲများကို မကြာခဏ တွေ့ရတတ်သည်။

အဆိုးဆုံးက အများနှင့် စုပေါင်းလုပ်ကြရသောလုပ်ငန်းများတွင် အောင်မြင်မှုရရှိသည့်အခါ တစ်ဦးတစ်ယောက်တည်း ဂုဏ်ယူဝင့်ကြွားတတ်ပြီး ပျက်စီးဆုံးရှုံးမှုးယွင်းမှုဖြစ်သည့်အခါ အများလုပ်တာဟု အပြစ်ပုံချပြောဆိုပြီး တာဝန်ယူတတ်မှုအလေ့အထများလည်း နည်းပါးတတ်ကြသည်။ ကိုယ်လုပ်တာမှန်သည်၊ သူတစ်ပါးလုပ်တာကျတော့ ပြစ်တင်ဝေဖန်တတ်သည့် အကျင့်များလည်း ရှိကြပေသည်။ ကိုယ်လုပ်လိုက်သည့်အပြုအမူကြောင့် သူတစ်ပါး ထိခိုက်နစ်နာသွားသည်ကိုလည်း အလေးမမူ၊ မဆီမဆိုင်သလို နေထိုင်တတ်ကြသည်။

. . . စသည့် . . . စသည့် နည်းလမ်းမကျ၊ စည်းစနစ်မကျ ပြုမူနေမှုများကို ယခုအချိန်မှစ၍ အသိတရားနှင့်ယှဉ်ကာ အကျင့်စရိုက်များကို ပြုပြင်ကြရမည်ဖြစ်သည်။

တစ်ဦးကောင်း တစ်ယောက်ကောင်းမှစပြီး အားလုံးသောပြည်သူများသည် ဆင်ခြင်တုံတရားလက်ကိုင်စွဲကာ သတိမူစွာ ဉာဏ်ပညာဖြင့် ပြုမူဆောင်ရွက်ကြပြီး မိမိတို့နေထိုင်ရာဝန်းကျင်ကို သာယာလှပအောင် ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရမည်သာ ဖြစ်သည်။ ဤသို့ကောင်းသော အပြုအမူ အလေ့အထများ ပြုပြင်လုပ်ဆောင်ပြီး အနာဂတ်မျိုးဆက်သစ်တို့ကို လက်ဆင့်ကမ်း အမွေပေးခြင်းဖြင့် တိုင်းကျိုးပြည်ပြုလုပ်ငန်းများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုမည်သာ ဧကန်မလွဲပင်။

**"စိတ်ကိုလည်းပြင်၊ ရုပ်လည်းပြင်၊ ပြင်ဆင်တိုင်းရ၊ ပြုတိုင်းလှ၊ သုခနိဗ္ဗာန်တိုင်လိမ့်မည်"** ဆိုသည့် ပဋ္ဌာန်းဆရာတော် ဦးဝိသုဒ္ဓ၏ ဖြတ္တစိုရ်တရားလေးပါးမှ ဆုံးမစကားအတိုင်း မိမိကိုယ်တိုင် အသိတရားဖြင့် ဖျောက်ဖျက်ရခက်သော အကျင့်စရိုက်တို့ကို သတိထားပြုပြင်ကြရင်း စည်းကမ်းရှိသော၊ စည်းစနစ်ကျသောလူ့အသိုင်းအဝိုင်းလေးတစ်ခု တည်ဆောက်စေချင်ပါသည်။ ။

# လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဥပဒေနှင့်အညီ စိစစ်မည်ဖြစ်ကြောင်း ကြေညာခြင်း

၁။ ၂၀၁၂ ခုနှစ် ၊ ဧပြီလ ၁ ရက်တွင် ကျင်းပပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲများအတွက် ဝင်ရောက်ယှဉ်ပြိုင်ရန် အမည်စာရင်းတင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို သက်ဆိုင်ရာနေပြည်တော်ကော်မရှင်အဖွဲ့ခွဲနှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲများက မဲဆန္ဒနယ်အလိုက် ၆-၂-၂၀၁၂ ရက်မှ ၁၀-၂-၂၀၁၂ ရက်အတွင်း ပုဒ်မ ၂၄ အရ ဥပဒေနှင့်အညီ စိစစ်မည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၆၂/၂၀၁၁)ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

၂။ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၄ အရ စိစစ်သည့်အချိန်တွင် ယင်းနည်းဥပဒေ ၂၆ အရ စိစစ်ရန် သတ်မှတ်ထားသည့် နေ့ရက်၊ အချိန်နှင့် နေရာသို့ အောက်ပါပုဂ္ဂိုလ်များ လာရောက်ခွင့်ရှိသည်-

- (က) သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊
- (ခ) သက်ဆိုင်ရာ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊
- (ဂ) လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးက ဤကိစ္စအလို့ငှာ စာဖြင့် တာဝန်လွှဲအပ်ထားသူ၊
- (ဃ) နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲကို ကူညီရန်အတွက် ယင်းအဖွဲ့ခွဲက တာဝန်ပေးအပ်ခြင်းခံရသူများ၊
- (င) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ။

၃။ ထိုသို့ လွှတ်တော်ကိုယ်စားလှယ်လောင်းစိစစ်သည့်အချိန်တွင် ယင်းဥပဒေပုဒ်မ ၂၅(က)အရ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူသည် မိမိတင်ပြလိုသော အထောက်အထားများကို တင်ပြခွင့်ရှိကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် မဲဆွယ်စည်းရုံးရာတွင် ကော်မရှင်၏ညွှန်ကြားချက်နှင့် ကြေညာချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရေး

၁။ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲများအတွက် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို (၆-၂-၂၀၁၂)ရက်မှ (၁၀-၂-၂၀၁၂)ရက်အတွင်း သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက စိစစ်အတည်ပြုကြမည်ဖြစ်သည်။

၂။ ယင်းသို့ စိစစ်အတည်ပြုပြီးသည့် နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများသည် မကြာမီကာလအတွင်း ရွေးကောက်ပွဲတွင် ၎င်းတို့ အနိုင်ရရှိရေးကို ရှေးရှုလျက် မိမိတို့၏မူဝါဒသဘောထားလုပ်ငန်းစဉ် စသည်တို့ကို ပြည်သူလူထုအား ဟောပြောခြင်း၊ ရေးသားတင်ပြမဲဆွယ်စည်းရုံးခြင်းတို့ကို ဆောင်ရွက်ကြမည်ဖြစ်သည်။

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ကိုယ်စားလှယ်လောင်းများ စုဝေးဟောပြောခွင့်နှင့် မဲဆွယ်စည်းရုံးခွင့်တို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်ရန်နည်းလမ်းနှင့် လိုက်နာရမည့် စည်းကမ်းများကို ၁၈-၈-၂၀၁၀ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၉၁/၂၀၁၀) ဖြင့် ထုတ်ပြန်ညွှန်ကြားထားပြီးဖြစ်သည်။

၄။ ယင်းကြေညာချက်တွင် မဲဆွယ်စည်းရုံးရန်အတွက် စုဝေးဟောပြောခြင်းကို မိမိတို့၏ ပါတီဌာနချုပ်နှင့် ပါတီရုံးခွဲများတွင် ပြုလုပ်ခြင်းဖြစ်ပါက ခွင့်ပြုချက်လျှောက်ထားရန်မလိုဘဲ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသို့ ကြိုတင်အသိပေးရန်သာလိုကြောင်း၊ သို့ရာတွင်(ပါတီရုံးများမှအပ) အခြားနေရာများ၌ စုဝေးဟောပြောခြင်းပြုလုပ်လိုလျှင် သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်အညီ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသို့ (၇)ရက်ကြိုတင်လျှောက်ထားပြီး ခွင့်ပြုမိန့်ရရှိမှသာ စုဝေးဟောပြောခွင့်ရှိကြောင်း ညွှန်ကြားထားသည်။

၅။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ညွှန်ကြားထားသည့် အထက်ပါကြေညာချက် (ညွှန်ကြားချက်) နှင့်အညီ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသို့ ခွင့်ပြုမိန့်တောင်းခံပြီး ခွင့်ပြုချက်အရ ဆောင်ရွက်မည်ဆိုပါက သက်ဆိုင်ရာအဖွဲ့အစည်းများမှ လိုအပ်သည့်စောင့်ရှောက်မှုများပေးရန် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်သည်။

၆။ သို့ဖြစ်ပါ၍ နိုင်ငံရေးပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလလွှတ်တော် ကိုယ်စားလှယ်လောင်းများအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသည့် ကြေညာချက် (၉၁/၂၀၁၀)ကို တိကျစွာလိုက်နာ၍ ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးခြင်း/စုဝေးဟောပြောခြင်းတို့ကို ပြုလုပ်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ၂၀၁၂ ခုနှစ် မိုးရာသီတွင် ပုဂ္ဂလိကသစ်တောစိုက်ခင်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး တိုက်တွန်းနှိုးဆော်ခြင်း

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဂေဟစနစ်မျှတရေး၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့ရေးနှင့် သစ်တောကဏ္ဍမှ ပုဂ္ဂလိကစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် လူပုဂ္ဂိုလ်/ကုမ္ပဏီ/အဖွဲ့အစည်းများအား သစ်တောစီမံအုပ်ချုပ်ခွင့်ရှိသော မြေများတွင် တစ်ဧကမှ ဆောင်ရွက်လိုသည့်ပမာဏအထိ နှစ်အလိုက်လုပ်ငန်းစီမံချက်နှင့်အတူ ပုဂ္ဂလိကသစ်တောစိုက်ခင်းများတည်ထောင်ရန် ခွင့်ပြုထားပြီးဖြစ်ပါသည်။

ယခုအချိန်သည် စိုက်ပျိုးတည်ထောင်ခဲ့ပြီးဖြစ်သော ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ စိုက်ခင်းဟောင်းများကို အောင်မြင်ရှင်သန်စေပြီး ပျက်စီးလေလွင့်မှုမရှိစေရန် သဘာဝဘေးဖြစ်သော တောမီးအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် မီးကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရမည့်အချိန်ဖြစ်သကဲ့သို့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် စိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းစဉ်၏ ကနဦးအစဖြစ်သော စိုက်ခင်းမြေပြုပြင်ခြင်း၊ ယာခုတ်၊ ပေါင်းရှင်း၊ မီးတားလမ်းဖောက်ခြင်းနှင့် ပျိုးဥယျာဉ်တည်ထောင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် အချိန်ကျရောက်နေပြီဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်မှသာ ယာမီးရှို့၊ ကျွန်းခွေခြင်းလုပ်ငန်းများအပါအဝင် စိုက်ခင်းလုပ်ငန်းများ ဟန်ချက်ညီညီ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အောင်မြင်သော စိုက်ခင်းများအဖြစ် တည်ထောင်နိုင်မည်ဖြစ်သောကြောင့် အထက်ဖော်ပြပါ စိုက်ခင်းလုပ်ငန်းစဉ်အစမှစ၍ စိုက်ပျိုးခြင်းအထိ သတ်မှတ်အချိန်ကာလအတွင်း ပြီးစီးရေး စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်သွားကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန**

# မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၁-၁-၂၀၁၂ (အင်္ဂါနေ့)

| | |
|---|---|
| ၈း၁၅ | ၁။ ဇာတ်လမ်းတို ခေတ်ဆန်းတေး |
| ၄း၄၀ | ၂။ အင်္ဂလိပ်စာသုတ |
| ၄း၅၀ | ၃။ မြန်မာသံစဉ်ချိုနားဝင် |
| ၅း၀၀ | ၄။ အားလုံးရဲ့တာဝန် |
| ၅း၀၅ | ၅။ သာယာသီကြွေး |
| ၅း၃၀ | ၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင်(အပိုင်း-၇၆)** |
| ၆း၂၅ | ၇။ Guide For You |
| ၆း၃၀ | ၈။ အောင်မြင်ခြင်းလမ်းမ |
| ၇း၀၀ | ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သစ္စာစေတမန်(အပိုင်း-၁၁)** |
| | ၁၀။ မွေးမြူသုတ |
| | ၁၁။ ဟာသရုပ်စုံ |
| | ၁၂။ တစ်လအတွင်းအကြိုက်ဆုံး ဗွီစီဒီတေးများ |
| | ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကွန်းခိုရာ (အပိုင်း-၆)** |
| | ၁၄။ Mini Series |

# ရေကြောင်းသတိပေးချက် ထုတ်ပြန်

**ရန်ကုန် ဇန်နဝါရီ ၁၀**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများ၌ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-3 နှင့် M-9 တို့တွင် Geophysical Site Investigation (GSI) Survey လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV- GENESIS (Call Sign:V3ZU4)ဖြင့် မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် Block M-3 ၏ တည်နေရာဧရိယာဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၀ မိနစ် ၃၁ ဒသမ ၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၁ မိနစ် ၄၄ ဒသမ ၉၅ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၀ မိနစ် ၃၃ ဒသမ ၀၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၀ မိနစ် ၅၇ ဒသမ ၀၈ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၃ မိနစ် ၅၇ ဒသမ ၆၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၀ မိနစ် ၅၈ ဒသမ ၃၂ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၃ မိနစ် ၅၅ ဒသမ ၇၉ စက္ကန့်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၁ မိနစ် ၄၆ ဒသမ ၄၈ စက္ကန့်၊ မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် Block M-9 (Zawtika Project)၏ တည်နေရာဧရိယာဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၅ မိနစ် ၅၆ ဒသမ ၇၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၆ မိနစ် ၀၈ ဒသမ ၈၅ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၅ မိနစ် ၅၇ ဒသမ ၁၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၄ မိနစ် ၅၇ ဒသမ ၂၆ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ် ၀၉ ဒသမ ၅၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၄ မိနစ် ၅၆ ဒသမ ၇၀ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ် ၀၉ ဒသမ ၁၇ စက္ကန့်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၆ မိနစ် ၁၀ ဒသမ ၄၂ စက္ကန့်တို့အတွင်း၌ ၂၀၁၂ခုနှစ် ဖေဖော်ဝါရီ ၉ ရက်မှ မတ် ၉ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်၍ အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာ ပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများမပြုလုပ်ကြရန် သက်ဆိုင်ရာက သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

# အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၀ - ၁ -၂၀၁၂

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၁. ၁၈၅၀ | ၀. ၀၃၂၀၇ |
| တရုတ် (ယွမ်) | ၆. ၃၀၉၀၀ | ၀. ၁၅၈၅၀ |
| အိန္ဒိယ (ရူပီး) | ၄၉. ၈၀၀၀ | ၀. ၀၂၀၀၈ |
| မလေးရှား (ရင်းဂစ်) | ၃. ၀၅၅၀၀ | ၀. ၃၂၇၃၃ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၆၀၅၉ | ၀. ၇၉၃၂၈ |
| ဂျပန် (ယန်း) | ၇၆. ၆၇၉၁ | ၀. ၀၁၃၀၄ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၂၉. ၈၉ | ၀. ၀၀၀၈၉ |
| ယူရို | ၀. ၇၆၂၅၈ | ၁. ၃၁၁၃၄ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၇၄၉ | ၁. ၅၆၈၆၄ |

**အင်တာနက်။**

◆ရှေ့ဖုံးမှ

စနစ်တကျဖြင့် ဖွံ့ဖြိုးအောင်ဆောင်ရွက်နိုင်ရေး စီမံကိန်းများ ချမှတ်ပြီး ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

ပြည်ထောင်စုအစိုးရသစ်လက်ထက်တွင် မကြာခင်က အမျိုးသားစီးပွားရေးမူဝါဒ (၄)ရပ်ကိုချမှတ်ထားကြောင်း၊ အဆိုပါ မူဝါဒများမှာ-

(က) စိုက်ပျိုးရေးကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး၊

(ခ) တိုင်းဒေသကြီးနှင့်ပြည်နယ်များအကြား အချိုးကျ မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေး၊

(ဂ) ပြည်သူလူထုတစ်ရပ်လုံးရရှိခံစားနိုင်မည့် လူမှု-စီးပွား နယ်ပယ်အသီးသီးဖွံ့ဖြိုးတိုးတက်ရေးနှင့်

(ဃ) အရည်အသွေးရှိသော စာရင်းအင်းကိန်းဂဏန်း များဖြစ်ပေါ်စေရေးနှင့် စာရင်းအင်းစနစ် ပြုပြင်ရေး တို့ ဖြစ်ကြောင်း။



**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ရှင်းလင်းတင်ပြစဉ်။**
(သတင်းစဉ်)

ယင်းစီးပွားရေးမူဝါဒများအောင်မြင်ရေး အရည်အသွေး ရှိသည့် ဖွံ့ဖြိုးမှုဖြစ်ပေါ်ရေးတို့အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရန် အဓိကလိုအပ်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံအဖြစ်နှင့် တည်ရှိနေလျှင် စီးပွားရေးဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ ဖြစ်မလာနိုင်ကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံတို့၏ သမိုင်းကြောင်းအရ စက်မှုနှင့် ဝန်ဆောင်မှု ကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်မှုတွေ့ရသည့်အတွက် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးမှုသာလျှင် ယင်းတိုးတက်လာမှုမျိုး ရရှိနိုင်မည် ဖြစ်ကြောင်း။

ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဆိုသည့် နေရာတွင် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ကာကွယ်ရေး စသည့် ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးဖြစ်ကြောင်း၊ ထို့ကြောင့် ဘက်စုံ ကဏ္ဍစုံဖွံ့ဖြိုးမှုအတွက် ရေရှည်မောင်းနှင်အားဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရန် အစွမ်းကုန်ဆောင်ရွက်ကြ ရမည်ဖြစ်ကြောင်း။

အရည်အသွေးရှိသော ဖွံ့ဖြိုးမှုသည် လူထု-လူတန်းစားများ အကြား ဆင်းရဲ-ချမ်းသာ ကွာခြားမှုနည်းပါးပြီး လူတိုင်းဖွံ့ဖြိုးမှု၏ အသီးအပွင့်များကို ခံစားနိုင်ကြပြီး ပြည်သူများအကြား အခွင့် အရေးကွဲပြားခြားနားမှု မရှိခြင်းဖြစ်ကြောင်း၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများသာမက စိတ်ပိုင်းဆိုင်ရာများဖြစ်သော လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ ဂုဏ်သိက္ခာရှိစေခြင်း၊ ခွဲခြားဆက်ဆံမှု မရှိခြင်း စသည်တို့မှာ အရည်အသွေးရှိသည့် ဖွံ့ဖြိုးမှုဖြစ် ကြောင်း၊ ဖွံ့ဖြိုးမှု၏ အသီးအပွင့်များကို လူတိုင်းပါဝင်ခံစား နိုင်မှသာလျှင် လူသားဖွံ့ဖြိုးမှုကို ဦးတည်စေမည်ဖြစ်ကြောင်း။

ကမ္ဘာပေါ်၌ နိုင်ငံအချင်းချင်းနှိုင်းယှဉ်သည့်အခါ GDP သာမက လူသားဖွံ့ဖြိုးမှုကို ဖေါ်ပေးနှိုင်းယှဉ်လာကြသည်ကို တွေ့ရှိရကြောင်း၊ လူသားဖွံ့ဖြိုးမှုဆိုခြင်းမှာ မိမိနိုင်ငံသားများ၏ လူနေမှုဘဝအရည်အသွေးကို မြှင့်တင်ပေးခြင်းဖြစ်သည့်အတွက် လူ့ဘဝအရည်အသွေးဆိုင်ရာ နယ်ပယ်များတွင်လည်း ဖြည့် ဆည်းဆောင်ရွက်ပေးရန် လိုအပ်လာကြောင်း၊ မိမိတို့နိုင်ငံ၏ (Human Development Index-HDI) သည် အလယ် အလတ် အဆင့်တွင်ရှိပြီး အခြားအာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ် သည့်အခါတွင် နိမ့်ကျနေသေးသည်ကို တွေ့ရှိနိုင်ကြောင်း၊ ၂၀၁၅ ခုနှစ်အတွင်း လူနေမှုဘဝအဆင့်အတန်းကို(၂)ဆ-(၂)ဆခွဲ အထိ တိုးမြှင့်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် မိမိတို့နိုင်ငံ၌ စာရင်းအင်းရေးသွင်းမှတ်သားမှု နည်းစနစ်၊ စာရင်းအထားအသိုအားနည်းမှု၊ သန်းခေါင်စာရင်း ကောက်ယူမှု အားနည်းချက်များရှိခဲ့ခြင်းကြောင့် အရည်အသွေး ရှိသော စာရင်းအင်းကိန်းဂဏန်းများ ဖြစ်ပေါ်စေရေးနှင့် စာရင်းအင်းစနစ်ပြုပြင်ရေးလုပ်ငန်းရပ်သည် အရေးပါလျက်ရှိ ကြောင်း၊ နိုင်ငံတစ်နိုင်ငံသည် ကဏ္ဍစုံစာရင်းဇယား တိကျ မှန်ကန်မှုရှိမှသာလျှင် မိမိနိုင်ငံ၏ အနေအထားအမှန်ကို သိရှိ လာနိုင်ပြီး အခြားနိုင်ငံများနည်းတူ လူမှု-စီးပွား ကဏ္ဍများ ဖွံ့ဖြိုး တိုးတက်စေရေး ရှေ့ဆက်ဆောင်ရွက်ရမည့် အစီအမံများကို မှန်ကန်စွာချမှတ်နိုင်မည်ဖြစ်ပါကြောင်း။

ဒီမိုကရေစီစနစ်၏ အခြေခံမူများကို လက်တွေ့ကျင့်သုံး အကောင်အထည်ဖော်နိုင်ရန် ပြည်သူတစ်ရပ်လုံးသည် စဉ်းစား ချင့်ချိန်နိုင်စွမ်း၊ လေ့လာတွေးခေါ်မြော်မြင်နိုင်စွမ်းရှိရန် လိုအပ် ကြောင်း၊ အောက်ခြေတွင် စွမ်းရည်ရှိမှသာ ဗဟိုထိန်းချုပ်မှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဆင့်အသီးသီးတွင် တာဝန်ယူနိုင်ရေး၊ စီမံခန့်ခွဲနိုင်ရေး၊ အသိပညာ၊ ဗဟုသုတများစွာ လိုအပ်လျက်ရှိကြောင်း၊ အစဉ်အမြဲလေ့လာသင်ယူနေသည့် လူ့အဖွဲ့အစည်းဖြစ်ရေးလည်း လိုအပ်ကြောင်း။

ပညာရေးကဏ္ဍနှင့်ဆိုင်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်၏ ဆောင်ရွက်ချက် များကို ဖော်ပြရလျှင် နိုင်ငံတော်အစိုးရက ကိုယ်ပိုင်ကျောင်း များနှင့် စပ်လျဉ်းပြီး ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကို ၂-၁၂-၂၀၁၁ ရက်နေ့တွင် စတင်ပြဋ္ဌာန်းခဲ့ကြောင်း၊ အဆိုပါ ဥပဒေအရ ကိုယ်ပိုင်ကျောင်း ကျောင်းဆရာများနှင့် ပတ်သက်ပြီး မူဝါဒချမှတ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ညွှန်ကြားရေးတို့ အတွက် ဆောင်ရွက်ခြင်း၊ ထပ်ဆောင်းသင်ခန်းစာများအား စိစစ်ရန် စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးခြင်း၊ ကိုယ်ပိုင်ကျောင်း တည်ထောင်ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်းနှင့် ပယ်ဖျက်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ် ကြောင်း။

ပညာရေးမူဝါဒနှင့်အညီ အဆင့်မြင့်ပညာရပ်များကို သင်ယူနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပညာရေး ကဏ္ဍအသီးသီးအတွက် အရည်အသွေးမြင့်မားသည့် သင်ထောက်ကူပစ္စည်းများ ပိုမိုအသုံးပြုနိုင်ရေး၊ ပညာရေး ဝန်ထမ်းများ အရည်အသွေးမြင့်မားလာစေရေးနှင့် နိုင်ငံတကာ အဆင့်မီပညာရေးအဆင့်အတန်း ဖြစ်လာစေရေးတို့ကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ထို့ပြင် စီမံကိန်းလုပ်ငန်းစဉ်များမှ နိုင်ငံသားတိုင်း အခြေခံ ပညာအဆင့်အလိုက် သင်ယူပြီးမြောက်စေရေး၊ အခြေခံ ပညာရေးအရည်အသွေးမြင့်မားစေရေး၊ အကြိုသက်မွေးနှင့် အသက်မွေးဝမ်းကျောင်းပညာများ သင်ယူခွင့်ရရှိစေရေး၊ အီလက်ထရွန်နစ် ပညာရေးကို ဦးတည်သည့် ခေတ်မီဆက်သွယ် ပို့ချမှုဆိုင်ရာ နည်းပညာရပ်များ၊ ကျွမ်းကျင်မှုဆိုင်ရာ ပညာရပ် များ၊ သင်ကြားမှု၊ သင်ယူမှုအခွင့်အလမ်းများ ပိုမိုတိုးတက် စေရေး၊ စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်မြင့်မားစေရေး၊ မိဘပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အခြေခံပညာဖွံ့ဖြိုး မှုလုပ်ငန်း တိုးမြှင့်ဆောင်ရွက်ရေး၊ ကျောင်းပြင်ပ ပညာရေး လုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး၊ ပညာရေးသုတေသန လုပ်ငန်း တိုးတက်စေရေး စသည်တို့ကို စနစ်တကျတိုးတက်အောင် စီမံချက်များချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ် ကြောင်း။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုတွင် ပညာရေးကဏ္ဍ မြှင့်တင်ရုံသာမက ကျန်းမာရေး၊ အတွေးအခေါ်၊ အကျင့်စာရိတ္တ၊ စိတ်ဓာတ် စသည်တို့ကိုလည်း လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်ကြောင်း၊ ထို့ကြောင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုကို နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုအဖွဲ့အစည်းများ၊ ဒေသတွင်းအစိုးရမဟုတ်သည့် အဖွဲ့ အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အပြည်ပြည် ဆိုင်ရာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများက ပူးပေါင်းပါဝင် ဆောင်ရွက်ရန် ဖြစ်ကြောင်း။



**ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း ရှင်းလင်းတင်ပြစဉ်။**
(သတင်းစဉ်)

ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ၏ အရေးပါမှုကို ဆွေးနွေးကြမည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ ပါဝင် တက်ရောက်မည့် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ တစ်ရပ်ကို ဖေဖော်ဝါရီလလယ်ပိုင်းတွင် ကျင်းပမည်ဖြစ်ကြောင်း၊ နိုင်ငံတကာမှ အတွေ့အကြုံများကို ပြည်တွင်းအခြေအနေနှင့် ပေါင်းစပ်သုံးသပ်ပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက် ရေးစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရန် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် နောက်ကျနေပြီး အခြားနိုင်ငံ များကို လိုက်မီစေရန် ပိုမိုအလုပ်လုပ်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ လူမျိုးစရိုက်လက္ခဏာအရ တိုးတက်ကြိုးစားချင်စိတ်ဖြစ်ပေါ် စေရန် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဆိုလျှင် လူ့စွမ်းအား အရင်းအမြစ်အခြေအနေသည် နှစ်အနည်းငယ်အတွင်း ဖွံ့ဖြိုး တိုးတက်လာနိုင်မည်ဟု မျှော်မှန်းထားကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေး ဦးတည်ချက်များ ချမှတ်ပြီး နည်းဗျူဟာအမျိုးမျိုးဖြင့် ပုံဖော်လျက်ရှိရာတွင် ယခု ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းသည့် လမ်းကြောင်း ပေါ် ရောက်ရှိနေပြီဖြစ်ကြောင်း၊ တိုးတက်မှုပိုမိုလျင်မြန်စေရန် နှင့် ကမ္ဘာ့အခြေအနေများနှင့်ကိုက်ညီအောင် လိုအပ်နေသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းကို တစ်တပ်တစ်အား ပါဝင်အားဖြည့်ဆောင်ရွက်ကြရန် တိုက်တွန်း မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲ အကောင် အထည်ဖော် ဆောင်ရွက်ရေးအတွက် စီမံကိန်းရေးဆွဲရာတွင် အခြေခံစဉ်းစားသုံးသပ်သင့်သည့် အစီအစဉ်များ၊ ကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှု ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဝန်ကြီးဌာန၏ ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ လည်း ကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက လူမှုရေး၊ စာပေ၊ ယဉ်ကျေးမှုနှင့် သတင်းမီဒီယာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိဆောင်ရွက်မှုနှင့် ဆက်လက် ဆောင်ရွက်သွားမည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု ရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများက မိမိတို့ ဝန်ကြီး ဌာနအလိုက် လက်ရှိဆောင်ရွက်လျက်ရှိသည့် လူ့စွမ်းအားအရင်း အမြစ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ ဆက်လက်ဆောင်ရွက် မည့် အစီအမံများကို ညှိနှိုင်းဆွေးနွေးတင်ပြကြပြီး လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲအကောင် အထည်ဖော်ရေးကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းရေး၊ လုပ်ငန်းစဉ်များ ချမှတ်ရေးဆွဲအကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ အထွေထွေဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက တင်ပြဆွေးနွေးချက်များ အပေါ် ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြား ရာတွင် မိမိတို့နိုင်ငံသည် သဘာဝသယံဇာတများကိုသာ အခြေခံသည့် စီးပွားရေးကို အများဆုံး ကျင့်သုံးလျက်ရှိခြင်း ကြောင့် လူမှုရေးနှင့် စီးပွားရေးတွင် နောက်ကျမှုများရှိနေ ခဲ့ကြောင်း၊ သို့ဖြစ်၍ လူသားအရင်းအမြစ်ကို အခြေခံသည့် စီးပွားရေးသို့ ပြောင်းလဲဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ လူသားအရင်းအမြစ်ကို အခြေခံသည့် စီးပွားရေးကို ကျင့်သုံးရာ တွင် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးဌာန များ၏ ဆောင်ရွက်မှုများ အဘယ်ကြောင့် တိုးတက်ကောင်းမွန်မှု မရှိခြင်းဆိုသည်ကို ပြန်လည်သုံးသပ်ကြရန်လည်း လိုအပ် ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအလိုက် ဆောင်ရွက်နေသည့် စီမံ ကိန်းအောင်မြင်ပါက အဆိုပါ ပေါ်လစီအတိုင်း ဆက်လက် ဆောင်ရွက်သွားကြရန်ဖြစ်ပြီး အားနည်းချက်များရှိပါက ယခုရေးဆွဲမည့် စီမံကိန်းတွင် သုံးသပ်ဆွေးနွေး တင်ပြကြရန် ဖြစ်ကြောင်း၊ သဘာဝသယံဇာတ နည်းပါးသည့် ဂျပန်၊ ကိုရီး ယား၊ စင်ကာပူနှင့် ဟောင်ကောင်တို့သည် လူသားအရင်းအမြစ် ကို အခြေခံသည့် စီးပွားရေးစီမံကိန်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုများ ရှိနေသည်ကို တွေ့ရကြောင်း။

မိမိတို့ နိုင်ငံအနေဖြင့် လူဦးရေနှင့် သယံဇာတများပြားမှု ရှိပါသော်လည်း ဖွံ့ဖြိုးတိုးတက်မှုအပိုင်းတွင် အားနည်းချက်များ ရှိရာ လက်ရှိလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားအရင်းအမြစ်အား အခြေခံသည့် စီးပွားရေးစီမံကိန်း အပိုင်းကို ဝေဖန်သုံးသပ်ဆွေးနွေးကြရန်လိုကြောင်း၊ ပြင်သင့် သည်များကို ပြင်နိုင်ကြရန် ယခုလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်းကို ရေးဆွဲခြင်းဖြစ်ကြောင်း၊ အစည်း အဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် မိမိတို့၏ အားနည်းချက်များ၊ အခက်အခဲများကို သေသေချာချာ စဉ်းစားဆွေးနွေးတင်ပြကြစေလိုကြောင်းဖြင့် ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၃၁-၁-၂၀၁၂ (အင်္ဂါနေ့)**

AM & PM

| | |
|---|---|
| ၅း၄၀ | "ရုပ်ပြစ်ရှစ်ပါး" တရားတော် |
| ၆း၂၅ | ထင်ရှားဖူးမြော် ပင်းတယ ရွှေဥမင်သဘာဝလိုဏ်ဂူတော် |
| ၆း၄၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၁၀၃)** |
| ၈း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၅၆)** |
| ၈း၅၀ | ရန်ကုန်အရှေ့ပိုင်းခရိုင် သာသနနုဂ္ဂဟအသင်းကြီး၏ မဟာပဋ္ဌာန်းရွတ်ဆိုပူဇော်ပြိုင်ပွဲ |
| ၁၀း၂၀ | Activities in The City (သွေးနှင့်ကင်ဆာကလေးငယ်များ၏နှစ်ပတ်လည်ပျော်ပွဲရွှင်ပွဲ) |
| ၁၀း၃၅ | Celebrity Style (သက်သခင်) |
| ၁၀း၅၅ | International Show Biz |
| ၁၁း၄၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တေးသွားကေရီ"(အပိုင်း-၃)** |
| ၃း၅၀ | မဟာသံ့သာရ ရုပ်ရှင်တော် မြတ်ကြီး ဗုဒ္ဓပူဇနိယပူဇော်ပွဲ |
| ၅း၁၅ | အားကျအတုယူစေချင် |
| ၆း၁၅ | A Journey to Beijing (Part-2) |
| ၆း၃၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၁၀၄)** |
| ၇း၃၀ | Celebrity Choice (အိမ့်ချစ်) |
| ၈း၃၀ | ၂၀၁၀ ခုနှစ် အကယ်ဒမီ အကြိုရင်ခုန်သံ |
| ၈း၅၀ | အနုပညာမိုးကောင်းကင် |
| ၉း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၅၇)** |
| ၁၀း၁၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၁၀း၃၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တေးသွားကေရီ"(အပိုင်း-၄)** |
| ၁၁း၁၀ | မဇ္ဈိမဒေသသံဝေဇနိယလေးဌာန |
| ၁၂း၀၀ | ဆေးရေးချိတ်ခေတ်ဆန်းချိန်ခါ မြန်မာ့ရွှေလက်ရာ |
| ၁၂း၁၅ | World of Knowledge |
| ၁း၀၀ | **နောက်မကျရအောင်** (မင်းသူ၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကြည်စိုး) |
| ၁း၁၀ | လှုပ်ရှားစုံစုံမြန်မာ့သုခုမဇာတ်ခုံ (သစ္စာမေတ္တာရွှေမန်းသဘင်) (အပိုင်း-၁) |
| ၁း၄၀ | ရလဒ်ကောင်းများနှင့် Organic |
| ၂း၂၅ | Barclays Premier League (Everton Vs Man City) |
| ၄း၄၅ | မန်းရွှေစက်တော်မှ ခြေတော်ရာဦးဖူးရအောင် |

**Barclays Premier League ဘောလုံးပွဲစဉ်များ**

| **နံနက်ပိုင်း** | **ပွဲစဉ်** | **ပြသမည့်လိုင်း** |
|---|---|---|
| ၂း၂၅ | Man U - Stoke City | ESPN |
| ၂း၂၅ | Everton - Man City | (Star Sports) (MRTV-4) |

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

# မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ ရွေးချယ်

**ရန်ကုန် ဇန်နဝါရီ ၃၀**

ဇန်နဝါရီ ၂၅ ရက်က ကျင်းပသည့် (၃၂)ကြိမ်မြောက် မြန်မာနိုင်ငံ သွားဘက် ဆိုင်ရာ ဆရာဝန်အသင်း နှစ်ပတ်လည် ညီလာခံမှ ညီလာခံကိုယ်စားလှယ်များက ဆန္ဒမဲပေး၍ မြန်မာနိုင်ငံ သွားဘက် ဆိုင်ရာ ဆရာဝန်အသင်းဗဟိုအလုပ်အမှု ဆောင်များအဖြစ် ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာပွင့်ဖူး၊ ဒုတိယဥက္ကဋ္ဌ(၁) ဒေါက်တာဦးအောင်သန်း၊ ဒုတိယဥက္ကဋ္ဌ (၂) ပါမောက္ခ ဒေါက်တာဆွေဆွေဝင်း၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာ ဌေးမြင့်ဦး၊ တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာ ဦးရွှေလှိုင်၊ တွဲဖက်အတွင်း ရေးမှူး(၂) ဒေါက်တာဦးအောင်သိန်းထွန်း တို့ပါဝင်သည့် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ၂၅ ဦးကို ရွေးချယ် တင်မြှောက်ကြသည်။

အဆိုပါညီလာခံကို ဇန်နဝါရီ ၂၈ ရက် အထိ စာတမ်းဖတ်ပွဲများ၊ သက်ကြီးပူဇော် ပွဲများ၊ အားကစားပြိုင်ပွဲများ၊ ဆေးကုမ္ပဏီ ပြခန်းများဖြင့် ဆက်လက်ကျင်းပမည်ဖြစ် ကြောင်း သိရသည်။ (ကြေးမုံ)

**ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ထူးချွန်ဆုချီးမြှင့်ပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းမြင့်က ဆုရရှိသူ သတ္တမတန်းမှ မမေသဇင်ဦးအား ဆုချီးမြှင့်စဉ်။**
(သတင်းစဉ်)



❖ မြေလွတ်၊မြေလပ်မှ

ဦးစားပေးရရှိရေး တင်ပြတောင်းခံသွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်က လိုအပ်ရန်ပုံငွေ ခွင့်ပြုပေးမှုရှိပါက ၂၀၁၃-၂၀၁၄ ခုနှစ်တွင် (၁၀၀)ရာခိုင်နှုန်း ပြီးစီးနိုင်မည် ဖြစ်ပါကြောင်း။

**အဆိုပါ ဓာတ်အားခွဲရုံတည်ဆောက်ပြီးပါက တပ်ရွာမြစ်ရေတင်စီမံကိန်းသို့ (၆၆) ကေဗွီ လျှပ်စစ်ဓာတ်အားလိုင်း(၂၅)မိုင် တည်ဆောက်ခြင်းလုပ်ငန်းအပါအဝင် ဆောင်ရွက်ရန်လုပ်ငန်းများအတွက် လိုအပ်သော ကုန်ကျစရိတ်ခွင့်ပြုချက်ရရှိရေး နိုင်ငံတော်သို့ တင်ပြတောင်းခံပြီး နိုင်ငံတော်၏ဘဏ္ဍာငွေ ဦးစားပေးခွင့်ပြုပေးနိုင်မည့် အခြေအနေပေါ် မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း**ဖြင့် ဖြေကြားသည်။

ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး၏ **ထီးချိုင့်မြို့နယ်ရှိ မဲဇာတာတမံအား ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်ရှိ မဲဇာတာတမံသည် အလျားပေ(၄၂၅၀၀)၊ ထိပ်ဝအကျယ် (၈)ပေနှင့် အမြင့်(၆)ပေ၊ အောက်ခြေအကျယ် ပေ(၃၀)ဖြင့် တည်ဆောက်ထားသော မြေသားတာပေါင်အမျိုးအစားဖြစ်ပါကြောင်း၊ မဲဇာတာတမံသည် ထီးချိုင့်မြို့နယ်အတွင်းရှိ လေသာအုပ်စု၊ ဇီးသောင်အုပ်စု၊ ဆင်ဖြူစိပ်အုပ်စု၊ ကံပေါက်အုပ်စု၊ ကြက်သွန်ခင်းအုပ်စု၊ ကွင်းကြီးအုပ်စု၊ တည်တောအုပ်စုရှိ စိုက်ပျိုးမြေဧက(၂၈၀၀၀)ခန့်ကို မဲဇာမြစ်ရေ ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ရန်ရည်ရွယ်၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပါကြောင်း။

သို့သော်လည်း မိုးနှောင်းကာလ ဆောင်းသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန် တာတမံအတွင်း ပိတ်မိနေသောရေများကို ထုတ်နုတ်လျှော့ချရန်အတွက် တာတမံအစိတ်အပိုင်းအချို့ကို ချိုးဖောက်သောအလေ့အထ ရှိခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်မှုကြောင့် မိုးရာသီမြစ်ရေကြီးချိန်တွင် ရေဝင်ရောက်၍ လယ်မြေများ ရေနစ်မြုပ်ခဲ့ရခြင်းဖြစ်ပါကြောင်း၊ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် မဲဇာတာကျိုးပေါက်မှု အလျားပေ(၇၀၀)ခန့်ကို ဆည်မြောင်းဦးစီးဌာနက ပြုပြင်ဆောင်ရွက်ပေးခဲ့ရပါကြောင်း။

ယခုနှစ် ကွင်းဆင်းလေ့လာ တိုင်းတာချက်များအရ တာတမံကျိုးပေါက်မှု(၁၅)နေရာရှိခဲ့ပါကြောင်း၊ ယခင်မူလက မဲဇာတာတည်ဆောက်ခဲ့ရာတွင် ရေဘေးကာကွယ်ရေးအတွက်သာ ရည်ရွယ်တည်ဆောက်ခဲ့သဖြင့် ရေတံခါးများ တပ်ဆင်ခဲ့ခြင်းမရှိခဲ့ပါကြောင်း၊ မိုးတွင်းကာလ မဲဇာမြစ်ရေကြီးချိန်တွင် ရေများ တာအတွင်းသို့ မဝင်ရောက်စေရန်ကာကွယ်ပြီး မိုးနှောင်းကာလ ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် တာတမံအတွင်း ပိတ်မိနေသောရေများကို လိုအပ်သလို ထိန်းညှိထုတ်နုတ်ပေးနိုင်ရန်အတွက် ရေတံခါး (၇)ခုခန့် တပ်ဆင်ပေးရန် လိုအပ်သည်ကို လေ့လာတွေ့ရှိရပါကြောင်း။

**ထို့ကြောင့် မဲဇာတာတမံ၏ ကျိုးပေါက်သွားသော တာကျိုးပေါက်(၁၅)နေရာ ပြန်လည်ပိတ်ဆို့ခြင်း၊ တာတမံတောင့်တင်းခိုင်မာအောင် ဆောင်ရွက်ခြင်း၊ ရေတံခါးများ တည်ဆောက်ပေးခြင်းလုပ်ငန်းများကို အသေးစိတ် ကွင်းဆင်းတိုင်းတာ၍ ဒီဇိုင်းပုံစံများ ရေးဆွဲပြီး လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရသို့ ရန်ပုံငွေတင်ပြတောင်းခံသွားမည် ဖြစ်ပါကြောင်း၊ ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆောင်ရွက်ပြီးစီးပါက တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဒေသခံတောင်သူများထံ စနစ်တကျလွှဲအပ်၍ တာတမံ၊ ရေတံခါးများကို ထိန်းသိမ်းစောင့်ရှောက်သွားစေမည် ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင်၏ **မြို့ငယ်များပါမကျန် နိုင်ငံတစ်ဝန်းလုံးသို့ နိုင်ငံတကာ ဈေးကွက်ဝင်ပြီး စားသုံးမှုနှင့် အထွက်နှုန်းပါကောင်းမွန်သော မျိုးစပါးများ ထုတ်လုပ်ပေးနိုင်ရေး၊ ဖြန့်ဖြူးပေးနိုင်ရေး အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မျိုးသန့်ထုတ်လုပ်ရေးကို ဝန်ကြီးဌာနပိုင်ခြံများနှင့် သုတေသနဌာနများတွင် စပ်မျိုးများ ထုတ်လုပ်ခြင်းနှင့် ဈေးကွက်ကိုက်ညီပြီး အထွက်နှုန်းကောင်းသော၊ မျိုးခံ၍ရသောမျိုးများ Open Pollinated Variety (OPV) ကို ထုတ်လုပ်လျက်ရှိပါကြောင်း၊ မျိုးကောင်းမျိုးသန့် ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သောပညာရှင်များကိုလည်း မွေးထုတ်ပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်သမ္မတကိုယ်တိုင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ကွင်းသို့ ကွင်းဆင်းစစ်ဆေးပြီး အောင်မြင်မှုများအပေါ် အခြေခံ၍ ပြည်ထောင်စုအစိုးရအဖွဲ့က တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ ဧက(၁၀၀)စီ မျိုးစေ့ထုတ်စိုက်ပျိုးရန် ညွှန်ကြားထားခဲ့ပြီး ဖြစ်ပါကြောင်း။

**တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဒေသနှင့်ကိုက်ညီသောမျိုးများကို မျိုးသန့်ထုတ်လုပ်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နည်းပညာများ ကူညီဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ မိမိတို့ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ရေးကို မြို့နယ်အလိုက်၊ ကျေးရွာအလိုက် မျိုးသန့်စံပြရွာများတည်ထောင်ပြီး လုပ်ငန်းရှင်များက ပါဝင်ပူးပေါင်းရင်းနှီးဆောင်ရွက်ရန်နှင့် စနစ်တကျ မျိုးစေ့ထုတ်လုပ်သန့်စင်ထားသော မျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းတိုးတက်စေပြီး လယ်သမားများ၏လူနေမှုဘဝ တိုးတက်လာမည်ဖြစ်ပါကြောင်း**ဖြင့်ဖြေကြားသည်။

ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးအောင်သန့်၏ **လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်နေမှုများအပေါ် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည့် လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များနှင့် အလားအလာကောင်းများအခြေအနေကို သိရှိလိုကြောင်း မေးခွန်းနှင့် စည်းကမ်းနှင့် မညီသော မြေလွတ်၊ မြေရိုင်း ရယူထားသူများအား မည်ကဲ့သို့ စိစစ်ဆောင်ရွက်ပြီး နိုင်ငံတော်အကျိုးရှိစေရန် မည်သို့အရေးယူဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုကြောင်း** မေးခွန်းများနှင့်စပ်လျဉ်း၍ အာဆီယံအဖွဲ့ဝင်(၉)နိုင်ငံနှင့် လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မူဘောင်များချမှတ်ခြင်း၊ တိုးတက်မှုအခြေအနေများအား သုံးသပ်ဆန်းစစ်ခြင်း၊ အနာဂတ်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များအတွက် ညှိနှိုင်းခြင်းများအား ၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေးအသိုက်အဝန်း ပေါ်ပေါက်လာရေးကို ဦးတည်လျက် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယင်းပူးပေါင်းဆောင်ရွက်မှုကို အာဆီယံစီးပွားရေးအသိုက်အဝန်း ပေါ်ပေါက်လာသည်အထိ ဆက်လက်ဆောင်ရွက်နေမည် ဖြစ်ပါကြောင်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်း ပေါ်ပေါက်လာပါက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာရုံသာမက စားနပ်ရိက္ခာဖူလုံမှုနှင့် ဘေးအန္တရာယ်ကင်းရှင်းမှု၊ ကုန်သွယ်ရေး လွယ်ကူချောမွေ့မှု အကျိုးကျေးဇူးများ ရှိလာမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အာဆီယံ၏လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအောက်တွင် အပေါင်းသုံးနိုင်ငံဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယား နိုင်ငံများနှင့်လည်း လယ်ယာကဏ္ဍဆိုင်ရာနည်းပညာများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိရာ လယ်ယာကဏ္ဍထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုလျက် ရှိပါကြောင်း။

မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးတွင် အဖွဲ့ဝင်(၆)နိုင်ငံအကြား လယ်ယာကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအတွက် စိုက်ပျိုးရေးလုပ်ငန်းအဖွဲ့၏ ညှိနှိုင်းရေးတာဝန်ခံ (Focal) အဖြစ် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပြီး ယင်းပူးပေါင်းဆောင်ရွက်ရေးအောက်တွင် ၂၀၀၆ ခုနှစ်မှ ၂၀၁၁ခုနှစ်အထိ စိုက်ပျိုးရေး အထောက်အကူပြုအစီအစဉ်(အဆင့်-၁)(၂၀၀၆-၂၀၁၀)ကို ပါဝင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဦးဆောင်နိုင်ငံအဖြစ် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးသတင်းအချက်အလက် ကွန်ရက်လုပ်ငန်း စာမျက်နှာတွင် မိမိတို့၏လယ်ယာကဏ္ဍဆိုင်ရာ အချက်အလက်များကို တင်ပြဖော်ပြပေးနိုင်ခဲ့ခြင်း၊ GMS ဒေသတွင်း ဇီဝလောင်စာများနှင့် ကျေးလက်ဒေသ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုင်ရာ မူဝါဒရေးဆွဲရေးအတွက် မြန်မာနိုင်ငံ၏ဇီဝလောင်စာများနှင့် ကျေးလက်ဒေသ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ စိစစ်သုံးသပ်မှု ပြုလုပ်နိုင်ခဲ့ခြင်း၊ နယ်စပ်ကုန်သွယ်မှုနှင့် လယ်ယာကဏ္ဍရင်းနှီးမြှုပ်နှံမှုချောမွေ့ရေးအတွက် ရည်ရွယ်သည့် အပင်နှင့်အပင်ထွက်ကုန်များ၏ ပိုးမွှားရောဂါကာကွယ်ရေးဆိုင်ရာဆွေးနွေးပွဲများ၊ သင်တန်းများသို့ တက်ရောက်ခွင့်ရရှိခြင်း စသည့်အကျိုးကျေးဇူးများ ရရှိခဲ့ပါကြောင်း၊ စိုက်ပျိုးရေး အထောက်အကူပြုအစီအစဉ် (အဆင့် -၂)ကို ၂၀၁၁ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ယင်းအစီအစဉ်အောက်တွင် ဆောင်ရွက်မည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းများ၊ ဆွေးနွေးပွဲများသို့ ပါဝင်တက်ရောက်ခွင့် ရရှိမည်ဖြစ်ပါကြောင်း။

ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာတွင်လည်း လယ်ယာကဏ္ဍပူးပေါင်းဆောင်ရွက်မှုအတွက် ဦးဆောင်နိုင်ငံအဖြစ် မြန်မာနိုင်ငံက တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း။

**နှစ်နိုင်ငံချင်းပူးပေါင်းဆောင်ရွက်မှုများအနေဖြင့် တရုတ်၊ အိန္ဒိယ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရချင်း နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိပါကြောင်း၊ ဗီယက်နမ်နိုင်ငံကုမ္ပဏီများနှင့် ရင်းနှီးမြှုပ်နှံမှုများ၊ စပ်မျိုးစပါး ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများအတွက် နားလည်မှုစာချွန်လွှာကိုလည်း လက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှေ့အလားအလာအနေဖြင့် မြန်မာ-အိန္ဒိယ ပူးပေါင်းဆောင်ရွက်မှုအရ ရေဆင်းတွင် စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးအဆင့်မြင့်ဌာနကို တည်ထောင်ရန် အစီအစဉ်ရှိပါကြောင်း။**

**ကုလသမဂ္ဂနှင့်အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့အစည်း (FAO)၊ အပြည်ပြည်ဆိုင်ရာဆန်စပါးသုတေသနဌာန(IRRI)၊ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေအဖွဲ့ (IFAD)၊ ကိုရီးယား အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(KOICA)၊ ထိုင်း အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့နှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် နည်းပညာအထောက်အကူများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။**

ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင်များ ရောက်ရှိရေးကိုလည်း FAO နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယင်းပန်းတိုင်များသို့ ရောက်ရှိချိန်တွင် လယ်ယာကဏ္ဍသာမက ကဏ္ဍအားလုံး ဖွံ့ဖြိုးတိုးတက်ပြီး ဆင်းရဲမှုများလည်း လျော့နည်းပပျောက်ကာ ကျေးလက်ပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်လာမည်ဖြစ်ပါကြောင်း။

**ဒုတိယမေးခွန်းနှင့် စပ်လျဉ်း၍** မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်ရယူမှုများအား စိစစ်ရာတွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ယခင်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ



ချမ်းမြသာစည် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင် မေးမြန်းစဉ်။

(သတင်းစဉ်)



ဝန်းသို မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးပိုင် မေးမြန်းစဉ်။

(သတင်းစဉ်)

စီမံခန့်ခွဲရေးဗဟိုအဖွဲ့နှင့် ဒေသအာဏာပိုင်တို့က ခွင့်ပြုပေးခဲ့သည့်ဧရိယာစုစုပေါင်း (၃၈ ဒသမ ၉၈)ဧက သိန်းအနက် အမှန်တကယ် ဖော်ထုတ်စိုက်ပျိုးအသုံးပြုပြီး ဧရိယာ (၉ ဒသမ ၈၆)ဧကသိန်းဖြစ်၍ စိုက်ပျိုးအသုံးပြုရန် ကျန်ဧရိယာ(၂၉ ဒသမ ၁၂) ဧကသိန်းဖြစ်သည်ကို စိစစ်တွေ့ရှိရပါကြောင်း။

**သို့ဖြစ်၍ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းပြီးပါက မြေယာလုပ်ပိုင်ခွင့် ကြိုတင်လက်ဦးမှုရယူကာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီအနေဖြင့် စိုက်ပျိုးထားမှု ရှိ/ မရှိ စိစစ်၍ အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်အသုံးပြုမည့်သူများသို့ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပေးသွားနိုင်မည် ဖြစ်ပါကြောင်း**ဖြင့် ပြန်လည်ဖြေကြားသည်။

အလားတူ လွှတ်တော်ကိုယ်စားလှယ်(၂)ဦး၏ ပညာရေးဆိုင်ရာမေးခွန်း (၂)ခုနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ပြန်လည်ဖြေကြားသည်။

ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင်၏ **၁၉၈၄ ခုနှစ် ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းဥပဒေအား ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်ရန်(သို့) ယခုကျင့်သုံးလျက်ရှိသော ယာယီကျင့်သုံးရန်မူဖြင့် သတ်မှတ်ထားသော အချက်အလက်များအပါအဝင် လိုအပ်ချက်များအား အစားထိုးပြင်ဆင်ပြဋ္ဌာန်းရန် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ၁၉၈၄ ခုနှစ် ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းဥပဒေအား ယာယီကျင့်သုံးရန်မူဖြင့် သတ်မှတ်ပေးထားသော အချက်များအတိုင်း လိုက်နာဆောင်ရွက်နိုင်ရန် ကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**၂၀၁၁ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်-၁၄ အရ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကို ထုတ်ပြန်ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း၊ အဆိုပါ ဥပဒေနှင့် သက်ဆိုင်သည့် နည်းဥပဒေနှင့် အမိန့်၊ ညွှန်ကြားချက်များ ဆက်လက်ထုတ်ပြန်နိုင်ရန် ရေးဆွဲပြုစု၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ ဥပဒေအရ ကိုယ်ပိုင်ကျောင်းဖွင့်လှစ်မှုများကို စနစ်တကျ ကြပ်မတ်ဆောင်ရွက်နိုင်မှသာ လက်ရှိဘာသာရပ်သင် ကိုယ်ပိုင်ကျောင်းဥပဒေကို ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေနှင့် ချိတ်ဆက်၍ ပြန်လည်ပြုပြင်ရေးဆွဲဆောင်ရွက်ရန် ရှိမည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

ရွှေကူမဲဆန္ဒနယ်မှ ဦးဝင်းနိုင်၏ **မူလတန်းကျောင်းများတွင် အထွေထွေလုပ်သားများ လိုအပ်လျက်ရှိပါသဖြင့် ဖြည့်စွက်ခန့်ထားရန် အစီအစဉ် ရှိ/မရှိနှင့် အလယ်တန်း/ အထက်တန်းကျောင်းများတွင် လိုအပ်သော စာရေးနှင့်အခြားဝန်ထမ်းများ ခန့်ထားရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ မူလတန်းကျောင်းများတွင် မူလတန်းကျောင်းအုပ်(၁)ဦး၊ မူလတန်းသင်ဆရာများနှင့် အထွေထွေလုပ်သား(၁)ဦးနှုန်း ခန့်ထားခွင့်ပြုထားပါကြောင်း၊ အလယ်တန်းနှင့်အထက်တန်းကျောင်းများတွင် အကြီးတန်းစာရေး၊ အငယ်တန်းစာရေးနှင့် အောက်ခြေဝန်ထမ်းများကို ခန့်ထားခွင့်ပြုထားပါကြောင်း။

သက်ဆိုင်ရာဌာနအလိုက် ဝန်ထမ်းဦးရေ၏သုံးပုံနှစ်ပုံထက် ကျော်လွန်ခန့်ထားရန်ရှိပါက သက်ဆိုင်ရာဌာနအဆင့်ဆင့်သို့ တင်ပြပြီး ခွင့်ပြုချက်တောင်းခံရမည်ဖြစ်ပါ၍ အခြေခံပညာအထက်တန်းကျောင်းများတွင် လစ်လပ်နေသည့် စာရေးဝန်ထမ်းနှင့် အောက်ခြေဝန်ထမ်းရာထူးနေရာများကို ခန့်ထားနိုင်မှုမရှိသေးခြင်း ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ထို့အတူ လွှတ်တော်ကိုယ်စားလှယ်(၅)ဦး၏ ကျန်းမာရေးဆိုင်ရာ မေးခွန်း(၅)ခုနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြန်လည်ဖြေကြားသည်။

မက်မန်းမဲဆန္ဒနယ်မှ ဦးအိုက်ယွန်းမွန်း၏ **မက်မန်းမြို့နှင့် ဆွတ်ဝိုးကျေးရွာအုပ်စုရှိ ဆေးရုံတို့ကို ဆရာဝန်၊ သူနာပြု၊ ခွဲစိတ်ကိရိယာနှင့်ဆေးဝါးပစ္စည်းများ လုံလောက်မှုရှိစေရေး သက်ဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လက်ထောက်ဆရာဝန် (သစ်လွင်)များ အလုပ်ဝင်ရောက်သည့်အခါ မက်မန်းတိုက်နယ်ဆေးရုံတွင် တိုက်နယ်ဆရာဝန် (၁)ဦးအား အမြန်ခန့်ထားပေးမည်ဖြစ်ပါကြောင်း၊ မက်မန်းမြို့နယ် ပြည်သူ့ဆေးရုံ၌ အထက်တန်းသူနာပြု ခွင့်ပြု(၅)ဦးတွင် ခန့်ထား(၅)ဦးရှိပါကြောင်း၊ သူနာပြု ခွင့်ပြု(၁၀)ဦး၊ ခန့်ထား (၂)ဦး၊ လစ်လပ်(၈)ဦးရှိရာ သစ်လွင်သူနာပြု(၈)ဦးကို ကျန်းမာရေးဦးစီးဌာန၏ ၂၂-၁၂-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁၀ က/သပန-ခန့်/၂၀၁၁/၇၂၁ ဖြင့် ခန့်ထားပြီးဖြစ်ပါကြောင်း၊ ဆွတ်ဝိုးတိုက်နယ်ဆေးရုံတွင် လက်ရှိဖွဲ့စည်းပုံအရ သူနာပြု ခွင့်ပြု(၂)ဦး၊ ခန့်ထား(၂)ဦးနှင့် သားဖွားဆရာမ ခွင့်ပြု(၂)ဦး၊ ခန့်ထား(၂)ဦး ရှိပါကြောင်း။

မက်မန်းမြို့နယ် ပြည်သူ့ဆေးရုံအတွက် Auto Clave (Table Top)(၁)ခုကို ၂၀၀၉ ခုနှစ် ဇွန်လတွင် လည်းကောင်း၊ Suction Machine (၁)ခုကို ၆-၁၀-၂၀၀၉ ရက်တွင်လည်းကောင်း၊ Ceiling Lamp (၁)ခုကို ၁၂-၅-၂၀၁၀ ရက်တွင်လည်းကောင်း၊ Air Sep (၁)ခုကို ၄-၂-၂၀၁၁ ရက်တွင် လည်းကောင်း၊ ဆွတ်ဝိုးတိုက်နယ် ဆေးရုံအတွက် Labour Bed, Examination Bed, Medicine Trolley (၁)ခုစီကို ၂၀၁၁ ခုနှစ် ဇွန်လတွင်လည်းကောင်း ကျန်းမာရေးဦးစီးဌာန ဗဟိုဆေးသိုလှောင်ရေးဌာနက ထောက်ပံ့ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

**ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မက်မန်းမြို့နယ်ပြည်သူ့ဆေးရုံနှင့် ဆွတ်ဝိုးတိုက်နယ်ဆေးရုံတို့တွင် ခွဲစိတ်ကိရိယာနှင့် ဆေးဝါးပစ္စည်းများ လုံလောက်မှုရှိစေရေးအတွက် ဆေးရုံသုံးပစ္စည်းများတောင်းခံခြင်းအပေါ် လုပ်ငန်းလိုအပ်ချက်နှင့်အညီ ဦးစားပေးအစီအစဉ်အတိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ လိုအပ်သော ဆေးရုံပစ္စည်းများတောင်းခံခြင်းအတွက် သတ်မှတ်ပုံစံတွင် ပြည့်စုံစွာဖြည့်စွက်လျက် မြို့နယ်ကျန်းမာရေးဦးစီးဌာနကတင်ပြပြီး ရှမ်းပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးက ထပ်ဆင့်ထောက်ခံချက်ဖြင့် တောင်းခံလာပါက ဦးစားပေးအစီအစဉ်အတိုင်း စိစစ်ထောက်ပံ့ပေးလျက်ရှိပါကြောင်း**ဖြင့် ဖြေကြားသည်။

အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး၏ **မြန်မာနိုင်ငံမှ M.B., B.S. ဆရာဝန်ဘွဲ့ရရှိသူများအား နိုင်ငံတော်က အလုပ်ခန့်ထားနိုင်ခြင်းမရှိသေးမီ မိမိတို့နှစ်သက်ရာ ဘာသာရပ်အလိုက် Master တန်း တက်လိုသည့် ဆရာဝန်များအား Master ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံမှ M.B.,B.S. ဘွဲ့ရရှိထားပြီး ဆရာဝန်များအား နိုင်ငံတော်က အလုပ်ခန့်ထားနိုင်ခြင်းမရှိသေးမီ ဆေးတက္ကသိုလ်အသီးသီးရှိ ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းများသို့ ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်ပေးရန် ယခုလောလောဆယ်အနေဖြင့် အစီအစဉ်မရှိသေးပါကြောင်း၊ **ပြင်ပဆရာဝန်များအတွက် ရည်ရွယ်၍ မိသားစုကျန်းမာရေးစောင့်ရှောက်မှုဆေးပညာဒီပလိုမာ Dip. Med.Sc(Family Medicine) သင်တန်းဖွင့်လှစ်ထားရှိပါကြောင်းနှင့် ဝင်ခွင့်စာမေးပွဲဖြေဆိုပြီး အောင်မြင်ပါက တက်ရောက်နိုင်ပါကြောင်း**ဖြင့် ဖြေကြားသည်။

ပုလောမဲဆန္ဒနယ်မှ ဦးမောင်လှ(ခ)ဦးလှမြင့်၏ **တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ပလောက်မြို့နယ်ခွဲ တိုက်နယ်ဆေးရုံနှင့် ပလတိုက်နယ်ဆေးရုံတို့တွင် ဓာတ်မှန်များရှိကြပြီး ဓာတ်မှန်ကျွမ်းကျင်ဝန်ထမ်းများမရှိကြပါကြောင်း၊ ကျောက္ကာတိုက်နယ်ဆေးရုံနှင့် မလိတိုက်နယ်ဆေးရုံ၊ ပြင်ဘုကြီးတိုက်နယ်ဆေးရုံတို့တွင် ဓာတ်မှန်များမရှိပါကြောင်း၊ သို့ဖြစ်၍ ဓာတ်မှန်များတပ်ဆင်ပေးရန်နှင့် ဓာတ်မှန်ကျွမ်းကျင်ဝန်ထမ်းများ ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိသိရှိလိုကြောင်း**မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆေးရုံများတွင် ဆေးရုံသုံးပစ္စည်းများတောင်းခံခြင်းအား လုပ်ငန်းလိုအပ်ချက်နှင့်အညီ ဦးစားပေးအစီအစဉ်အတိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ လိုအပ်သောဆေးရုံပစ္စည်းများ တောင်းခံခြင်းအတွက် သတ်မှတ်ပုံစံတွင် ပြည့်စုံစွာဖြည့်စွက်လျက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက တင်ပြပြီး တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးက ထပ်ဆင့်ထောက်ခံချက်ဖြင့် တောင်းခံလာပါက ဦးစားပေး အစီအစဉ်အတိုင်း စိစစ်ထောက်ပံ့ပေးလျက်ရှိပါကြောင်း။

**ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တိုက်နယ်ဆေးရုံအများစုတွင် ဓာတ်မှန်စက်တပ်ဆင်ထားခြင်းမရှိသည့်အတွက် တိုက်နယ်ဆေးရုံဖွဲ့စည်းပုံတွင် ဓာတ်မှန်ကျွမ်းကျင်ဝန်ထမ်းများ ခွင့်ပြုထားခြင်းမရှိပါကြောင်းနှင့် အဆိုပါဆေးရုံမှ သင့်လျော်သောဝန်ထမ်းအား တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူး၏ အစီအစဉ်ဖြင့် ဓာတ်မှန်ရိုက်သင်တန်းပေးပြီး တာဝန်ပေးနိုင်မည် ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင်၏ **မြစ်သားမြို့ ပြည်သူ့ဆေးရုံအား ပြင်ဆင်မွမ်းမံခြင်း၊ လိုအပ်သောအဆောက်အအုံများ တိုးချဲ့ခြင်းနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးခြင်းတို့အား မည်ကဲ့သို့စီမံထားရှိသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ခုတင်(၅၀)ဆံ့ ဆေးရုံအား ပြင်ဆင်မွမ်းမံခြင်း၊ လိုအပ်သောအဆောက်အအုံများတိုးချဲ့ခြင်းနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက ဦးစားပေးအစီအစဉ်အတိုင်း နိုင်ငံတော်၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး၏ **မုံရွာပြည်သူ့ဆေးရုံ ခုတင်(၂၀၀)အား ပြည်သူ့ဆေးရုံ ခုတင် (၃၀၀)အထိ အဆင့်မြှင့်ပေးရန် နိုင်ငံတော်က အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာပြည်သူ့ဆေးရုံကြီး၏ လက်ရှိဖွဲ့စည်းပုံအား အထူးကုဘာသာရပ်(၁၇)မျိုးပါဝင်သော အထူးကုဆရာဝန်ကြီး (၁၇)ဦး၊ အထူးကုဆရာဝန်(၁၇)ဦးအပါအဝင် အရာထမ်းရာထူး (၁၀၆)နေရာ၊ အမှုထမ်းရာထူး(၄၈၈)နေရာ စုစုပေါင်းဝန်ထမ်းရာထူး(၅၉၄)နေရာပါဝင်သည့် ခုတင် (၂၀၀)ဆံ့ စံကိုက်ဖွဲ့စည်းပုံသို့ ပြင်ဆင်ဖွင့်လှစ်ရန် ကျန်းမာရေးဦးစီးဌာန၏ ၁၀-၁-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ကမဘ/ယ-၁၀၁၀/၉ ဖြင့် ခွင့်ပြုမိန့်ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

**ဥပဒေကြမ်းဆွေးနွေးအတည်ပြုခြင်းကဏ္ဍတွင်** ဇန်နဝါရီ ၂၇ ရက်က အပိုဒ် ၂၄ အထိဆွေးနွေးအတည်ပြုခဲ့ပြီးဖြစ်သည့် **“မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေကြမ်း”**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ✻

✻ **စာမျက်နှာ ၄ မှ**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် လွှတ်တော်ကိုယ်စားလှယ်များက ကျန်ရှိသည့်အပိုဒ်၊ အပိုဒ်ခွဲအလိုက်ပြင်ဆင်ချက်များအား ဆက်လက်ဆွေးနွေးကြပြီး လွှတ်တော်၏အဆုံးအဖြတ်ရယူဆောင်ရွက်သည်။

**အပိုဒ် ၂၅(က၊ ခ၊ ဂ)**တို့နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ဥပဒေကြမ်းကော်မတီတို့၏ ပြင်ဆင်ချက်အဆိုအတိုင်း အတည်ပြုကြောင်းနှင့် **အပိုဒ် ၃၀** နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ထို့ပြင် အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုသည့် အခန်း(၁)ခေါင်းစဉ်၊ အပိုဒ် ၁၊ အပိုဒ် ၂ အပိုဒ်ခွဲ (က၊ ဂ၊ ဃ၊ င၊ စ၊ ဠ၊ ဍ)၊ အခန်း (၂)ခေါင်းစဉ်၊ အခန်း(၃)ခေါင်းစဉ်၊ အပိုဒ် ၄၊ အပိုဒ် ၅ အပိုဒ်ခွဲ(က၊ ခ၊ ဂ၊ ဃ)၊ အပိုဒ် ၆ အပိုဒ်ခွဲ(က၊ ခ)၊ အပိုဒ် ၇၊ ၈၊ ၉၊ အခန်း(၄) ခေါင်းစဉ်၊ အပိုဒ် ၁၀ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂)၊ အပိုဒ် ၁၀ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ် (၁၊ ၂၊ ၃)၊ အပိုဒ် ၁၁ အပိုဒ်ခွဲ(က၊ ခ၊ ဂ)၊ အခန်း(၅)ခေါင်းစဉ်၊ အပိုဒ် ၁၅ အပိုဒ်ခွဲ(ခ)၊ အခန်း(၆) ခေါင်းစဉ်၊ အပိုဒ် ၁၆၊ အပိုဒ်ခွဲ(က၊ ဃ)၊ အခန်း(၇)ခေါင်းစဉ်၊ အပိုဒ် ၂၂ အပိုဒ်ခွဲ(က၊ ဃ)၊ အခန်း(၈) ခေါင်းစဉ်၊ အပိုဒ် ၂၃၊ အခန်း(၉) ခေါင်းစဉ်၊ အပိုဒ် ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ အခန်း(၁၀)ခေါင်းစဉ်နှင့် အပိုဒ် ၃၁၊ ၃၂၊ ၃၃၊ ၃၄ တို့ကို ဝန်ကြီးဌာန၏အဆိုပြုချက်အတိုင်း ဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း၊ ဥပဒေကြမ်းပါ ခေါင်းစဉ်နှင့်နိဒါန်းသည် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်းနှင့် **မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကြမ်း** တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း လွှတ်တော်က သဘောတူ အတည်ပြု ဆုံးဖြတ်ကြောင်းသိရသည်။

**အစီရင်ခံစာများ ဆွေးနွေးအတည်ပြုခြင်းကဏ္ဍ**တွင် ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏အစီရင်ခံစာကို ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင်၊ သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း၊ ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း၊ ကသာမဲဆန္ဒနယ်မှ ဦးမိုးဇော်ဟိန်းနှင့် ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင်တို့က ပြည်သူ့ငွေစာရင်းကော်မတီ၏သုံးသပ်ချက်သည် မှန်ကန်ပါကြောင်းနှင့် လိုအပ်သည့်ဥပဒေပြုမှုများကို ပြည်ထောင်စုလွှတ်တော်က ပြုလုပ်ပေးသင့်ပါကြောင်းနှင့် အစီရင်ခံစာကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးကြပြီး ယင်းအစီရင်ခံစာကို လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မှာကြားရာတွင် လွှတ်တော်ရုံးနှင့် သက်ဆိုင်ရာကော်မတီတို့က ပြည်သူ့ငွေစာရင်းကော်မတီ၏အစီရင်ခံစာနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်အပေါ် ခြုံငုံမိအောင်၊ တစ်နည်းအားဖြင့် Complete and Comprehensive ဖြစ်အောင်ရေးသား၍ သဝဏ်လွှာမူကြမ်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရန်နှင့် ယခုဆွေးနွေးသည့် ဆွေးနွေးချက်များကို ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာနှင့်အတူ ပူးတွဲတင်ပြရန်ဖြစ်ကြောင်း။

ထို့ပြင် ယနေ့အစည်းအဝေးသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးလည်း တက်ရောက်လာသည့်အတွက် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို မှတ်သားကာ သက်ဆိုင်ရာတာဝန်ရှိသူများအား အသိပေးရန် လိုအပ်ကြောင်း။

**ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒများကို ဖော်ဆောင်သည့်နေရာတွင် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များကလည်း အရည်အသွေးအရှိဆုံး၊ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို အလိုလားဆုံး လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည်ကို ယနေ့ဆွေးနွေးသုံးသပ်ချက်များအရ အသိအမှတ်ပြုရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်အနေဖြင့် လွှတ်တော်၏အဓိကတာဝန်များကို ထမ်းဆောင်ရန်ဖြစ်ပြီး ထမ်းဆောင်သည့်နေရာတွင် မိမိတို့ တတိယပုံမှန်အစည်းအဝေးအစ၌ တင်ပြခဲ့သည့်နည်းတူ မိမိတာဝန်ကျေပွန်ရန်၊ ဂုဏ်ယူရန်နှင့် ပြည်သူနှင့်နိုင်ငံအပေါ်တွင် သစ္စာရှိရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဆက်လက်ဆောင်ရွက်သည့်နေရာတွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့လွှတ်တော်တာဝန်ကို ကျေပွန်နိုင်ရေးအတွက် ဆောင်ရွက်ရမည့်ကိစ္စများကို အားသွန်ခွန်စိုက် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။**

အလားတူ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာကို ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့နှင့် ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖရန်းစစ္စကိုတို့က လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာသည် လုပ်ငန်းတာဝန်များ၊ ဆောင်ရွက်ချက်များ၊ နိုင်ငံတကာလွှတ်တော်လေ့လာမှုများကို ပြည့်စုံစွာရေးသားထားသည့်အတွက် အလေးအနက်ထောက်ခံပါကြောင်းဖြင့်ဆွေးနွေးကြပြီး ယင်းအစီရင်ခံစာကို လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

ထို့အတူ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏အစီရင်ခံစာကို အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့်၊ လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်းနှင့် ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန်တို့က ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ ကတိကဝတ်ပြုထားမှုအပေါ် မည်သည့်အတိုင်းအတာအထိ ဆောင်ရွက်ပေးမည်ဆိုသည်ကို ဆက်လက်လေ့လာ၍ ပြည်သူ့လွှတ်တော်သို့တင်ပြရန်နှင့်အစီရင်ခံစာကို ထောက်ခံပါကြောင်းဖြင့်ဆွေးနွေးကြပြီး ယင်းအစီရင်ခံစာကို လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

**အဆိုဆွေးနွေးခြင်းကဏ္ဍ**တွင် ဇန်နဝါရီ ၂၆ ရက်က တင်သွင်းခဲ့သည့် တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း၏ **"စက်မှုကုန်ထုတ်လုပ်ငန်းများတွင် ကုန်ကြမ်းသွင်းကုန်နှင့် ကုန်ချောသွင်းကုန်တို့ကို ကုန်သွယ်လုပ်ငန်းခွန်နှုန်းထား တစ်ပြေးညီနေခြင်းကိုပြင်ဆင်ပြီး ကုန်ကြမ်းသွင်းကုန်အား အခွန်သက်သာခွင့်ပေးသင့်ပါကြောင်းကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီရေးဆွဲ၍ ပြဋ္ဌာန်းအကောင်အထည်ဖော်သင့်ပါကြောင်း"**အဆိုကို ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ၊ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးနှင့် လှိုင်သာယာမဲဆန္ဒနယ်မှ ဦးညဏ်ဝင်းတို့က ကုန်ချောသွင်းကုန်များအပေါ် ကုန်သွယ်လုပ်ငန်းခွန် ပိုမိုတိုးမြှင့်ကောက်ခံပြီး ကုန်ကြမ်းသွင်းကုန်များအပေါ် အခွန်လျှော့ပေါ့ကောက်ခံခြင်းသည် ပြည်တွင်းထုတ်လုပ်မှုကို တိုးတက်စေ၍ သွင်းကုန်အစားထိုးလုပ်ငန်းကို အားပေးရာရောက်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်စေပါကြောင်းနှင့်အဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အခွန်စနစ်တစ်ခုရှင်းလင်းလွယ်ကူအောင် ဆောင်ရွက်ရာတွင် အခွန်ခုနှိမ်သောစနစ် ကျယ်ပြန့်လွယ်ကူစွာ ကျင့်သုံးနိုင်ရေးသည် အခွန်နှုန်းကို အတတ်နိုင်ဆုံး တစ်ခုတည်းဖြစ်အောင် သတ်မှတ်ပေးထားပြီး ကုန်စည်တစ်ခုအနေဖြင့် အသုံးပြုသူအပေါ်မူတည်၍ ကုန်ကြမ်းနှင့်ကုန်ချောကွဲပြားခြင်းဖြစ်သည့်အတွက် ကုန်စည်တစ်ခုကို ကုန်ကြမ်းနှင့်ကုန်ချောဟု ပုံသေသတ်မှတ်၍မရသည်ကို တွေ့ရပါကြောင်း၊ သာဓကအားဖြင့် ပလတ်စတစ်ကုန်စည်များ ထုတ်လုပ်ရေးလုပ်ငန်းက ထုတ်လုပ်သည့် ပလတ်စတစ်ပုလင်းများသည် အဆိုပါလုပ်ငန်း၏ ကုန်ချောဖြစ်သော်လည်း အချိုရည်ထုတ်လုပ်သည့်လုပ်ငန်းအတွက် အချိုရည်ထည့်ရန် အသုံးပြုရသည့်အတွက် ကုန်ကြမ်းဖြစ်နေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ မည်သည့်ကုန်စည်သည်ကုန်ကြမ်း၊ မည်သည့်ကုန်စည်သည် ကုန်ချောဆိုသည်ကို ပိုင်းခြားသတ်မှတ်ရန်ခက်ခဲသည့် ကိစ္စရပ်များလည်းရှိမည် ဖြစ်ပါကြောင်း။

**ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲဇယား ၁ မှ ဇယား ၆ အထိ၌ဖော်ပြပါရှိသည့် ကုန်စည်တစ်မျိုးမျိုးကို ပြည်ပမှတင်သွင်းပါက ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင်လည်းကောင်း၊ နိုင်ငံအတွင်းထုတ်လုပ်သည့် ကုန်စည်ဖြစ်လျှင် ရောင်းရငွေအပေါ်တွင်လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန်ကျသင့်ပါကြောင်း၊ သွားတိုက်ဆေးထုတ်လုပ်မှုလုပ်ငန်းအတွက် သွားတိုက်ဆေးဘူးခွံများ တင်သွင်းခြင်းအတွက် (၅)ရာခိုင်နှုန်းသာ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်ပြီး သွားတိုက်ဆေးများ ပြည်ပမှတင်သွင်းပါက(၁၀) ရာခိုင်နှုန်း ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့်အတွက် ကုန်ကြမ်းသွင်းကုန်နှင့် ကုန်ချောသွင်းကုန်တို့ကို တစ်ပြေးညီကောက်ခံနေခြင်းမဟုတ်သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။**

စက်မှုဇုန်များရှိ တိုင်းရင်းသားပိုင်သွင်းကုန်အစားထိုးကုန်စည်များ ထုတ်လုပ်ရောင်းချသည့်လုပ်ငန်းများအတွက် ပြည်တွင်းဈေးကွက်တွင် ပြည်ပသွင်းကုန်ပစ္စည်းများနှင့် ယှဉ်ပြိုင်ရောင်းချနိုင်အောင် ကျသင့်အခွန်နှုန်း၏ (၂၀)ရာခိုင်နှုန်းဖြင့်



ပ ညာ ရေး ဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦး အေး ကြူ မေး မြန်း ချက် များကို ပြန် လည် ဖြေကြား စဉ်။

(သတင်းစဉ်)

စည်းကြပ်ကောက်ခံရန် အခွန်သက်သာခွင့်ပြုသည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ ယင်းအမိန့်ကြော်ငြာစာအရ(၂၀)ရာခိုင်နှုန်း အခွန်ကျသင့်သည့် ကုန်စည်အတွက်(၄)ရာခိုင်နှုန်းသာ အခွန်ထမ်းဆောင်ရမည် ဖြစ်ပါကြောင်း၊ ၁၉၉၉ ခုနှစ်မှ စတင်သက်သာ ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး နှစ်စဉ်အမိန့်ကြော်ငြာစာကိုလည်း သက်တမ်းတိုးမြှင့်ခွင့်ပြုခဲ့ပါကြောင်း၊ ယခု ၂၀၁၂ ခုနှစ်အထိဆိုလျှင် (၁၂)နှစ်ရှိပြီ ဖြစ်ပါကြောင်း။

တင်သွင်းလာသည့်ပစ္စည်းသည် ကုန်ချောဆိုလျှင် ကုန်ချောတန်ဖိုးဖြစ်ပြီး ကုန်ကြမ်းဆိုလျှင် ကုန်ကြမ်းတန်ဖိုးရှိမည်ဖြစ်သည့်အတွက် တန်ဖိုးပေါ်တွင်အခြေခံတွက်ချက်သော ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ပမာဏမတူနိုင်ပါကြောင်း၊ သာမန်အားဖြင့်ကြည့်လျှင် ကုန်ကြမ်းတင်သွင်းမှုနှင့် ကုန်ချောတင်သွင်းမှုအပေါ် အခွန်တူညီစွာပေးဆောင်ရသည်ဟု ထင်မြင်ရသည့်ကိစ္စရပ်များတွင် ကုန်ကြမ်းတင်သွင်းပြီး ထုတ်လုပ်သည့်လုပ်ငန်းများအနေဖြင့် ဈေးကွက်၌မယှဉ်နိုင်သယောင် ဖြစ်နေမည်ဖြစ်ပါကြောင်း၊ အမှန်မှာ အခွန်ကြောင့် မယှဉ်နိုင်ခြင်းမဟုတ်ဘဲ မိမိ၏ထုတ်လုပ်မှုကုန်ကျစရိတ်ကို နည်းပညာအသုံးချပြီး သက်သာအောင်ဆောင်ရွက်ခြင်း၊ သွင်းကုန်ပစ္စည်းနှင့် အရည်အသွေးယှဉ်နိုင်အောင် ထုတ်လုပ်ခြင်းဖြင့်သာ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်အောင်ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

**ထို့ပြင် ဖြစ်ရိုးဖြစ်စဉ်မဟုတ်သည့်ကုန်ကြမ်းတင်သွင်းမှုအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်က ကုန်ချောတင်သွင်းမှုအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ထက် ပိုမိုနေသည့် ကုန်စည်အချို့ရှိနေခြင်း၊ ကုန်စည်များ၏ အသုံးဝင်မှုပုံသဏ္ဌာန်အမျိုးမျိုးပြောင်းလဲနေခြင်း၊ နိုင်ငံတကာတွင်ကျင့်သုံးနေသည့် Value Added Tax(VAT)၊ Goods and Services Tax(GST) အစရှိသည့် ထိရောက်ထက်မြက်လွယ်ကူသောအခွန်စနစ်သို့ ပြောင်းလဲကျင့်သုံးရန် လိုအပ်နေခြင်းတို့ကြောင့် လက်ရှိကုန်သွယ်လုပ်ငန်းခွန်နှုန်းများအစား ပြင်ဆင်ထားပြီးဖြစ်သည့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့်အညီ အခွန်နှုန်းထားများကို ပြင်ဆင်သတ်မှတ်ရန် ဆောင်ရွက်နေပြီဖြစ်သည့်အတွက် ကုန်သွယ်လုပ်ငန်းခွန်အနေဖြင့် နိုင်ငံတကာအခွန်စနစ်များနည်းတူ ရှင်းလင်းလွယ်ကူပြီး အခွန်တာဝန်ကို ဝန်ထုပ်ဝန်ပိုးကင်းစွာ ထမ်းဆောင်သွားနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။**

အဆိုရှင် ဦးအောင်သိန်းလင်းက ပြည်ထောင်စုဝန်ကြီး၏ ရှင်းလင်းတင်ပြချက်အပေါ် သဘောတူပါကြောင်းနှင့် ၎င်း၏အဆိုကို မှတ်တမ်းတင်ပေးစေလိုပါကြောင်းဖြင့် တင်ပြရာ လွှတ်တော်က မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

အလားတူ ဇန်နဝါရီ ၂၇ ရက်က တင်သွင်းခဲ့သော ကလေးမဲဆန္ဒနယ်မှ ဦးတင်လှိုင်၏ **"ချင်းပြည်နယ် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချင်းပြည်နယ်ရတနာဖြစ်သော နွားနောက်မျိုးကောင်းမျိုးသန့် မေထုန်မဲ့စနစ် (AI-Artificial Insemination)နည်းဖြင့် နွားနောက်တစ်အုပ်တစ်မ အထူးမွေးမြူရေး"** အဆိုကို မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်း၊ ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးညဏ်ဆွေဝင်း၊ လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ၊ တီးတိန်မဲဆန္ဒနယ်မှ ဦးပုမ်ခန့်အင်နှင့် အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည်(ခ) ဦးခိုင်မောင်ရည်တို့က ချင်းပြည်နယ်တွင် နွားနောက်မွေးမြူရေးလုပ်ငန်း ထိရောက်အောင်မြင်အောင်ဆောင်ရွက်နိုင်ရန် မွေးမြူရေးနည်းကို ရွေးချယ်ကျင့်သုံးနိုင်ရန် အထူးလိုအပ်ပါကြောင်း၊ အဆိုရှင်၏တင်ပြချက်များသည် လက်တွေ့ကျပြီး ဖြစ်နိုင်ဖွယ်ရာအချက်အလက်၊ အခွင့်အလမ်းများကို ပြည့်စုံစွာ တင်ပြထားခြင်းဖြစ်သည့်အတွက် နိုင်ငံတော်က အလေးထားအကောင်အထည်ဖော်သင့်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ချင်းပြည်နယ် နွားနောက်မွေးမြူရေးအတွက် မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ ၂၀၀၃ ခုနှစ် စက်တင်ဘာလမှစ၍ ယခုအချိန်ထိ မွေးမြူရေးချေးငွေကျပ်သိန်းပေါင်း(၃၁၀၀)ချေးပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုဆက်လက်၍ မွေးမြူရေးချေးငွေကျပ်သိန်း(၅၀၀၀)ထပ်မံရရှိနိုင်ရေး စီစဉ်ထားရှိပြီးဖြစ်ပါကြောင်း။

**နွားနောက်သည် အဆိုရှင်ဖော်ပြခဲ့သည့်အတိုင်း ပေ(၃၀၀၀)ကျော်ပြီး အေးမြသော ရာသီဥတုရှိသည့် ချင်းပြည်နယ်ကဲ့သို့ ဒေသရာသီဥတုကို နှစ်သက်သည့်တိရစ္ဆာန်ဖြစ်ရာ မြန်မာနိုင်ငံအနှံ့ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ရုံးစိုက်ရာ မြို့နယ်တိုင်းတွင် စံပြနွားနောက်မွေးမြူရေးခြံများ ထူထောင်ပညာပေးခြင်းဆောင်ရွက်ရန် ခက်ခဲမှုရှိပါကြောင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နွားနောက်စမ်းသပ်မွေးမြူနိုင်ရေးကို အစပျိုးဆောင်ရွက်ခဲ့ပါကြောင်း၊ လိုအပ်ချက်အနေအထားအရ ထူထောင်ခဲ့သော ကြက်၊ ဝက်၊ ဆိတ် စံပြမွေးမြူရေးခြံများကို ယခုအခါတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့၏ စီမံခန့်ခွဲမှုသို့လွှဲပြောင်းပြီး လူထုပညာပေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။**

ဟားခါးမြို့နယ်တွင် မြေလွတ်၊ မြေရိုင်းဧက(၈၀၄၀)ကို ၂၀၁၀ ပြည့်နှစ်မှစတင်၍ နွားနောက်စားကျက်အဖြစ် ချင်းပြည်နယ်အစိုးရက သတ်မှတ်အသုံးပြုလျက်ရှိပါကြောင်း၊ အလားတူ အခြားမြို့နယ်များတွင် စားကျက်မြေများကိုဖော်ထုတ်ခြင်းနှင့် နွားနောက်မွေးမြူရေးခြံကြီးများထူထောင်ခြင်း ဆက်လက်ဆောင်ရွက်ပါက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက တတ်စွမ်းသရွေ့ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လွတ်ကျောင်းစနစ်သည် သွင်းအားစုနှင့်ကုန်ကျစရိတ်နည်းသော်လည်း ထုတ်လုပ်မှုလွန်စွာနိမ့်ကျလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ သို့ရာတွင် နွားနောက်သည် Semi-Domestic Animalသာဖြစ်၍ ခြံလှောင်မွေးမြူရန် သင့်လျော်ခြင်းမရှိဘဲ Semi-Intensive တစ်ဝက်ခြံလှောင်စနစ်သို့သာ ပြောင်းလဲမွေးမြူသင့်ပါကြောင်း။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် နွားနောက်မွေးမြူရေးတွင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ လက်ခံလိုကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြထားရှိပြီး ဖြစ်ပါကြောင်း။

ချင်းပြည်နယ်၏ နွားနောက်မွေးမြူရေးနှင့်အခြားမွေးမြူရေးကဏ္ဍများ ထူးခြားသိသာစွာ တိုးတက်လာစေရေးအတွက် မွေးမြူရေးထွန်းကားသောအဖွဲ့များ၏ နည်းပညာ၊ မျိုးကောင်းမျိုးသန့်၊ အခြားထောက်ပံ့မှု အကူအညီများရယူရန်နှင့်ပတ်သက်၍ ကမ်းလှမ်းမှုများရှိပါက ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် အရည်အသွေးပြည့်မီသော နွားနောက်မျိုးရည်ခဲချောင်းများကို ၁၉၉၃ ခုနှစ် စက်တင်ဘာလတွင် အောင်မြင်စွာ စတင်ထုတ်လုပ်နိုင်ခဲ့ရာ ၁၉၉၆ ခုနှစ် ဒီဇင်ဘာလအထိ နွားနောက်မျိုးရည်ခဲချောင်း (၆၃၆) ချောင်း ထုတ်လုပ်ခဲ့ပြီး သားတင်စမ်းသပ်မှုများကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ နွားနောက်များ မျိုးနီးသားစပ်ခြင်းမဖြစ်ပေါ်စေရေး၊ အသားတိုးနှုန်းမကျဆင်းစေရေးအတွက် နွားနောက်မျိုးကောင်းအထီးများ မြို့နယ်အလိုက် လဲလှယ်ဆောင်ရွက်ခြင်းကို နွားနောက်မွေးမြူရေးအစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်မှုနှင့်အတူ ပညာပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နို့ထုတ်လုပ်မှုအတွက် ဒေသရှိနွားများကိုသာ နို့စားနွား မျိုးရည်ခဲချောင်းဖြင့် မျိုးမြှင့်တင်မှုဆောင်ရွက်သင့်ပါကြောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင် နွားနောက်မျိုးရည်ခဲချောင်း (၁၇၉)ချောင်းကို မျိုးဗီဇထိန်းသိမ်းခြင်းနှင့် သုတေသနလုပ်ငန်းအတွက် ထုတ်လုပ်ထိန်းသိမ်းထားရှိပါကြောင်း။**

ချင်းပြည်နယ်၏အချက်အချာကျသောနေရာများတွင် တိရစ္ဆာန်မွေးမြူရေး၊ လေ့ကျင့်ပညာပေးရေးဌာနများ၊ မေထုန်မဲ့သားစပ်စခန်းများထူထောင်၍ မျိုးကောင်းမျိုးသန့်များဖြန့်ဖြူးရေးနှင့် ရောဂါရှာဖွေရေး၊ ကာကွယ်ရေးဆိုင်ရာ သုတေသနဓာတ်ခွဲခန်းများထူထောင်ရေးအတွက် ဘဏ္ဍာရေးခွင့်ပြုချက်မူဘောင်အတွင်း ဦးစားပေးအစီအစဉ်အတိုင်း အလေးထား၍ အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်ဘဏ္ဍာရေး အခြေအနေအရ လတ်တလောဖွဲ့စည်းပုံအင်အား တိုးချဲ့ခြင်း မပြုနိုင်သေးသော်လည်း ချင်းပြည်နယ်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၌ လစ်လပ်လျက်ရှိသော ဒုတိယလက်ထောက်ကြီးကြပ်ရေးမှူး(တိရစ္ဆာန်ဆေးကု) ရာထူးနေရာ(၇)နေရာတွင် ဒေသခံများအား စနစ်တကျသင်တန်းပေးကာ လေ့ကျင့်ခန့်အပ်တာဝန်ပေး ဆောင်ရွက်လျက်ရှိပါကြောင်း။

**အခြေခံလုပ်ငန်းအဆင့်ဖြစ်သော အစုအဖွဲ့ဖြင့် နွားနောက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ခြင်းကို ချင်းပြည်နယ်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနကလည်း အထောက်အကူပြု ပံ့ပိုးကူညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နွားနောက်တစ်အုပ်တစ်မ အထူးပြုမွေးမြူရေးဇုန်အဖြစ် ရေတိုရေရှည်စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာ ပြည်နယ်အစိုးရက ဆောင်ရွက်ရန်ဖြစ်ပြီး ဝန်ကြီးဌာနက လိုအပ်သောနည်းပညာရပ်များကို ပံ့ပိုးပေးခြင်း၊ မျိုးပြန့်ပွားရန်ဆောင်ရွက်ပေးခြင်း၊ တိရစ္ဆာန်၌ ဖြစ်ပွားသောရောဂါများကိုကာကွယ်ခြင်း၊ ကုသပေးခြင်းစသည့် လုပ်ငန်းများကို စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။**

အဆိုရှင် ဦးတင်လှိုင်၏အဆိုကို လွှတ်တော်က မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

အထူးအစီအစဉ်အနေဖြင့် ဇန်နဝါရီ ၂၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဘိုကြီး(ခ) ဦးအောင်ငွေ ကွယ်လွန်အနိစ္စရောက်ခဲ့ခြင်းအတွက် လွှတ်တော်က ဝမ်းနည်းကြောင်း မှတ်တမ်းတင်ဆောင်ရွက်သည်။

ယနေ့အစည်းအဝေးကို ညနေ ၄ နာရီ ၁၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး စတုတ္ထနေ့ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၃၁-၁-၂၀၁၂ (အင်္ဂါနေ့)

[၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်၊ (ဥပုသ်နေ့)]

**နံနက်ပိုင်း**

| | |
|---|---|
| ၇း၀၀ | ၁။ ပရိတ်တရားတော် |
| ၇း၁၅ | ၂။ မင်းကွန်းဆရာတော်ကြီး၏ ဒိသာဖရဏမေတ္တာပို့ ဓမ္မပူဇာတေး |
| ၇း၅၀ | ၃။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ |
| ၈း၂၀ | ၄။ "သဘာဝဘေးအန္တရာယ်များ" |
| ၈း၄၀ | ၅။ International News |
| ၈း၄၅ | ၆။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော် |

**ညပိုင်း**

| | |
|---|---|
| ၄း၀၀ | ၁။ စစ်ချီတေး၊ စစ်သည်တေး |
| ၄း၄၅ | ၂။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ) |
| ၅း၂၅ | ၃။ "သွေးသစ္စာ" |
| ၆း၀၀ | ၄။ ညနေခင်းသတင်း |
| ၆း၁၅ | ၅။ မိုးလေဝသအခြေအနေ |
| ၆း၅၀ | ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချမ်းမြေ့ပျော်ရွှင်" (အပိုင်း-၁)** |
| ၇း၄၀ | ၇။ "နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်" (အပိုင်း-၁) |
| ၈း၀၀ | ၈။ ပြည်တွင်းသတင်း |
| | ၉။ မိုးလေဝသအခြေအနေ |
| | ၁၀။ "ချိုမြိန်ရသာမုန့်ကမ္ဘာ" |
| | ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မွေးစားသား"(အပိုင်း-၂၂)** |
| | ၁၂။ အိန္ဒိယရုပ်ရှင် **"ဥယျာဉ်မှူးရဲ့ ပန်းပျိုးလက်" (အပိုင်း-၂)** |

❒ပုဂ္ဂလိကဘဏ်မှ

စိုက်ပျိုးထားပြီး အကြိမ်ကြိမ်ဆွတ်ခူးသော်လည်း နှစ်ကာလကြာမြင့်သည်အထိ ပြန်လည်စိုက်ပျိုးရန်မလိုသည့် သစ်သီးဝလံပန်းမန်များ စိုက်ပျိုးသည့်မြေကို သတ်မှတ်ထားရှိပါကြောင်း။

ကရင်ပြည်နယ်မှ ဖာလာစိုက်ဧရိယာများမှာ မြေအမျိုးအစားအရ ဥယျာဉ်ခြံမြေအတွင်း ပါဝင်ပါကြောင်း၊ မြေလွတ်မြေရိုင်းဧရိယာများတွင် စိုက်ပျိုးသည့် ဖာလာစိုက်ဧရိယာများကို သီးနှံစိုက်ပျိုးမှုအရ မြေအမျိုးအစား ခွဲခြားဖော်ပြရာတွင် ဥယျာဉ်ခြံမြေအဖြစ် ထည့်သွင်းသတ်မှတ်ဖော်ပြထားပါကြောင်း။

**ကြိုးဝိုင်းသစ်တော ဧရိယာများတွင် အလေ့ကျဖြစ်စေ၊ စိုက်ခင်းအနေဖြင့်ဖြစ်စေ တည်ရှိနေသည့် ဖာလာပင်များအား စိုက်ဧရိယာစာရင်းရရှိရေးအတွက် သစ်တောဦးစီးဌာနနှင့် ပူးပေါင်းစာရင်းကောက်ယူပြုစုပြီး သစ်တောမြေအတွင်း စိုက်ဧရိယာအဖြစ် မှတ်သားထားရှိပါကြောင်း၊ ၁၉၉၂ ခုနှစ် သစ်တောဥပဒေအခန်း(၁) အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် အပိုဒ်(၂)(င)တွင် "သစ်တောထွက်ပစ္စည်းဆိုသည်မှာ သစ်တောနယ်မြေနှင့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေတွင် ပေါက်ရောက်နေသော သို့မဟုတ် တွေ့ရှိရသော သစ်ပင်၊ သစ်ရွက်၊ ပန်း၊ သစ်သီးနှင့် ယင်းတို့မှထွက်ရှိသော ပစ္စည်းများကိုဆိုသည်"ဟု ဖော်ပြထားပါကြောင်း၊ ဖာလာစေ့သည် အသေးစားသစ်တောထွက်ပစ္စည်း အမျိုးအမည်(၂၉)မျိုးတွင် ပါဝင်ပြီး သစ်တောဥပဒေအရ သစ်တောအခွန်တော်အဖြစ် ဒေသပေါက်ဈေး၏ (၂၅) ရာခိုင်နှုန်း အခွန်တော်နှုန်းထားဖြင့် ကောက်ခံလျက်ရှိပါကြောင်း။**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၂၅၄)အရ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်များက ကောက်ခံရမည့် အခွန်အခများ ဇယား(၅)၊ အမှတ်စဉ်(၁၂)(ခ)တွင် အသေးစား သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းအတွက် ကောက်ခံရရှိသော အခွန်ငွေများကို တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်များ၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်ဟု ဖော်ပြထားပါကြောင်း၊ ၂၀၀၇-၂၀၀၈ ခုနှစ်မှ ၂၀၁၁-၂၀၁၂ ခုနှစ်အထိ ကရင်ပြည်နယ်အတွင်း သစ်တောထွက်ပစ္စည်း ထုတ်လုပ်မှုမှ ဂျီဒီပီရရှိမှုတွင် ဖာလာစေ့ထုတ်လုပ်မှုသည် (၂၄ ဒသမ ၇၇) ရာခိုင်နှုန်းမှ (၅၉ ဒသမ ၁၅)ရာခိုင်နှုန်းထိ ရာခိုင်နှုန်းပေါင်းများစွာပါဝင်ပြီး နှစ်စဉ်အခွန်တော်ဝင်ငွေ ကျပ်သန်းပေါင်း (၉၄)သန်းမှ (၁၁၆)သန်းထိ ရရှိသည်ဟု သိရှိရပါကြောင်း။

**ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေတွင် ဆောင်ရွက်လိုပါက ပြဋ္ဌာန်းထားသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်းစည်းကမ်းများအရ ဥယျာဉ်ခြံမြေအဖြစ် သတ်မှတ်ပေးနိုင်ခြင်းမရှိပါကြောင်း၊ သို့သော် ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်ကောင်းမွန်ရေးအတွက် သဘာဝအလျောက်ပေါက်ရောက်သည့် ဖာလာစေ့များစုဆောင်းခွင့်ပြုခြင်း၊ တောနိမ့်၊ တောပျက်များတွင် သီးနှံသစ်တောရောနှောစိုက်ခင်း (Agro-Forestry) စိုက်ပျိုးခြင်း နည်းလမ်းဖြင့်လည်းကောင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော (Community Forestry) တည်ထောင်၍ သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းနည်းလမ်းဖြင့် လည်းကောင်း ဖာလာပင်များစိုက်ပျိုးခြင်းကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုပေးနိုင်မည်ဖြစ်ပါကြောင်း၊ ထွက်ရှိလာမည့် ဖာလာစေ့များအပေါ် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်အခွန်ငွေများ ကောက်ခံဆောင်ရွက်မည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဌေးမောင်က "**ဝမ်းတွင်းမြို့နယ်အတွင်း လိုအပ်သောရေများရရှိရေးအတွက် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်**" နှင့် "**ချောင်းဇုံရေလှောင်တမံ (အလောင်းစည်သူရေကူတမံ) တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းတို့ကို မေးမြန်းရာ မိတ္ထီလာခရိုင်တွင် လယ်မြေဧက(၂၈၈၀၀၀) ရှိသည့်အနက် ဧက(၆၀၀၀၀)ခန့်ကို ဆည်ရေဖြင့် စိုက်ပျိုးလျက်ရှိပါကြောင်း၊ ကျန်စိုက်ပျိုးမြေများကို ဆည်ရေပေးဝေနိုင်ရန်နှင့် ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ရေရရှိရေး နည်းလမ်း(၄)သွယ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

နည်းလမ်း(၁)မှာ ရေကူတမံများတည်ဆောက်ကာ ရေသွယ်မြောင်းများ ဖောက်လုပ်၍ မိတ္ထီလာကန်သို့ ရေပိုမိုဖြည့်ဆည်းပေးပြီး ရေပိုမိုသိုလှောင်နိုင်ရန် စီမံဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ မိတ္ထီလာကန်ရေပိုလွှဲအား (၁)ပေမြှင့်တင်ခြင်း၊ မုန်တိုင်ရေလှောင်တမံ ရေပိုလွှဲအား(၃)ပေမြှင့်တင်ခြင်း၊ ရေကူရေလှောင်တမံများ တည်ဆောက်ပေးပြီး ရေသွယ်မြောင်းတူးဖော်၍ မိတ္ထီလာကန်အတွင်းသို့ ရေပိုမိုဖြည့်ဆည်းပေးနိုင်ခြင်းတို့ကြောင့် အကျိုးပြုဧရိယာ ဧက(၆၀၀၀)ခန့် ရရှိခဲ့ပါကြောင်း။

နည်းလမ်း(၂)မှာ မြို့ကြီးရေလှောင်တမံနှင့် ကျိုင်းခမ်းရေလှောင်တမံတည်ဆောက်ခြင်းဖြစ်ပြီး ၂၀၁၁ ခုနှစ် ဒီဇင်ဘာလကုန်အထိ မြို့ကြီးရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းမှာ လုပ်ငန်းတစ်ခုလုံး၏ (၇၃)ရာခိုင်နှုန်းနှင့် ကျိုင်းခမ်းရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းမှာ လုပ်ငန်းတစ်ခုလုံး၏ (၁၃)ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါကြောင်း၊ ထိုလုပ်ငန်းများ ပြီးစီးပါက မိတ္ထီလာလွင်ပြင်အတွင်းရှိ စိုက်ပျိုးမြေ ဧက(၃၀၀၀၀)ခန့်သို့ ရေပေးဝေနိုင်ပြီး ဒေသစိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုမည် ဖြစ်ပါကြောင်း၊ ကင်းတားရေလွှဲဆည်မှ ဝမ်းတွင်းမြို့နယ်ရှိ



ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆိုင်ပေါင်းနပ် မေးမြန်းစဉ်။ (သတင်းစဉ်)

ရေအရင်းအမြစ်ဌာန၏ ထပ်ဆင့်ရေတင်စခန်းသို့ ရေပေးပို့နိုင်ရန်အတွက် ရေသွယ်မြောင်း (၂၄)မိုင်ကို တည်ဆောက်ရန် လျာထားဆောင်ရွက်လျက် ရှိပါကြောင်း၊ ယင်းလုပ်ငန်းမှာ လုပ်ငန်းပမာဏကြီးမားပြီး အချိန်ယူ ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်ရာ အချိန်တိုအတွင်း စိုက်ပျိုးရေရရှိနိုင်ရေးအတွက် ထပ်ဆင့် ရေတင်စခန်း၏ အရှေ့ဘက် (၁)မိုင်ခန့်ဝေးသော ရိုးဇုံရွာအနီး စမုံချောင်းပေါ်တွင် သင့်တော်သော ရေလွှဲဆည်အမျိုးအစား (တစ်နည်းအားဖြင့်) ရေစုကန်တစ်ခု တည်ဆောက်၍ ထပ်ဆင့်ရေတင်စခန်းသို့ ရေပေးပို့မည့်လုပ်ငန်း တည်ဆောက်မှုကို ၂၀၁၂-၂၀၁၃ ခုနှစ်တွင် စတင်ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

နည်းလမ်း(၃)မှာ မြေအောက်ရေကို ထုတ်နုတ်၍ စိုက်ပျိုးရေပေးဝေခြင်းဖြစ်ပြီး မိတ္ထီလာနှင့် သာစည်မြို့နယ်များတွင် စုစုပေါင်း စက်ရေတွင်း (၈၀၀)တူးဖော်ဆောင်ရွက်ခြင်းဖြင့် အကျိုးပြုဧရိယာ ဧက (၁၁၀၀၀)ခန့် ရရှိမည်ဖြစ်ပါကြောင်း၊ ယခုအခါ စက်ရေတွင်း(၄၆၀) တူးဖော်ဆောင်ရွက်ပြီးဖြစ်၍ စိုက်ပျိုးမြေဧရိယာ ဧက (၆၄၀၀)ခန့်သို့ အကျိုးပြုပြီးဖြစ်ပါကြောင်း။

နည်းလမ်း(၄)မှာ လက်ရှိဆည်ကန်ငယ်၊ ကန်ငယ်နှင့်တူးမြောင်းစနစ်များကို ဆည်မြောင်း ဦးစီးဌာနအနေဖြင့် ပြုပြင်မွမ်းမံ၍ စိုက်ပျိုးရေပေးဝေနိုင်ရန် စီမံဆောင်ရွက်ခြင်းဖြစ်ပြီး မိတ္ထီလာခရိုင်အတွင်း၌ ဆည်ငယ်၊ ကန်ငယ်(၅၀)အနက် (၃၈)ခုကို ပြုပြင်ပြီးဖြစ်ပါကြောင်း၊ ထပ်မံပြုပြင်ရန် (၁၂)ခုကို ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆက်လက် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ဆည်၊ ကန်ငယ်များ ပြုပြင်ပြီးစီးပါက အကျိုးပြုဧရိယာ ဧက (၂၉၇၀၀) ခန့် ရရှိမည်ဖြစ်ပြီး မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ အားလုံးဆောင်ရွက်ပြီးစီးပါက အကျိုးပြုဧရိယာဧက(၇၆၇၀၀)ခန့် ရရှိမည် ဖြစ်ပါကြောင်း။

**အလောင်းစည်သူကန်သည် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့တွင် တည်ရှိပြီး ရှေးမြန်မာမင်းများ လက်ထက်က ဆောင်ရွက်ခဲ့သောကန်ဖြစ်ပါကြောင်း၊ အချိန်ကာလကြာလာသည်နှင့်အမျှ ကန်အတွင်းနုန်းများပို့ချလာမှုကြောင့် ရေလှောင်ပမာဏ တဖြည်းဖြည်း လျော့နည်းလာခြင်း၊ ရေဝင်ကောင်းမွန်၍ ရေလျှံမှုများဖြစ်ပေါ်ခြင်း၊ ရေလျှံမှုကြောင့် ရေပိုလွှဲများ ထိခိုက်ပျက်စီးခြင်းတို့ မရှိစေရန်နှင့် သီးနှံစိုက်ပျိုးရေ ပိုမိုပေးနိုင်ရန် ကန်၏အထက်ဘက်တွင် ရေကူကန် (ချောင်းဇုံရေလှောင်တမံ) တည်ဆောက်ပေးနိုင်ရေးအတွက် ဆည်မြောင်းဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေး မြေပြင်တိုင်းတာခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး ဘူမိဗေဒဆိုင်ရာ စူးစမ်းလေ့လာမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း**ဖြင့် ဖြေကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ် (၄)ဦးတို့က ဘဏ္ဍာရေးနှင့်အခွန် ကဏ္ဍဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပြန်လည်ဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ်က "**ဝေးလံခေါင်းပါးအရပ်ဒေသများတွင် နိုင်ငံတာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအား ဒေသန္တရရှားပါးစရိတ်အဖြစ် ၎င်းတို့ရရှိသည့် မူရင်းလစာထက် အနည်းဆုံး တစ်ဆပိုများသော ငွေကြေးထပ်လောင်းပံ့ပိုးမှု ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ**" နှင့် "**အိမ်နီးချင်းနိုင်ငံများ၏ ငွေကြေးအား မြန်မာကျပ်ငွေသဖွယ်သုံးစွဲနေခြင်းနှင့် လက်ဝယ်ထားရှိခြင်းများ ပြုနေသည့် အခြေအနေနှင့်စပ်လျဉ်း၍ အစီအမံတစ်ရပ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ**" မေးမြန်းရာ ယခင်နိုင်ငံတော်ကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၂၂/၇၉)ဖြင့် ၁၉၇၉ ခုနှစ် ဇွန် ၁ ရက်မှစ၍ ဒေသစရိတ်ခံစားခွင့်ရှိသည့် မြို့နယ်များကို လူမှုရေးအခက်ခဲဆုံးအဆင့်နှင့် လူမှုရေးခက်ခဲသောအဆင့်ဟူ၍ ခွဲခြားသတ်မှတ်ခဲ့ပြီး အဆိုပါဒေသများတွင် တာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်းများအား ဒေသစရိတ်များ ခံစားခွင့်ပေးခဲ့ပါကြောင်း။

၁၉၈၉ ခုနှစ် အစိုးရဝန်ထမ်းများလစာနှင့်လုပ်ခများ တိုးမြှင့်ပြင်ဆင်သတ်မှတ်ချိန်တွင် လည်းကောင်း၊ ၁၉၉၃ ခုနှစ် အစိုးရဝန်ထမ်းများ၏ လစာ၊ ပင်စင်လစာနှင့်လုပ်ခများတိုးမြှင့် ပြင်ဆင်သတ်မှတ်ချိန်တွင် လည်းကောင်း လူမှုရေး အခက်ခဲဆုံးမြို့နယ်များနှင့် လူမှုရေးခက်ခဲသော မြို့နယ်များတွင် တာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်းများအတွက် ဒေသစရိတ်နှုန်းများကို ပြင်ဆင်သတ်မှတ်ပေးခဲ့ပါကြောင်း။

**ယခင်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၁၉၈၉ ခုနှစ် ဇူလိုင် ၁၂ ရက်စွဲပါစာဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြသည့် ဝန်ထမ်းများအား ထိုဝန်ထမ်း ထုတ်ယူရရှိသည့် လစာနှင့် ညီမျှသောငွေကို အထူးလစာအဖြစ် ထုတ်ယူခွင့်ပြုခဲ့ပါကြောင်း၊ ၂၀၀၀ ပြည့်နှစ် ဧပြီ ၁ ရက်မှစ၍ အစိုးရဝန်ထမ်းများ၏ လစာများကို တိုးမြှင့်ပေးခဲ့သဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် တာဝန်ကျသည့်ဝန်ထမ်းများကို တိုးမြှင့်လစာနှင့်အတူ လစာ၏ (၂၅) ရာခိုင်နှုန်းကို အထူးလစာအဖြစ် ထုတ်ယူခွင့်ပြုခဲ့ပါကြောင်း၊ ၂၀၀၆ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဝန်ထမ်းများ၏လစာများကို တိုးမြှင့်ပေးခဲ့ချိန်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် သွားရောက် တာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်းများနှင့် နေ့စားအလုပ်သမားများအား အထူးလစာ၊ နေ့တွက်စရိတ်၊ လုပ်ခနှင့်အထူးလုပ်ခများ ခံစားခွင့်အစားအခြားဝန်ထမ်းများနည်းတူ တိုးမြှင့်လစာနှုန်းများ၊ နေ့စားလုပ်ခနှုန်းများကိုသာ ခံစားခွင့်ပြုခဲ့ပါကြောင်း။**

လက်ရှိအချိန်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသဖြင့် လက်ရှိ လစာနှုန်းအပေါ် မူတည်၍ ဒေသစရိတ်နှုန်းများကို ပြန်လည်သတ်မှတ်ပေးရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

အိမ်နီးချင်းနိုင်ငံများ၏ ငွေကြေးကို မိမိနိုင်ငံ၏ငွေကြေးသဖွယ် သုံးစွဲနေခြင်းနှင့် လက်ဝယ်ထားရှိခြင်းများ ပြုနေသည့်ကိစ္စနှင့်ပတ်သက်၍ ယင်းအခြေအနေဖြစ်ပေါ်ရခြင်းသည် မြန်မာနိုင်ငံတွင် နိုင်ငံခြားငွေကြေးဈေးကွက် မဖွံ့ဖြိုးသေးခြင်း၊ လက်ရှိကျင့်သုံးနေသည့် ၁၉၄၇ ခုနှစ် နိုင်ငံခြားသုံးငွေလဲလှယ်မှု စည်းမျဉ်းဥပဒေကို ဖြေလျှော့ဆောင်ရွက်နိုင်မှု မရှိသေးခြင်း၊ နှစ်နိုင်ငံအကြား ငွေကြေးနှင့် ဘဏ်လုပ်ငန်း ဆက်သွယ်ဆောင်ရွက်မှု အစီအမံများ အားနည်းနေသေးခြင်းတို့ကြောင့် ဖြစ်ပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၏ ငွေကြေးအား မိမိနိုင်ငံ၏ ငွေကြေးသဖွယ် သုံးစွဲနေခြင်းနှင့် လက်ဝယ်ထားရှိခြင်းများသည် တရားမဝင် လုပ်ဆောင်ချက်များဖြစ်ပါကြောင်း၊ နယ်စပ်ဒေသများတွင် တရားမဝင် ငွေကြေးများကို နယ်စပ်ဖြတ်ကျော်သယ်ယူခြင်းနှင့် ပို့ဆောင်ခြင်းကိစ္စရပ်



ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွန်းအောင် မေးမြန်းစဉ်။ (သတင်းစဉ်)

များသည် မြန်မာနိုင်ငံ၌ သာမက နယ်နိမိတ်ချင်း ထိစပ်နေသည့် နိုင်ငံအားလုံးတွင် ဖြစ်ပေါ်နေသည့် ငွေကြေးခဝါချသည့် ပြစ်မှု (Money Laundering Offence) ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် ထိုကိစ္စရပ်များကို ငွေကြေးဆိုင်ရာ အာဏာပိုင်များနှင့်အတူ သက်ဆိုင်ရာ ဌာနအားလုံးက ပူးပေါင်းပါဝင် တိုက်ဖျက်နေကြရပါကြောင်း။

**မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် ၂၀၁၁ ခုနှစ် စက်တင်ဘာ ၂၉ ရက်နှင့် အောက်တိုဘာ ၂၄ ရက်တို့တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ စသည့်နိုင်ငံခြားငွေများနှင့် နိုင်ငံခြားသုံးငွေလက်မှတ် (FEC)များကို ပြည်တွင်းသုံးကျပ်ငွေဖြင့် ဝယ်ယူခြင်းနှင့် ရောင်းချခြင်းတို့ကို ဆောင်ရွက်ရန်အတွက် ပုဂ္ဂလိကဘဏ် (၁၇)ခုကို နိုင်ငံခြားငွေဝယ်ယူရောင်းချခွင့်လိုင်စင် (Money Changer Licence)များ ထုတ်ပေးခဲ့ပြီး ငွေလဲလှယ်ရေးကောင်တာ (၅၇)ခုကို ဖွင့်လှစ်ခွင့်ပြုခဲ့ပါကြောင်း၊ ၎င်းအပြင် ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၂၅ ရက်တွင် ပုဂ္ဂလိကဘဏ် (၁၁)ဘဏ်ကို နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားခွင့်လိုင်စင် (Authorized Dealer Licence) များ ထုတ်ပေးခဲ့ပြီး နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ပြုခဲ့ပါကြောင်း။**

ထို့ပြင် မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် တရုတ်-မြန်မာ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုတွင် ယွမ်ငွေနှင့် ဘဏ်စနစ်ကို အသုံးပြုပြီး ငွေပေးချေမှု ပိုမိုတိုးတက် ကောင်းမွန်လာစေရန်အတွက် တရုတ်ဘဏ်များနှင့် ဘဏ်လုပ်ငန်းသဘောတူစာချုပ်များ ချုပ်ဆိုကာ၊ ယွမ်ငွေစာရင်းရှင် စာရင်းများ ဖွင့်လှစ်ပြီး ငွေလွှဲလက်မှတ် (Bank Draft)ကို အသုံးပြုဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်မှုသာမက ပုံမှန်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့အတွက် ယွမ်နှင့် ငွေပေးချေမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန် မြန်မာ့စီးပွားရေးဘဏ် (မူဆယ်ဘဏ်ခွဲ)နှင့် တရုတ်ဆောက်လုပ်ရေးဘဏ် (ယူနန်ဘဏ်ခွဲ) တို့အကြား RMB နှင့် အပြည်ပြည်ဆိုင်ရာ ငွေပေးချေရှင်းလင်းမှု သဘောတူညီချက်တစ်ရပ်ကို ထပ်မံလက်မှတ်ရေးထိုးခဲ့ပြီး ယွမ်ငွေစာရင်းရှင်တစ်ခု ထပ်မံဖွင့်လှစ်ခဲ့ပါကြောင်း။

**ယခုအခါ မြန်မာနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့နှင့် နယ်စပ်ကုန်သွယ်မှုဆိုင်ရာ ငွေပေးချေမှုများ ဆောင်ရွက်နိုင်ရန်အတွက် နှစ်နိုင်ငံဘဏ်များအကြား နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါကြောင်း၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ(အသစ်)ကို ရေးဆွဲပြဋ္ဌာန်းပြီးပါက နယ်စပ်ဒေသများတွင် ငွေလဲကောင်တာများ ဖွင့်လှစ်ဆောင်ရွက်ပေးခြင်း၊ ဘဏ်များတွင်လိုအပ်သည့် နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ခြင်းနှင့် ရောင်းဝယ်ခြင်းများ ဆောင်ရွက်လာနိုင်ပြီး မြန်မာနိုင်ငံနယ်စပ်တစ်လျှောက်ရှိ အချို့မြို့နယ်များတွင် အိမ်နီးချင်းနိုင်ငံများ၏ ငွေကြေးများ လှည့်လည်သုံးစွဲနေကြခြင်းနှင့် လက်ဝယ်ထားရှိခြင်းအခြေအနေများကို ဥပဒေနှင့်အညီ တရားဝင်လမ်းကြောင်းအပေါ် ရောက်ရှိလာအောင် မြှင့်တင်ဆောင်ရွက်လာနိုင်မည်ဖြစ်ပါကြောင်း။**

မြန်မာကျပ်ငွေကို အိမ်နီးချင်းနိုင်ငံသုံး ငွေကြေးနှင့်လဲလှယ်ပြီး အသုံးပြုခြင်းနှင့် ကုန်သွယ်ရေးအတွက် ပေးချေခြင်းများကို ဥပဒေနှင့်အညီအဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက်လည်း နိုင်ငံခြားငွေလဲလှယ်နှုန်းပေါင်းစည်းရေးကို ဆောင်ရွက်ခြင်း၊ မိမိနိုင်ငံအတွင်း နိုင်ငံခြားငွေကြေးဈေးကွက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ခြင်း၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ (အသစ်)ပြဋ္ဌာန်းခြင်း၊ နှစ်နိုင်ငံဘဏ်များအကြား ငွေကြေးနှင့် ဘဏ်လုပ်ငန်း ဆက်သွယ်ဆောင်ရွက်မှု အစီအမံများ တိုးချဲ့မြှင့်တင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ဖြင့် ကုစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**အိမ်နီးချင်းနိုင်ငံသုံး ငွေကြေးများကို အဆိုပါနိုင်ငံများရှိ ဘဏ်များတွင် စုဆောင်းထားခြင်း၊ စီးပွားရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် နယ်စပ်ဖြတ်ကျော်ပြီး တရားမဝင် ငွေကြေးများကို သယ်ယူခြင်းနှင့် ပို့ဆောင်ခြင်းပြုလုပ်နေသည့် ငွေကြေးခဝါချသည့် ပြစ်မှုများကို သက်ဆိုင်ရာ ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများနှင့် ဌာနများက တရားဥပဒေနှင့်အညီ ပူးပေါင်းပါဝင်တိုက်ဖျက်သွားမည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ ဦးကျော်ထွန်းအောင်က "**ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံ ပါရှိသော မြန်မာငွေစက္ကူများထုတ်လုပ်ရန် အစီအစဉ် ရှိ/မရှိ**" မေးမြန်းရာ ကမ္ဘာပေါ်ရှိ တိုင်းပြည်အသီးသီးတွင် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံတကာဆက်ဆံရေး ကိစ္စရပ်များကို အောင်မြင်ချောမွေ့စွာ ဆောင်ရွက်နိုင်ရန် ဗဟိုဘဏ်များတည်ထောင်ကြပြီး ငွေဒင်္ဂါးများနှင့် ငွေစက္ကူများထုတ်ဝေကြပါကြောင်း၊ ငွေဒင်္ဂါးနှင့် ငွေစက္ကူ ဆိုသည်မှာ နိုင်ငံတော်ကိုယ်စား ဗဟိုဘဏ်များက ထုတ်ဝေဖြန့်ဖြူးခြင်းဖြစ်ပြီး တစ်နည်းအားဖြင့် ကုန်ပစ္စည်း၊ ငွေကြေးစသည်တို့နှင့် ဖလှယ်နိုင်သည့် စာချုပ်စာတမ်း (Negotiable Instrument) ဟုလည်း ခေါ်ဝေါ်နိုင်ပါကြောင်း။

**ငွေစက္ကူကို ရိုက်နှိပ်ထုတ်ဝေသည့်အခါတွင် တိုင်းပြည်နိုင်ငံတိုင်းသည် အကြောင်းအရာ တစ်မျိုးတည်းကိုသာ ပုံသေသတ်မှတ်ထုတ်ဝေခြင်းမျိုးမရှိဘဲ အခြေအနေနှင့် အချိန်အခါကိုလိုက်၍ ပြောင်းလဲ ထုတ်ဝေခြင်းမျိုးတွေ့ရပါကြောင်း။**

**မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးနောက် ငွေကြေးအုပ်ချုပ်မှုအဖွဲ့မှ ပထမဦးဆုံးအကြိမ် (၁)ကျပ်၊ (၅)ကျပ်၊ (၁၀)ကျပ်နှင့် (၁၀၀)ကျပ်တန် ငွေစက္ကူ (၄)မျိုး ထုတ်ဝေခဲ့ပြီး ငွေစက္ကူများတွင် ဒေါင်းပုံ၊ ခြင်္သေ့ပုံ၊ ရွက်လှေပုံ၊ ဗိုင်းငင်ပုံ၊ ဆင်သစ်ဆွဲနေသည့်ပုံနှင့် လယ်ထွန်နေသည့်ပုံများ ရိုက်နှိပ်ထားပါကြောင်း၊ ငွေကြေးအုပ်ချုပ်မှုအဖွဲ့၏ လုပ်ငန်းများကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဗဟိုဘဏ်က လွှဲပြောင်းတာဝန်ယူခဲ့သည့်နောက်ပိုင်း ငွေစက္ကူများ ထုတ်ဝေခဲ့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံများထည့်သွင်း ရိုက်နှိပ်ခဲ့ပါကြောင်း။**

**ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်သူ့ဘဏ်လက်ထက်ထုတ်ဝေသည့် ငွေစက္ကူ (၄)မျိုးတွင် ဗိုလ်ချုပ်အောင်ဆန်း၏ စစ်ဝတ်စုံနှင့်ရုပ်ပုံထည့်ထားပြီး ငွေစက္ကူများ၏နောက်ကျောတွင် ရေလုပ်သားငါးဖမ်းနေသည့်ပုံ၊ လယ်သမားတစ်ဦးနှင့်နွားပုံ၊ မြန်မာအမျိုးသမီး ဝါခူးနေသည့်ပုံ၊ လယ်ထွန်စက်နှင့် ထွန်ယက်နေသည့်ပုံများ ထည့်သွင်းရိုက်နှိပ်ထားပါကြောင်း။**

ပြည်ထောင်စု မြန်မာနိုင်ငံတော် ဘဏ်အဖြစ် အသွင်ပြောင်းပြီးနောက်ပိုင်း ထုတ်ဝေခဲ့သည့် ငွေစက္ကူများတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ပုံများနှင့်အတူ ရေလုပ်သားငါးဖမ်းနေသည့်ပုံ၊ ဆွမ်းအုပ်ပုံ၊ မင်းသားရုပ်ပုံ၊ လယ်ထွန်စက်နှင့် ထွန်ယက်နေသည့်ပုံ၊ တိုးနယားပုံ၊ သခင်ဖိုးလှကြီးပုံ၊ ဆရာစံပုံ၊ စောင်းကောက်ပုံ တို့ကို ရိုက်နှိပ်ထားပါကြောင်း။

**မြန်မာနိုင်ငံတော် ဗဟိုဘဏ်အဖြစ် ပြောင်းလဲခေါ်ဝေါ်ခဲ့သည့်နောက်ပိုင်း ၁-၃-၁၉၉၀ တွင် (၁)ကျပ်တန် ငွေစက္ကူ စတင်ထုတ်ဝေခဲ့ပြီး ၎င်းငွေစက္ကူတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ဗမာ့ကာကွယ်ရေးတပ်မတော်ဝတ်စုံဖြင့် ပုံကိုရိုက်နှိပ်ထားပါကြောင်း၊ နောက်ပိုင်းထုတ်ဝေသည့် ငွေစက္ကူများတွင် မြန်မာ့ရိုးရာ စောင်းကောက်ပုံ၊ မြန်မာ့အနုပညာလက်ရာမြောက် ကေသရာဇာခြင်္သေ့မင်းပုံ၊ ပြည်သူ့ရင်ပြင်ရှိ ဆင်ရုပ်ခံရေပန်းပုံ၊ မြန်မာ့ရိုးရာယွန်းထည်လုပ်ငန်းပုံ၊ မြန်မာ့ရိုးရာ ပန်းတော့လုပ်ငန်းပုံ၊ မဟာဗန္ဓုလ ကြေးသွန်းရုပ်ပုံများကို ရိုက်နှိပ်ထားပါကြောင်း၊ ယင်းနောက်ပိုင်းထုတ်ဝေသည့် ငွေစက္ကူများတွင်မူ ကေသရာဇာခြင်္သေ့မင်းပုံ၊ လှေပြိုင်ပွဲပုံ၊ ခြင်းခတ်ပုံ၊ ကရဝိက်ဖောင်ပုံ၊ ဆင်သစ်ဆွဲသည့်ပုံနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အဆောက်အအုံပုံ တို့ကို ရိုက်နှိပ်ထားပါကြောင်း။**

၁၁-၁၀-၂၀၀၄ ရက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ဝေသည့် အရွယ်အစားအသစ် ငွေစက္ကူများဖြစ်သော (၂၀၀)ကျပ်၊ (၅၀၀)ကျပ်နှင့် (၁၀၀၀) ကျပ်တန် ငွေစက္ကူများတွင် မြန်မာ့အနုပညာလက်ရာမြောက် ကေသရာဇာ ခြင်္သေ့မင်းပုံ၊ ဆင်ဖြင့်သစ်ဆွဲနေပုံ၊ မဟာဗန္ဓုလ ကြေးသွန်းရုပ်တု ထုလုပ်နေပုံနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အဆောက်အအုံပုံတို့ကို ရိုက်နှိပ်ထားပြီး ၁-၁၀-၂၀၀၉ ရက်တွင်ထုတ်ဝေသည့် (၅၀၀၀) ကျပ်တန် ငွေစက္ကူတွင်လည်း မြန်မာ့အနုပညာလက်ရာမြောက် ဆင်ဖြူတော်ပုံနှင့် ပြည်ထောင်စုလွှတ်တော် အဆောက်အအုံပုံတို့ကို ရိုက်နှိပ်ထားပါကြောင်း။

**ဆင်ဖြူတော်သည် နိုင်ငံအတွက် ဂုဏ်သိက္ခာရှိခြင်း၊ ချမ်းသာကြွယ်ဝခြင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာ ကြီးမားကျယ်ပြန့်ခြင်းစသည့် ကြန်အင်လက္ခဏာများ ပြည်စုံသည့်အတွက် ငါးထောင်တန်ငွေစက္ကူကို ရိုက်နှိပ်ထုတ်ဝေရာတွင် ဆင်ဖြူတော်ပုံကို ရိုက်နှိပ်ထားခြင်းဖြစ်ပါကြောင်း။**

**ထို့ကြောင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ နောက်ထပ်ငွေစက္ကူများ ထပ်မံရိုက်နှိပ်ရန်ရှိလာပါကလည်း အထက်**

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳**

✲ စာမျက်နှာ ၆ မှ

**ဖော်ပြပါအတိုင်း အခြေအနေ၊ အချိန်အခါနှင့်ဆီလျော်မည့် အကြောင်းအရာများကို ထည့်သွင်းရိုက်နှိပ်သွားမည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းတင်အောင်က **"မော်တော်ဆိုင်ကယ်များ၊ သုံးဘီးယာဉ်များအား တရားဝင်မှတ်ပုံတင်ပြီး လိုင်စင်ပြုလုပ်ရာ၌ ပေးဆောင်ရသည့် အခွန်အခများ ဖြေလျှော့ပေးပြီး သင့်တင့်မျှတသော ဈေးနှုန်းသတ်မှတ်၍ ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ"** မေးမြန်းရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉ တွင် **နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်ကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်**ဟု ပြဋ္ဌာန်းထားပါကြောင်း၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်များ တရားဝင် တင်သွင်းခွင့်လိုင်စင်ဖြင့် တင်သွင်းလာပါက အကောက်ခွန် (၅) ရာခိုင်နှုန်းနှင့် ကုန်သွယ်လုပ်ငန်းခွန် (၂၅)ရာခိုင်နှုန်း ကျသင့်မည်ဖြစ်ပါကြောင်း၊ တရားမဝင်တင်သွင်းထားသည့် မော်တော်ဆိုင်ကယ်များနှင့် သုံးဘီးဆိုင်ကယ်များကို လိုင်စင်ပြုလုပ်မည်ဆိုပါက ၁၉၇၄ ခုနှစ် သွင်းကုန် ထုတ်ကုန် ကြီးကြပ်ရေး(ယာယီ) အက်ဥပဒေအရ စည်းကြပ်တန်ဖိုး၏ (၁၀) ရာခိုင်နှုန်းမှ (၂၀)ရာခိုင်နှုန်းအထိ ဒဏ်ရိုက်ရသဖြင့် ကုန်ကျစရိတ်များပြားနေခြင်းဖြစ်ပါကြောင်း၊ ဝင်ငွေခွန်ဥပဒေတွင်လည်း တစ်နှစ်ဝင်ငွေကျပ် (၃၀၀၀၀) ထက် ပိုမိုရရှိပါက ဝင်ငွေခွန်ပေးဆောင်ရန် ပြဋ္ဌာန်းထားရာ လက်ရှိမော်တော်ဆိုင်ကယ်ဈေးနှုန်းမှာကျပ်(၃၀၀၀၀) ထက်ကျော်လွန်သဖြင့် မော်တော်ဆိုင်ကယ်ဝယ်ယူသူများအနေဖြင့် သတ်မှတ်ထားသည့် ဝင်ငွေထက်ကျော်လွန်ရရှိသည့်အတွက် ဝင်ငွေခွန်ပေးဆောင်ရန် ဥပဒေအရ တာဝန်ရှိပါကြောင်း။

**ထိုသို့ပေးဆောင်ရာတွင် အခွန်ထမ်းဆောင်သူအနေဖြင့် ရှင်းလင်းလွယ်ကူသက်သာစေရန်အတွက် မော်တော်ဆိုင်ကယ်အမျိုးအစားအလိုက် သတ်မှတ်ထားသည့် တန်ဖိုးထက်ဝက်၏ (၁၅) ရာခိုင်နှုန်းကို ဝင်ငွေခွန်အဖြစ် ပေးဆောင်စေခြင်းဖြစ်ပါကြောင်း၊ ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအား ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ရာ ယင်းဥပဒေနှင့် လိုက်လျောညီထွေစွာ နည်းဥပဒေ၊ စည်းမျဉ်းနှင့်အမိန့်ကြော်ငြာစာများကို ပြင်ဆင်ထုတ်ပြန်နိုင်ရန် ပြည်ထောင်စုအစိုးရက ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ ထုတ်ပြန်ဆောင်ရွက်ချိန်တွင် မော်တော်ဆိုင်ကယ်များ၊ သုံးဘီးယာဉ်များအား တရားဝင် မှတ်ပုံတင်ပြီး လိုင်စင်ပြုလုပ်ရာ၌ ပေးဆောင်ရသည့်အခွန်အခများကို ဖြေလျှော့ပေးကာ သင့်တင့်မျှတသော ဈေးနှုန်းသတ်မှတ်၍ ဆောင်ရွက်ပေးသွားနိုင်မည် ဖြစ်ကြောင်း**ဖြင့် ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်က **"ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်နေသော နိုင်ငံသားများမှ မြန်မာနိုင်ငံသို့ ပြန်လည်ပို့ပေးသော လုပ်ခငွေများကို လွယ်ကူချောမောစွာ ပို့ဆောင်နိုင်ရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးမြန်းရာ အလုပ်သမားညွှန်ကြားမှု ဦးစီးဌာန၏ စာရင်းအရ ၁၉၉၉ ခုနှစ်မှ ၂၀၁၁ ခုနှစ် ဇူလိုင်လအထိ ပြည်ပနိုင်ငံ(၁၅)နိုင်ငံသို့ မြန်မာအလုပ်သမားများ တရားဝင်စေလွှတ်မှုမှာ စုစုပေါင်း (၅၈၅၉၂၀)ဦး ရှိပြီး သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံးများ၏စာရင်းအရ ပြည်ပတွင်ရောက်ရှိ အလုပ်လုပ်ကိုင်နေသူ (၁၀)သိန်းနီးပါး ရှိပါကြောင်း။

ထိုကဲ့သို့ မြန်မာနိုင်ငံမှ နိုင်ငံခြားတိုင်းပြည်များသို့ သွားရောက်အလုပ်လုပ်နေကြသည့် ပြည်ပရောက်အလုပ်သမားများ အရေးကိစ္စနှင့်ပတ်သက်၍ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် ပြည်ပအလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ၎င်းကော်မတီကို အထောက်အကူ ပြုနိုင်ရန်အတွက် ကော်မတီ(၃)ရပ်ကို ဖွဲ့စည်းထားရှိပါကြောင်း၊ ယင်းကော်မတီ(၃)ရပ်အနက် အလုပ်သမားများ အကျိုးခံစားခွင့်ရရှိရေးကော်မတီ၏ လုပ်ငန်းတာဝန် (၅)ရပ်၌ ပြည်ပတွင် အလုပ်လုပ်ကိုင်နေသူများထံမှ မိသားစုလွှဲပို့ငွေများ အခက်အခဲမရှိ လျင်မြန်ချောမွေ့စွာ လွှဲပို့နိုင်ရန်ဆိုသည့် အချက်တစ်ချက်လည်း ပါဝင်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေများအဆင်ပြေစွာ ဝယ်ယူရောင်းချနိုင်ရေးအတွက် ပုဂ္ဂလိကဘဏ်(၁၇)ဘဏ်အား Money Changer Licence ကို ထုတ်ပေးခဲ့ပြီး Money Changer Counter (၅၇)ခုကို ဖွင့်လှစ်ခွင့်ပြုခဲ့ပါကြောင်း၊ ၎င်းအပြင် နိုင်ငံခြားဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းပုဂ္ဂလိကဘဏ် (၁၁) ဘဏ်ကို နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားခွင့်လိုင်စင် (Authorized Dealer Licence)ကို ၂၅-၁၁-၂၀၁၁ တွင် ထုတ်ပေးခဲ့ပြီး နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ပြုခဲ့ပါကြောင်း။**

**ပြည်ပရောက်မြန်မာအလုပ်သမားများ မြန်မာနိုင်ငံရှိမိသားစုထံ လွှဲပို့ငွေများလုံခြုံလျင်မြန်၊ ချောမွေ့စွာပေးပို့နိုင်ရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ကမ္ဘောဇဘဏ်ကို ထိုင်းနိုင်ငံတွင် လည်းကောင်း၊ သမဝါယမဘဏ်ကို စင်ကာပူနိုင်ငံတွင် လည်းကောင်း၊ ရောဝတီဘဏ်ကို မလေးရှားနိုင်ငံတွင် လည်းကောင်း၊ အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ်ကို စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် လည်းကောင်း ၁၄-၁၁-၂၀၁၁ ရက်နေ့မှစ၍ ပြည်ပငွေလွှဲလုပ်ငန်းဆောင်ရွက်ခွင့်ပြုခဲ့ပါကြောင်း။**

အဆိုပါ ပုဂ္ဂလိကဘဏ်များအနေဖြင့် အဆိုပါလွှဲပို့ငွေများကို နိုင်ငံခြားရှိ မိမိနိုင်ငံပိုင်ဘဏ်များ၏ အဆက်အသွယ်ဘဏ်များမှတစ်ဆင့် နိုင်ငံပိုင်ဘဏ်များသို့ လွှဲပို့ကာ ၎င်းမှတစ်ဆင့် ပုဂ္ဂလိကဘဏ်များ၏ ရုံးချုပ်သို့ ဆက်လက်ပေးပို့သွားမည်ဖြစ်ပြီး ပုဂ္ဂလိကဘဏ်များမှ အလုပ်သမားများနှင့် ဆက်သွယ်ဆောင်ရွက်ကာ အဆိုပါနေ့ရှိ နိုင်ငံခြားငွေပေါက်ဈေးအတိုင်း လွှဲပို့ငွေများအား ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း၊ SWIFT ဆက်သွယ်ရေးစနစ် တပ်ဆင်ပြီးပါက စုဆောင်းရရှိသည့် လွှဲပို့ငွေများအား နိုင်ငံခြားရှိ ပုဂ္ဂလိကဘဏ်များ၏ အဆက်အသွယ်ဘဏ်များမှတစ်ဆင့် အဆိုပါ ပုဂ္ဂလိကဘဏ်ရုံးချုပ်သို့ တိုက်ရိုက်လွှဲပို့ကာ အလုပ်သမားများ၏ မိသားစုများထံ လွှဲပို့ငွေများ လျင်မြန်စွာရရှိရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

အဆိုပါ ပုဂ္ဂလိကဘဏ် (၄)ဘဏ်အနေဖြင့် ပြည်ပငွေလွှဲလုပ်ငန်း ယခုနှစ်ဖေဖော်ဝါရီနှင့် မတ်လအတွင်း စတင်ဆောင်ရွက်ရန် လျာထားသတ်မှတ်ထားပါကြောင်းဖြင့် ဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဉာဏ်လင်းက **"မြန်မာနိုင်ငံမှထွက်ရှိသော အရည်အသွေးမီ သစ်သီးဝလံများ ပြည်တွင်း၊ ပြည်ပဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချနိုင်ရေး၊ ထိုက်တန်သောဈေးနှုန်း ရရှိနိုင်ရေးအတွက် နိုင်ငံတကာသစ်သီးဝလံဈေးကွက်မှ တောင်းဆိုသော** Certifications **များကို ပြည်တွင်းစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်လျက်ရှိသော တောင်သူများသို့** GAP, Organic Certificate **အသိအမှတ်ပြု လက်မှတ်များ ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် **"စိုက်ပျိုးရေးတောင်သူများ စိုက်ပျိုးထုတ်လုပ်သည့်သစ်သီးဝလံများ အခွန်ကင်းလွတ်ခွင့်ပေးရေး အစီအစဉ် ရှိ/မရှိ"** မေးမြန်းရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ရှမ်းပြည်နယ် မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၌ သစ်သီးဝလံများကို ကုန်စည်ဒိုင်ဖွဲ့စည်းပြီး မိမိဘက်မှတောင်သူများ၊ ကုန်သည်များ၊ ကုမ္ပဏီများဈေးနှုန်းမှန်ရရှိရေး၊ ဈေးကွက်ဖြစ်ပေါ်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ သစ်သီးဝလံတင်ပို့မှုအနေဖြင့် ဖရဲသီးတင်ပို့မှုတွင် ယခင်နှစ်က တစ်တန်လျှင် ဒေါ်လာ (၂၀၀)ခန့်ရရှိရာမှ ယခုနှစ်တွင် တစ်တန်လျှင် ဒေါ်လာ(၄၀၀) ခန့် ရရှိစေရန် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ သစ်သီးဝလံအပါအဝင် နိုင်ငံထွက် ပစ္စည်းများကို တစ်ဖက်နိုင်ငံမှ ဈေးကွက်ရှာဖွေပေးပြီး တိုက်ရိုက်ချိတ်ဆက် ရောင်းချပေးနိုင်ရေး ကုန်စည်ဒိုင်များဖွဲ့စည်းပြီး သက်ဆိုင်ရာကုမ္ပဏီများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ပြည်တွင်းစိုက်ပျိုးထုတ်လုပ်သူများ အကျိုးပိုမိုရရှိစေခဲ့ပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံထွက် သစ်သီးဝလံများနှင့်စပ်လျဉ်း၍ CAFTA အစီအစဉ်အရ ၂၀၁၀ ခုနှစ် ဇန်နဝါရီလမှစ၍ မြန်မာနိုင်ငံထွက်ကုန်ပစ္စည်း မှန်ကန်ကြောင်း ပင်ရင်းဒေသသက်သေခံလက်မှတ် (Country of Origin Certificate) (Form-E) ထုတ်ပေးပါက တရုတ်နိုင်ငံထံမှ အကောက်အခွန် ကင်းလွတ်ခွင့်ရပြီး လွတ်လပ်စွာရောင်းချလျက်ရှိပါကြောင်း။

ထိုင်းနိုင်ငံသို့ တင်ပို့မည်ဆိုပါကလည်း အာဆီယံဘုံအကျိုးသက်ရောက်သော အကောက်ခွန်လျှော့ချမှု အစီအစဉ် (Common Effective Preferential Tariff-CEPT)အရ အကောက်ခွန်ကင်းလွတ်ခွင့် ရရှိရေးအတွက် ပင်ရင်းဒေသ သက်သေခံလက်မှတ် (Form-D) ကို ထုတ်ပေးလျက်ရှိပါကြောင်း။

သီးနှံများ စိုက်ပျိုးထုတ်လုပ်စဉ်၊ ရိတ်သိမ်းစဉ်၊ ကိုင်တွယ်ထုပ်ပိုးစဉ်၊ သယ်ယူပို့ဆောင်စဉ်တို့တွင် ဖြစ်ပေါ်စေနိုင်သော အန္တရာယ်များလျော့နည်းစေရန် (သို့မဟုတ်) လုံးဝမဖြစ်ပေါ်စေရန် ကာကွယ်သည့် အစီအစဉ်များဖြင့် ဆောင်ရွက်သည့်စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများကို Good Agriculture Practices (GAP)ဟု ခေါ်ဆိုပါကြောင်း။

**ယင်း GAP စနစ်ကို နိုင်ငံအများအပြားတွင် ကျင့်သုံးဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံက စိုက်ပျိုးထုတ်လုပ်သည့် ဟင်းသီးဟင်းရွက် သစ်သီးဝလံများကို GAP Certificate များ ထုတ်ပေးနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာက လက်ခံနိုင်သောအဆင့်ရှိသည့် မြန်မာ GAP Guideline ကို ရေးဆွဲပြဋ္ဌာန်း ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယင်း GAP Guideline ကို အာဆီယံ GAP Guideline နှင့်အညီ ရေးဆွဲလျက်ရှိရာ မူကြမ်း အဆင့် ပြီးစီးနေပြီဖြစ်ပါကြောင်း၊ အတည်ပြုချက် ရရှိပြဋ္ဌာန်းပြီးပါက GAP Guideline နှင့်အညီ စိုက်ပျိုးထုတ်လုပ်သော ထုတ်ကုန်များကို GAP Certificate ထုတ်ပေးနိုင်ရန် ဆောင်ရွက် လျက်ရှိပါကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မန္တလေး၊ ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ သစ်သီးဝလံ စိုက်ပျိုးသူများအား GAP နှင့် Organic စိုက်ပျိုးနည်းစနစ်များ၊ ရိတ်သိမ်းချိန်လွန် နည်းပညာများအား တစ်နေရာလျှင် သင်တန်း (၅)ကြိမ်စီကို မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနှင့် FAO အဖွဲ့တို့၏ အကူအညီများဖြင့် ပူးပေါင်းဖွင့်လှစ်ခဲ့ပါကြောင်း၊ ဆက်လက်၍လည်း သင်တန်းများ ဖွင့်လှစ်ပို့ချသွားမည် ဖြစ်ပါကြောင်း။**

Organic Certificate အသိအမှတ်ပြု လက်မှတ်များ ထုတ်ပေးနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းနှင့် Organic သီးနှံအစုအဖွဲ့တို့ကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီးဖြစ်ပါကြောင်း။

**Organic ထုတ်ကုန်များ ထုတ်လုပ်ရန်အတွက် အရေးကြီးဆုံးအချက်မှာ သွင်းအားစုပစ္စည်းများသည် Organic သွင်းအားစုအဖြစ် အသိအမှတ်ပြုထားသည့် သွင်းအားစုများဖြစ်ရန်လိုပြီး Organic မြေဩဇာဖြန့်ဖြူးသည့်ကုမ္ပဏီများက Organic သီးနှံအစုအဖွဲ့သို့ အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရရှိရေး လျှောက်ထားရန် လိုအပ်ပါကြောင်း၊ လက်ရှိအချိန်တွင် Organic သွင်းအားစုဖြစ်သည့် မြေဩဇာထုတ်လုပ်သည့် ကုမ္ပဏီ(၂)ခုနှင့် သီးနှံများ ထုတ်လုပ်သည့် ကုမ္ပဏီ(၇)ခုကို Organic Certificate ထုတ်ပေးထားပြီး ဖြစ်ပါကြောင်း။**

လက်ရှိအချိန်တွင် နေပြည်တော် အထူးစိုက်ပျိုးရေးဇုန်မှ စိုက်ပျိုးထွက်ရှိသည့်ဟင်းသီးဟင်းရွက်နှင့် ဆန်တို့ကို Organic သီးနှံအဖြစ် စစ်ဆေးပြီး Certificate ထုတ်ပေးတော့မည်ဖြစ်ပါကြောင်း၊ Organic သီးနှံစိုက်ခင်းအဖြစ် အသိအမှတ်ပြုရန် စိုက်ပျိုးသည့် လယ်ယာမြေနှင့်ခြံကို အစုအဖွဲ့တွင် မှတ်ပုံတင်ရမည်ဖြစ်ပြီး အစုအဖွဲ့အနေဖြင့် ယင်းလယ်ယာမြေနှင့် ခြံ၏စိုက်ပျိုးထုတ်လုပ်မှုကို (၃)နှစ်ဆက်တိုက် ပုံမှန်စစ်ဆေးမည်ဖြစ်ပါကြောင်း၊ ပထမနှစ် စစ်ဆေးပြီးပါက အသွင်ပြောင်းကာလအဖြစ်သတ်မှတ်၍ Conversion Certificate ထုတ်ပေးမည်ဖြစ်ပြီး (၃)နှစ်ပြည့်ပြီးနောက် Organic အသိအမှတ်ပြု လက်မှတ်ရရှိပြီးပါက နှစ်စဉ်ပုံမှန် စစ်ဆေးမှုကို ဆက်လက်ခံယူရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးမြေများသည် မူလကတည်းက Organic သဘာဝရှိပြီး မြေဆီပျက်စီးမှုများစွာ မရှိသေးခြင်းကြောင့် Organic သီးနှံထုတ်လုပ်ရန်အတွက် အခွင့်အလမ်းကောင်းများ ရှိနေပါကြောင်း၊ Organic သီးနှံအဖြစ် အသိအမှတ်မပြုသေးမီကြားကာလ၌ တင်ပို့မည်ဆိုလျှင် Conversion Certificate ကို အခြေခံ၍ တစ်ဖက်နိုင်ငံ ဝယ်ယူသူများ၏ဆန္ဒအရ ရောင်းချသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံ Organic အစုအဖွဲ့တွင် စိုက်ပျိုးရေးလုပ်ငန်း၌ အတွေ့အကြုံရှိသူများ၊ ဗဟုသုတရှိသူများ၊ ပညာရှင်များက ဦးဆောင် ပါဝင်နေသည့်အတွက် Organic သီးနှံထွက်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် အခြေခံကောင်းတစ်ခု တည်ဆောက်ပြီးဖြစ်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များအနေနှင့်လည်း Organic သီးနှံများစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချရန် စိတ်ဝင်စားမှုရှိနေခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏ Organic သီးနှံထုတ်ကုန်များအနေနှင့် ဒေသတွင်းနိုင်ငံများ၏ အရည်အသွေးနည်းတူ ထုတ်လုပ်လာနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

**ကုန်သွယ်လုပ်ငန်းခွန် ဥပဒေ၊ နောက်ဆက်တွဲဇယား(၁)ပါ အခွန်မကျသင့်စေမည့် ကုန်ပစ္စည်းများအနက်မှ အမှတ်စဉ်(၁၅)မှာ သစ်သီးစိမ်းအမျိုးမျိုးကို ဖော်ပြထားပြီး အဆိုပါကုန်ပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချလျှင်သော်လည်းကောင်း၊ ပြည်ပမှတင်သွင်းလျှင်သော်လည်းကောင်း၊ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သော်လည်း ပြည်ပပို့ကုန်ရောင်းငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်ပါကြောင်း။**

**နိုင်ငံတော်အနေဖြင့် ပြည်ပပို့ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများ၏ အကျိုးကိုရှေးရှုလျက် ပြည်ပတင်ပို့မှုအပေါ် ကုန်သွယ်ခွန် (၈)ရာခိုင်နှုန်းနှင့် ဝင်ငွေခွန် (၂)ရာခိုင်နှုန်းပေါင်း (၁၀)ရာခိုင်နှုန်း ကောက်ခံနေရာမှ ကုန်သွယ်လုပ်ငန်းခွန် ကို (၅)ရာခိုင်နှုန်းသာ ပေးဆောင်ရန်ကိုလည်းကောင်း၊ အဆိုပါကုန်ပစ္စည်းတစ်မျိုးမျိုးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား နယ်စပ်ကုန်သွယ်မှုတို့တွင် ကျပ်ငွေဖြင့် ပို့ကုန်ရောင်းရငွေရရှိပါက ယင်းရောင်းရငွေ စုစုပေါင်း၏ (၈) ရာခိုင်နှုန်းကို ကုန်သွယ်လုပ်ငန်းခွန်အဖြစ် ကျပ်ငွေဖြင့်ပေးဆောင်ရန် သတ်မှတ်ထားခြင်းအစား (၅)ရာခိုင်နှုန်းသာ ပေးဆောင်ရန်ကိုလည်းကောင်း လျှော့ပေါ့သတ်မှတ်ပေးခဲ့ပါကြောင်း။**



**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည် ထောင် စု ဝန်ကြီး ဦးလှထွန်း မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။**
(သတင်းစဉ်)

ထို့အတူ မြန်မာနိုင်ငံအနှံ့အပြားမှ ကျေးလက်ဒေသနေ တောင်သူများကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်ပြီး တရုတ်နိုင်ငံသို့ ပို့ကုန်လိုင်စင်ဖြင့် နှစ်စဉ်တင်ပို့ရောင်းချနေသည့် သစ်သီးအစုံအမျိုးမျိုးနှင့် သစ်သီးဝလံမျိုးစုံကိုလည်း လယ်ယာနှင့် ရေထွက်ကုန်ပစ္စည်းများနည်းတူ ဝင်ငွေခွန် (၂)ရာခိုင်နှုန်းသာ ကောက်ခံပြီး ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုရန် မြန်မာနိုင်ငံသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တင်ပြလာခဲ့မှုအပေါ် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးတင်မောင်ဝင်း၏ **"ပညာရေးဝန်ကြီးဌာနမှ ခန့်ထားပြီးသော ဘွဲ့ရအထွေထွေလုပ်သားများကို ဆရာအတတ်သင်ကျောင်းသို့ တက်ရောက်ခွင့်ရရှိစေပြီး မူလတန်းပြဆရာ/ဆရာမအဖြစ် ပြောင်းလဲခန့်ထားနိုင်ပါက ၎င်းတို့ဘဝ တက်လမ်း ပွင့်လင်းလာမည်ဖြစ်ပါ၍ အသက်ကန့်သတ်ချက်နှင့် ကျောင်းဝင်ခွင့် စည်းမျဉ်းများ ပြင်ဆင်ချမှတ် ပေးသင့်ပါကြောင်း ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘိုးရယ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချစ်လွင်နှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီတို့က အထွေထွေလုပ်သားအများစုမှာ ကျေးလက်ဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ တာဝန်အရ ရုံးလုပ်ငန်းကိုသာမက ကျောင်း၏လိုအပ်ချက်အရ ဆရာအဖြစ်လည်း တာဝန်ယူနေရပါကြောင်း၊ အထွေထွေလုပ်သားသာမက ဘွဲ့ရအခြားအဆင့် ဝန်ထမ်းအားလုံးကို အသက်ကန့်သတ်ချက် လျှော့ပေါ့ပေးသင့်ပါကြောင်း၊ သင်ကြားရေးပိုင်းတွင် ဆရာလိုအပ်ချက်ကို ပြည့်ဝစွာဖြည့်ဆည်းပေးနိုင်ခြင်းမရှိသေးသကဲ့သို့ ရုံးဝန်ထမ်းပိုင်းတွင်လည်း ၎င်းတို့၏ရာထူးတိုးတက်မှုအခွင့်အလမ်းနည်းပါးနေသဖြင့် ဘွဲ့ရအထွေထွေလုပ်သားများကို အသက်လျှော့ပေါ့၍ ဆရာအတတ်သင်တန်းတက်ရောက်စေပါက အဆင်ပြေစေနိုင်ပါကြောင်း စသည်ဖြင့် ထောက်ခံဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အခြေခံပညာကျောင်းပေါင်း(၄၁၂၇၂)ကျောင်း ဖွင့်လှစ်ထားပြီး အထွေထွေလုပ်သား အပါအဝင် လစာနှုန်းတူ ဝန်ထမ်း(၄၂၀၀၀)ခန့်ရှိပါကြောင်း၊ ပညာရေးကောလိပ်များတွင် ဖွင့်လှစ် လေ့ကျင့်ပေးလျက်ရှိသည့် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာကျွမ်းကျင်မှုဒီပလိုမာ (DTEC)သင်တန်းများသို့ နှစ်စဉ်သင်တန်းသား (၄၀၀၀) ရွေးချယ်တက်ရောက်ခွင့် ပြုထားသည့်အနက် ဝန်ထမ်းများတက်ရောက်ခွင့်ကို (၂၅)ရာခိုင်နှုန်းဖြစ်သည့် ဦးရေ(၁၀၀၀) သတ်မှတ်ပေးထားပါကြောင်း၊ ပြင်ပဘွဲ့ရများအတွက် အသက်(၂၅)နှစ် မကျော်သေးသူဖြစ်ရန်နှင့် ဘွဲ့ရဝန်ထမ်းများအတွက် အသက်(၃၀)နှစ်အစား (၃၂)နှစ် မကျော်သေးသော အမြဲတမ်းဝန်ထမ်းအဖြစ် လုပ်သက်(၂)နှစ်ပြည့်ပြီးသူဖြစ်ရမည်ဟု သတ်မှတ်ထားပါကြောင်း၊ ထို့အပြင် ဘွဲ့ရဝန်ထမ်းများအတွက် အသက်(၃၅)နှစ် မကျော်သေးသော အမြဲတမ်းဝန်ထမ်းအဖြစ် လုပ်သက် (၂)နှစ်ပြည့်ပြီးသူ၊ ကျန်းမာကြံ့ခိုင်ပြီး အားကစား ဝါသနာပါသူများအား အလယ်တန်း (ကာယ)ဆရာအဖြစ် အဆင့်တိုးမြှင့်ခန့်ထားရေးကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှ စတင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ခန့်ထားနိုင်သည့် အင်အားမှာ (၁၀၅၆)ဦး ဖြစ်ပါကြောင်း။

**အသက်(၄၀) မကျော်သေးသော အမြဲတမ်းဝန်ထမ်းအဖြစ် လုပ်သက်(၅)နှစ်ပြည့်ပြီးသူ ဘွဲ့ရဝန်ထမ်းများအား ဆရာလိုအပ်သည့် ကျောင်းများသို့ စေလိုရာစေဆန္ဒပြုမည်ဆိုပါက မူလတန်းပြဆရာအဖြစ် ခန့်ထားပေးမည်ဖြစ်ပြီး ခန့်ထားသည့်စာသင်နှစ်တွင် မူလတန်းပြစာပေးစာယူ သင်တန်းကိုလည်း တက်ရောက်ရမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ အထွေထွေလုပ်သားအဖြစ် ခန့်ထားပြီးဖြစ်သော ဝန်ထမ်းငယ်များအား အသက်ကန့်သတ်ချက်လျှော့ပေါ့၍ မူလတန်းပြဆရာများအဖြစ် ခန့်ထားပေးရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း**ဖြင့် ရှင်းလင်းဖြေကြားသည်။

ထို့နောက် အဆိုတင်သွင်းသူ လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်းက ၎င်း၏အဆိုကို ပြန်လည်ရုပ်သိမ်းခွင့်ပြုရန်တင်ပြရာ လွှတ်တော်က သဘောတူသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်၏ **"မြန်မာနိုင်ငံ ပညာရေးကို ပြန်လည်ဆန်းစစ်၍ ပြုပြင်ပြောင်းလဲ ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဒေါက်တာတင်ရွှေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစိုင်းသန့်ဇင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဌေးမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဝင်းမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးထွန်းကျော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းဆွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်းနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုးတို့က ပညာရေးကဏ္ဍမှ အရည်အချင်းရှိသော လူ့အရင်းအမြစ်များ ပေါ်ထွန်းလာရေးအတွက် အားနည်းချက်များကို ပြန်လည်ဆန်းစစ်ပြီး ပြုပြင်ဆောင်ရွက်သင့်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံများတွင် နိုင်ငံရေး၊ စီးပွားရေး ပြောင်းလဲတိုးတက်လာခြင်းသည် ပညာရေး တိုးတက်မှုအပေါ် မူတည်နေသည်ဟု လက်ခံထားကြပါကြောင်း၊ ကိုယ်တိုင်လေ့လာမှုကို တွန်းအားပေးသည့် ပညာရေးစနစ် ဖြစ်သင့်ပါကြောင်း စသည်ဖြင့် ထောက်ခံဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းနှင့်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❁

# မြန်မာနိုင်ငံ အထက်-အောက် ဆက်သွယ်သွားလာနိုင်သည့် ကြံခင်း-ပခုက္ကူ ရထားလမ်း



ကံမ-သရက် ရထားလမ်းပိုင်းတွင် အထူးရထားပြေးဆွဲစဉ်။



ပခုက္ကူ-ကျွန်းချောင်းရထားလမ်းပိုင်းတွင် ဖွင့်လှစ်ပေးထားသော ပခုက္ကူဘူတာကြီးကို တွေ့ရစဉ်။

## ကြံခင်း-ပခုက္ကူရထားလမ်း

| | |
|---|---|
| **စတင်ဖောက်လုပ်သည့်နှစ်** | **၂၀၀၇ ခုနှစ်** |
| ၁။ ကြံခင်း-သရက်ရထားလမ်းပိုင်း | မိုင် ၁၁၀ |
| ၂။ သရက်-ပွင့်ဖြူရထားလမ်းပိုင်း | မိုင် ၁၀၀ |
| ၃။ ပွင့်ဖြူ-ပခုက္ကူရထားလမ်းပိုင်း | မိုင် ၁၁၀ |
| **ရထားလမ်းစုစုပေါင်းမိုင်အရှည်** | **မိုင် ၃၂၀** |

### ဖွင့်လှစ်ပြီး ရထားလမ်းအပိုင်းများ

| စဉ် | လမ်းပိုင်း | ခရီးမိုင် | ဖွင့်လှစ်သည့်နေ့ |
|---|---|---|---|
| ၁။ | ကြံခင်း-ဥသျှစ်ပင် | ၃၈ မိုင် | ၁-၃-၂၀၀၈ |
| ၂။ | ဥသျှစ်ပင်-ကံမ | ၃၅ မိုင် | ၂၂-၃-၂၀၀၉ |
| ၃။ | ကံမ-သရက် | ၃၅ မိုင် | ၁၇-၁၀-၂၀၀၉ |
| ၄။ | သရက်-မင်းလှ | ၅၂ ဒသမ ၇၀ မိုင် | ၁၄-၃-၂၀၁၀ |
| ၅။ | ပခုက္ကူ-ကျွန်းချောင်း | ၂၇ မိုင် | ၂၀-၁၁-၂၀၀၉ |
| ၆။ | ဆိပ်ဖြူ-ယောချောင်း | ၂၂ မိုင် | ၁၂-၆-၂၀၁၀ |



မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့ ဆိပ်ဖြူ-ယောချောင်း ရထားလမ်းပိုင်း၌ ရထားတစ်စင်း ပြေးဆွဲနေစဉ်။



သရက်-မင်းလှရထားလမ်းပိုင်း၌ ပြေးဆွဲခုတ်မောင်းနေသော ရထားတစ်စင်းကို တွေ့ရစဉ်။

* ကြံခင်း-ပခုက္ကူ မီးရထားလမ်းသည် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းရှိ ဒေသခံပြည်သူများအတွက် ဆက်သွယ်သွားလာရန် အလွန်အရေးပါသော ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်သည်။
* ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှ ကြံခင်းမြို့ကိုဖြတ်ပြီး မကွေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်အနောက်ဘက်ခြမ်း မြို့ရွာများကိုဖြတ်ကာ မန္တလေးအထိ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့အထိ လည်းကောင်း သွားလာနိုင်သည့်အပြင် မင်းဘူးမြို့မှ ဖောက်လုပ်ဆဲ မင်းဘူး-အမ်း-ကျောက်တော်-စစ်တွေ မီးရထားလမ်းအတိုင်း ရခိုင်ပြည်နယ် စစ်တွေမြို့အထိ မီးရထားဖြင့် ဆက်သွယ်သွားလာနိုင်သည်။
* မူလကရှိပြီးဖြစ်သည့် ပုသိမ်-ကြံခင်းရထားလမ်း၊ ပခုက္ကူ-ကလေးရထားလမ်းများနှင့် ဆက်မိသွား၍ ပုသိမ်မှ ကလေးအထိ ရထားဖြင့်သွားလာနိုင်ပြီး ပခုက္ကူမှတစ်ဆင့် မန္တလေး၊ မုံရွာ၊ ရွှေဘို၊ မြစ်ကြီးနားအထိ သွားလာနိုင်သည်။
* ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းဒေသနှင့် အနောက်ဘက်ခြမ်းဒေသများ စီးပွားရေး၊ လူမှုရေး တန်းတူညီတူဖြစ်လာမည်။ ဧရာဝတီမြစ်အနောက်ဘက်ခြမ်း၏ အဓိကပင်မရထားလမ်းမကြီးအဖြစ် အကောင်အထည်ပေါ်လာပြီး ဖောက်လုပ်ပြီးသား ရထားလမ်းများနှင့် ဆက်စပ်ပြီး တစ်မြို့နှင့်တစ်မြို့ အပြန်အလှန်သွားလာနိုင်ကာ ဒေသခံပြည်သူများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ကူးသန်းသွားလာကုန်သွယ်မှုများ တိုးပွားလာမည်။

**(သတင်းမှတ်စု-မောင်ငြိမ်းအေး)**

“ဆိပ်ဖြူ-ယောချောင်းရထားလမ်းပိုင်းသစ် ဖွင့်လှစ်ပေးတဲ့အတွက် အရင်က ယောချောင်းကို လှေစီးပြီး ခက်ခက်ခဲခဲသွားရတဲ့ ဒုက္ခကဝေးသွားလို့ နိုင်ငံတော်အစိုးရကို ကျေးဇူးအများကြီးတင်ပါတယ်”

**[ဆိပ်ဖြူမြို့သား ဦးတင်စိုး]**

“ကြံခင်းမြို့နယ်မှာ စိုက်ပျိုးရေးလုပ်ငန်းတွေ၊ ဘိလပ်မြေစက်ရုံ၊ မွေးမြူရေးလုပ်ငန်းတွေရှိပါတယ်။ လုပ်ငန်းက ထုတ်ကုန်တွေကို တင်ပို့ချင်ရင် ကြံခင်းမှ ပုသိမ်၊ ပုသိမ်မှ ရန်ကုန်၊ ရန်ကုန်မှနေပြီးတော့ အထက်-အောက်အဆင့်ဆင့် သွားရပါတယ်။ အခု ကြံခင်း-ပခုက္ကူ ရထားလမ်းမကြီး ဖောက်လုပ်ပေးထားတော့ ပုသိမ်ကနေ အထက်ကို တိုးလျှိုပေါက်သွားနိုင်လို့ သယ်ယူပို့ဆောင်ခတွေ သိသိသာသာ သက်သာလာပြီး ခရီးလည်းတွင်လို့ အများကြီးဝမ်းမြောက်ပီတိ ဖြစ်မိပါတယ်”

**[ကြံခင်းမြို့နယ်ဒေသခံ ဦးငွေးမင်း]**

“ကျွန်တော်က မကွေးတိုင်းဒေသကြီး သရက်မှာ နေပါတယ်။ ကျွန်တော်စားသုံးဆီလုပ်ငန်း လုပ်ပါတယ်။ ပုသိမ်မှာလည်း ကျွန်တော့်မိဘတွေရှိပြီး စားသုံးဆီအရောင်းအဝယ်လုပ်လို့ သရက်ကနေ ပုသိမ်ကို အရင်က မကြာခဏသွားတဲ့အခါ ခရီးအဆင့်ဆင့်သွားရပြီး ရန်ကုန်မှာ တစ်ညအိပ်၊ နောက်မှ ပုသိမ်ကို ဆက်သွားရလို့ အချိန်လည်းကုန်၊ လူလည်းပင်ပန်း၊ ငွေလည်း အကုန်အကျများခဲ့ပါတယ်။ ခုတော့ သရက်ကနေ ကြံခင်းအထိ တိုက်ရိုက်သွားနိုင်ပြီး ပုသိမ်ကိုသွားရလို့ အချိန်ကုန် ငွေကုန်သက်သာတဲ့အတွက် ရထားလမ်းဖောက်လုပ်ပေးတဲ့ နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ပါတယ်”

**[သရက်မြို့ခံ ဦးဝင်းသန်း]**



သရက်မှ ကံမသို့ အထူးရထား စတင်ပြေးဆွဲစဉ် ကံမဘူတာတွင် ဒေသခံပြည်သူများက ဝမ်းမြောက်ဝမ်းသာ သောင်းသောင်းဖြဖြ နှုတ်ဆက်ကြစဉ်။

❀ စာမျက်နှာ ၇ မှ

သင်ရိုးမာတိကာများအဖြစ် အဆင့်မြှင့်တင် ပြုစုရန်နှင့် ခေတ်နှင့်အညီ အသုံးချမှု၊ လက်တွေ့သင်ကြားပို့ချမှုများဖြင့် အသိဉာဏ်နှင့်ကျွမ်းကျင်မှုကို ပြုစုပျိုးထောင်ပေးရန်တို့အတွက် နှစ်စဉ် ဘာသာရပ်သင်ကြားရေးအဖွဲ့ အစည်းအဝေးများကျင်းပပြုလုပ်ပြီး မွမ်းမံရေးဆွဲအတည်ပြုချက်ရယူ၍ သင်ကြားပို့ချလျက်ရှိကာ တတ်မြောက်မှုကို ဖော်ထုတ်သော စစ်ဆေးသည့်စနစ်ကို ကျင့်သုံးလျက်ရှိပါကြောင်း။

**မြန်မာနိုင်ငံရှိ တက္ကသိုလ်အချို့သည် အာဆီယံတက္ကသိုလ်များကွန်ရက်အဖွဲ့ဝင် တက္ကသိုလ်များဖြစ်၍ အခြားအဖွဲ့ဝင် ထိပ်တန်းတက္ကသိုလ်များ၏ ပညာရည်အဆင့်မီစေရေးအတွက် ထိုတက္ကသိုလ်များ၏ အုပ်ချုပ်မှုစနစ်နှင့် လိုက်လျောညီထွေရှိသောအုပ်ချုပ်မှုစနစ်ဖြစ်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တက္ကသိုလ်များကို နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် မူဝါဒနှင့် ကိုက်ညီမှု ရှိ/မရှိကိုသာ စိစစ်ပြီး ကိုက်ညီပါက လွတ်လပ်စွာဆက်သွယ်ဆောင်ရွက်ခွင့်ပေးထားပါကြောင်း။**

Ph.D Thesis များနှင့် အခြားဘာသာရပ်ဆိုင်ရာ အထူးပြုနယ်ပယ်အလိုက် ဆောင်ရွက်လျက်ရှိသော သုတေသနလုပ်ငန်းများဆောင်ရွက်ရာ၌ လက်တွေ့နယ်ပယ်တွင် တိုက်ရိုက်အသုံးချနိုင်သော အသုံးချသုတေသနများ ပိုမိုဆောင်ရွက်ခြင်းကို အားပေးလျက်ရှိပြီး ရရှိလာသော သုတေသနတွေ့ရှိချက်များကို သုတေသနစာတမ်းများအဖြစ် ပြုစု၍ သုတေသနရလဒ်များနှင့် တွေ့ရှိချက်များအား အသုံးချနယ်ပယ်တွင် ပေါင်းစပ်ဆောင်ရွက်ရန် အသိပေးလျက်ရှိပါကြောင်း။

နိုင်ငံတကာ ပညာသင်ဆုများဖြင့် ပါရဂူဘွဲ့သင်တန်းသား(၁၀၈)ဦး၊ မဟာဘွဲ့သင်တန်းသား (၉၆)ဦး၊ သုတေသနသင်တန်းသား (၁၄၈) ဦး၊ Training သင်တန်းသား(၈၀၆)ဦး၊ Study Tour (၅၀၃)ဦး၊ ဆွေးနွေးပွဲ တက်ရောက်သူ (၈၉၈)ဦး စုစုပေါင်း (၂၅၈၆)ဦးတို့အား ပြည်ပသို့စေလွှတ်ခဲ့ပြီး နှစ်စဉ်တိုးချဲ့စေလွှတ်လျက်ရှိပါကြောင်း။

အခြေခံပညာကဏ္ဍတွင် ပညာရေးရည်မှန်းချက်များနှင့်အညီ ဆရာအပါအဝင် ပညာရေးဝန်ထမ်းများ၏ လူမှုဘဝနှင့် အရည်အသွေးမြင့်မားရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး မိဘ၊ ဆရာပူးပေါင်း၍ ကျောင်းသားများ၏ ပညာရည်တိုးတက်အောင် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်က **"တောင်သူလယ်သမားများ၏ ကုန်ထုတ်စွမ်းအား ဆန်စပါးတိုးတက်မြင့်မားစေရေးနှင့် ဝင်ငွေတိုးတက်ရရှိရေးအတွက် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူသည်။

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးဇော်နိုင်ဦးက **"နိုင်ငံအတွင်းရှိ မြို့ပြများနှင့်နီးပြီး ငြိမ်းချမ်းမှုမရှိသောဒေသများနှင့် ဆက်စပ်လျက်ရှိသော ကျေးရွာများတွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ လိုအပ်ချက်များနှင့် ကြုံတွေ့ခံစားနေရသော အခက်အခဲများအား စစ်ကြောင်းကြီးများနှင့် သွားရောက်၍ တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူသည်။

အမျိုးသားလွှတ်တော် ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင်အဖွဲ့ဝင် ဗိုလ်မှူးမောင်မောင်ကြီးက ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင်၏ **"အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ** (Intellectual Property Rights) **ဥပဒေများဖြစ်သည့် တီထွင်မှုပိုင်ဆိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းဥပဒေ၊ ကုန်အမှတ်တံဆိပ်ဥပဒေနှင့် မူပိုင်ခွင့်ဥပဒေများ ပြဋ္ဌာန်း အကောင်အထည်ဖော်ရေး အစီရင်ခံစာ"** နှင့် **"၁၉၅၈ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာ နိုင်ငံခြားခုံသမာဓိ ဆုံးဖြတ်ချက်အား အသိအမှတ်ပြုရေးနှင့် ဆုံးဖြတ်ချက်အတိုင်း အတည်ပြုဆောင်ရွက်ရေး ကွန်ဗင်းရှင်းကို နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် လက်ခံရေးကိစ္စနှင့် အဆိုပါကွန်ဗင်းရှင်းကို လက်ခံပြီးနောက် နိုင်ငံခြားခုံသမာဓိ ဆုံးဖြတ်ချက်အတိုင်း အတည်ပြုဆောင်ရွက်ရေး ဥပဒေကို ပြဋ္ဌာန်းရေးအစီရင်ခံစာ"** တို့ကို ကော်မရှင်ကိုယ်စား အဆိုအဖြစ် တင်သွင်းရာ ယင်းအဆိုများကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးခင်မောင်ရီက စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါက်တာဘိုကြီး(ခ) ဦးအောင်ငွေ ကွယ်လွန်သွားခြင်းအတွက် အထူးဝမ်းနည်းကြောင်း အဆိုတင်သွင်းရာ ယင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်းနှင့် ယင်းအဆိုနှင့်လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်မှတ်တမ်းကို သပ်ရပ်စွာပြုစု၍ ကွယ်လွန်သူ၏ အမွေခံထံ ပေးပို့မည်ဖြစ်ကြောင်း ကြေညာသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဘိုကြီး(ခ) ဦးအောင်ငွေသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့်အချိန်မှစ၍ ကွယ်လွန်အနိစ္စရောက်သည့်နေ့တိုင် စိတ်ဓာတ်ခိုင်မာစွာဖြင့် နိုင်ငံတော်နှင့်ပြည်သူများအပေါ် တာဝန်ကျေပွန်မှုများအတွက် အမျိုးသားလွှတ်တော်က ဂုဏ်ပြုသည့်အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များက(၂)မိနစ်ခန့် ငြိမ်သက်စွာ မတ်တတ်ရပ်၍ ဂုဏ်ပြုကြသည်။

ထို့နောက် လွှတ်တော်သက်တမ်းအတွင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးတစ်ယောက်ကွယ်လွန်ခဲ့ပါက လွှတ်တော်က လူမှုရေးကူညီထောက်ပံ့ပေးနိုင်ရန် တစ်နေ့တာနေ့တွက်စရိတ်ကို စုပေါင်းကူညီထောက်ပံ့ရန် လွှတ်တော်က သဘောတူသည်။

ယင်းနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ညနေ ၅ နာရီ ၃၅ မိနစ်တွင် ရပ်နားသည်။

ယနေ့အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှပေးပို့ခဲ့သော သဝဏ်လွှာအား မှတ်တမ်းတင်ခြင်း၊ မေးခွန်း(၁၀)ခုကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ အဆို (၂)ခုကိုဆွေးနွေးပြီး အဆို(၁)ခုကို ပြန်လည်ရုပ်သိမ်းခြင်းနှင့် အဆို(၁)ခုကို အတည်ပြုခြင်း၊ အဆို(၅)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြား

**ရန်ကုန် ဇန်နဝါရီ ၁၀**

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်သည် ယနေ့နံနက် ၁၀ နာရီတွင် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့အစည်းအဝေးခန်းမ၌ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များအားတွေ့ဆုံပြီး ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားရာတွင် ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးမှာ ကြုံတောင့်ကြုံခဲလှသည့် ရာပြည့်ပွဲတော်ကြီးဖြစ်၍ ပွဲတော်ကြီးကို ခမ်းခမ်းနားနား၊ သိုက်သိုက်မြိုက်မြိုက်၊ စည်စည်ကားကားဖြစ်အောင် စီစဉ်ကျင်းပသွားရန်၊ လုပ်ငန်းများအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပွဲတော်ကျင်းပရေးဗဟိုကော်မတီနှင့် ဆပ်ကော်မတီအားလုံးတို့က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်၊ ပွဲတော်အကြိုကာလတွင် ရွှေတိဂုံစေတီတော်၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရုပ်ပွားတော်နှင့် ရွှေပြားသက်န်းတော်များအား ဆံတော်ကြိုစေတီတည်ရှိရာ ဒေသများသို့ လှည့်လည်အပူဇော်ခံရာ၌ ရွှေတိဂုံစေတီတော်၏ ကြီးမြတ်သော ဂုဏ်တော်များ လွှမ်းခြုံပျံ့နှံ့စေရန်၊ ပွဲတော်ကြီးတစ်ခုလုံးနှင့် ပတ်သက်၍ ဆောင်ရွက်ချက်မှတ်တမ်းမှတ်ရာများ ပြည့်ပြည့်စုံစုံ ထားရှိရန်၊ နှစ်(၂၆၀၀)ပြည့် အထိမ်းအမှတ်အနေဖြင့် ကျောက်စာတိုင် သို့မဟုတ် ကမ္ပည်းမော်ကွန်းရေးထိုးထားရှိရန်တို့နှင့် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်သို့အဝင် ဦးဝိစာရလမ်းဘက်တွင် မုခ်ဦးဆောင်နှစ်ခု တည်ဆောက်ရေး၊ ရွှေတိဂုံစေတီတော်ပြတိုက်မှ အနောက်ဘက်အောက်ပစ္စယံရှိ မဟာဗုဒ္ဓဝင်ပြခန်းသို့ သွားလာနိုင်ရေးအတွက် သာယာလှပသော မြေယာရှုခင်းအလှပြင်ဆင်ပြီး သီးခြားနတ်လမ်းလှေကားပြုလုပ်တည်ဆောက်ရေး၊ ဗုဒ္ဓဝင်ပြခန်းကို ခေတ်မီသည့် အခင်းအကျင်းများဖြင့် အဆင့်မီမီ ခင်းကျင်းပြသရေးတို့ကို မှာကြားသည်။

ထို့နောက် ရွှေတိဂုံစေတီတော်အနောက်ဘက်ရှိ သိင်္ဂုတ္တရဥယျာဉ်တော်နှင့် ရှင်ဥပဂုတ္တမင်္ဂလာကန်တော်တို့သို့ သွားရောက်ကြည့်ရှုပြီး ဥယျာဉ်တော်နှင့် မင်္ဂလာကန်တော်တို့အား ရေရှည်တည်တံ့ထိန်းသိမ်းရေးအတွက် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်တက်ရောက်၍ ဆွေးနွေးမှာကြား

နေပြည်တော် ဇန်နဝါရီ ၁၀

**ကုန်သွယ်မှုလုပ်ငန်းများဖြင့် အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်ဟူသည့် ဝန်ကြီးဌာန၏မျှော်မှန်းချက်အား ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးနေသည့် နိုင်ငံဖြစ်သည်နှင့်အညီ ကုန်သွယ်မှုသည် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အဓိကမောင်းနှင်အား (Trade is Engine of Growth)အဖြစ်နှင့် ကုန်သွယ်မှုတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ရာ၌ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး (Trade Facilitation)၊ ဖြေလျှော့ရေး (Liberalization)၊ ကုန်သွယ်မှုမြှင့်တင်ရေး(Trade Promotion)တို့ကို အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံတကာစံနှုန်းများနှင့်အညီ သင့်တော်သောနည်းလမ်းများကို အကြံပြုဆွေးနွေးကြစေလိုကြောင်းဖြင့် ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေး စုပေါင်းခန်းမ၌ ကျင်းပသည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်များအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အမှာစကားပြောကြားသည်။**



**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်များအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။** (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် အများစုဖြစ်သည့် ကျေးလက်နေ တောင်သူလယ်သမားများ စိုက်ပျိုးမွေးမြူထုတ်လုပ်သော လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်နှင့် မွေးမြူရေးထွက်ကုန်ပစ္စည်းများ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးရရှိရေးအတွက် ဈေးကွက်အသစ်၊ အမယ်သစ်များ ရှာဖွေဆောင်ရွက်ရန်အတွက် နည်းလမ်းများကို လေ့လာသုံးသပ်ကြရမည်ဖြစ်သကဲ့သို့ ကုန်ပစ္စည်းများကို ကုန်ကြမ်းအတိုင်း တင်ပို့ခြင်းထက် တန်ဖိုးမြှင့်ကုန်ပစ္စည်း (Value Added) များ ထုတ်လုပ်တင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေပိုမိုရရှိနိုင်သည့်အပြင် ပြည်တွင်းအလုပ်အကိုင်ရရှိရေးကိုပါ ဖော်ဆောင်နိုင်မည်ဖြစ်သည့်အတွက် ထည့်သွင်းစဉ်းစားဆွေးနွေးရန် မှာကြားလိုကြောင်း၊ ကုန်သွယ်မှုပမာဏအရ ပို့ကုန်နှင့် သွင်းကုန်အား ချိန်ညှိဆောင်ရွက်လျက်ရှိသော်လည်း ယခု စနစ်သစ်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေချိန်၌ လုပ်ငန်းလိုအပ်ချက်အရ သွင်းကုန်ပမာဏအနေနှင့် ပို့ကုန်ပမာဏထက်ပိုမိုနေသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ပြီး ပိုမိုလာရသည့် အကြောင်းအရင်းမှာ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ ယခင်ကထက်ပိုမိုတင်သွင်းရန် လိုအပ်နေသည့်အတွက်ဖြစ်ကြောင်း၊ စက်သုံးဆီနှင့် စားသုံးဆီတို့အား ပုဂ္ဂလိကလုပ်ငန်းရှင်အားလုံး လွတ်လပ်စွာ တင်သွင်းခွင့်ပြုလိုက်သည့်အတွက် ယခင်တရားမဝင်လမ်းကြောင်းက ဝင်ရောက်နေသော ကုန်ပစ္စည်းများ တရားဝင်လမ်းကြောင်းကနေ စနစ်တကျ လိုင်စင်ပြုလုပ်တင်သွင်းသည့်အတွက် သွင်းကုန်တန်ဖိုးပိုမိုလာသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း သွင်းကုန်ကဏ္ဍပိုင်း၌ အချို့ပစ္စည်းအမယ်များ ဥပမာ နို့ဆီ၊ နို့စိမ်း၊ စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကဲ့သို့ Non-Essential ပစ္စည်းများကို ပြည်တွင်းတွင် ထုတ်လုပ်နိုင်မည်ဆိုလျှင် လျှော့ချတင်သွင်းရန် လုပ်ငန်းရှင်များအား ဆွေးနွေးစည်းရုံးပြီး ပြည်တွင်း၌ အရည်အသွေးကောင်းအောင်၊ ထုတ်လုပ်နိုင်အောင် အားပေးစည်းရုံးကြရန် လိုအပ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းမန်နေဂျာများ၊ အင်ဂျင်နီယာချုပ်များက ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ပို့ကုန်တိုးတက်ရေး၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးနှင့် အမယ်သစ်ပို့ကုန်များ ဈေးကွက်ချဲ့ထွင်တင်ပို့နိုင်ရေး၊ စက်မှုကုန်ထုတ်လုပ်ငန်းများကို မထိခိုက်စေဘဲ ပြည်တွင်းဈေးကွက်အတွင်း လိုအပ်လျက်ရှိသော ကုန်ပစ္စည်းများအား စနစ်တကျ တင်သွင်းခွင့်ပြုရေးကိစ္စများကို ရှင်းလင်းဆွေးနွေးအကြံပြုတင်ပြကြပြီး ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက တင်ပြချက်များအပေါ် သုံးသပ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ပြည်သူများသို့ အသိပေးတင်ပြချက်

**(၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)**

၁။ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် နိုင်ငံတော်နှင့် ပြည်သူများအတွက် အဆင်ပြေချောမွေ့သော ဆက်သွယ်မှုဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးရန် တာဝန်ရှိသည်နှင့်အညီ ပြည်သူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး တစ်နေရာနှင့်တစ်နေရာ ကောင်းမွန်သက်သာစွာ တယ်လီဖုန်းဆက်သွယ်ပြောဆိုနိုင်ရေးအတွက် ကနဦးတပ်ဆင်ခနှုန်းထားများကို အဆင့်လိုက် လျှော့ချပေးလျက်ရှိပါသည်။ ယခင်မိုဘိုင်းတယ်လီဖုန်းတစ်လုံးလျှင် ငွေကျပ်(၁၅)သိန်းရှိခဲ့ရာမှ ၂၀၁၀ ခုနှစ် ဇန်နဝါရီလမှစ၍ တစ်လုံးလျှင် ငွေကျပ် (၅)သိန်းသို့ လျှော့ချပေးခဲ့ပြီး ပြည်သူများအနေဖြင့် မိုဘိုင်းတယ်လီဖုန်းများကို နေရာဒေသမရွေး၊ အချိန်မရွေး အလွယ်တကူ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် ပုဂ္ဂလိကကုမ္ပဏီများနှင့်ပူးပေါင်း၍ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ အော်တိုတယ်လီဖုန်းတပ်ဆင်ခများကိုလည်း ယခင်အော်တိုတယ်လီဖုန်းတစ်လုံး တပ်ဆင်ခငွေကျပ်(၁၀)သိန်းရှိခဲ့ရာမှ ၂၀၁၁ ခုနှစ် မေလမှစ၍ လျှော့ချပေးခဲ့ပြီး အရစ်ကျပေးသွင်းသည့်စနစ်ဖြင့်ပင် တပ်ဆင်ပေးလျက်ရှိပါသည်။

၂။ ထို့အပြင် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ဖြစ်စေရန်အတွက် မိုဘိုင်းတယ်လီဖုန်းများကို သက်သာသည့်နှုန်းဖြင့် မြို့ရွာ/ ကျေးလက်ပါမကျန် သုံးစွဲနိုင်ရန်အတွက် GSM/UMTS တယ်လီဖုန်းတိုးချဲ့တပ်ဆင်ရေးစီမံကိန်းကို ပြည်တွင်းကုမ္ပဏီ ၂၃ ခုနှင့် တည်ဆဲဥပဒေများနှင့်အညီ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး စီမံကိန်းကာလ (၅)နှစ်အတွင်း မိုဘိုင်းတယ်လီဖုန်းတပ်ဆင်ခနှုန်းထားများကို ပတ်ဝန်းကျင်နိုင်ငံများကဲ့သို့ အဆင့်ဆင့်လျှော့ချသွားနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။

၃။ မိုဘိုင်းတယ်လီဖုန်းတစ်လုံး ပြောဆိုဆက်သွယ်နိုင်ရန်အတွက် မြေနေရာရှာဖွေသတ်မှတ်၍ ရေဒီယိုစခန်းများ တည်ဆောက်ခြင်း၊ စက်ပစ္စည်းများ လုံလောက်စွာတပ်ဆင်ရခြင်း၊ မြို့တွင်းဆက်သွယ်မှု၊ တစ်မြို့နှင့်တစ်မြို့ ဆက်သွယ်မှုနှင့် ပင်မကျောရိုးဆက်သွယ်မှုတို့အတွက် ဆက်သွယ်ရေးဆက်ကြောင်းကြီးများ အချိန်ယူတည်ဆောက်ရခြင်း၊ သုံးစွဲသူများအနေဖြင့် တယ်လီဖုန်းပြောဆိုခများကို Prepaid, Postpaid, Online စသည်ဖြင့် ပေးဆောင်နိုင်ရန်အတွက် နည်းပညာမြင့်မားသည့် Billing စနစ်ကို တည်ဆောက်ရခြင်း၊ တိုးချဲ့တပ်ဆင်မည့် တယ်လီဖုန်းများနှင့် ရှိပြီးမိုဘိုင်းဖုန်းများ၊ အော်တိုဖုန်းများ ဆက်သွယ်ပြောဆိုနိုင်ရန် အော်တိုဖုန်း၊ မိုဘိုင်းဖုန်းနှင့် International Gateway များ၊ Internet Gateway များ စသည်တို့ကို ထပ်မံချဲ့ထွင်ဆောင်ရွက်ရပါသည်။

၄။ ယခုအခါ ပြည်တွင်းထုတ်ဂျာနယ်များတွင် တယ်လီဖုန်းတစ်လုံးလျှင် ကနဦးတပ်ဆင်ခငွေကျပ် ၅၀၀၀ ဖြင့် ကိုင်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ယင်းဖုန်းများအား ယခုနှစ် မတ်လမှ ဧပြီလအတွင်း စတင်အသုံးပြုနိုင်မည်ဖြစ်ကြောင်းနှင့် ဂျာနယ်တစ်ခုတွင် တာဝါတိုင် ၂၈၀၀ ကိုပင် ထောင်မည်ဟုပင် ဖတ်ရှုလိုက်ရပါသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ယင်းကုမ္ပဏီ၏တင်ပြချက်ကို သက်ဆိုင်ရာ အင်ဂျင်နီယာချုပ်များ၊ လုပ်ငန်းအတွေ့အကြုံရှိသူများနှင့် လေ့လာဆန်းစစ်ရာတွင် **ဆက်သွယ်မှုကွန်ရက်ကို စနစ်တကျတည်ဆောက်ရန် အချိန်များစွာလိုအပ်ခြင်းနှင့် တည်ဆဲဥပဒေတို့အရ ကိုက်ညီမှုမရှိခြင်းတို့ကြောင့် ယင်းငွေကျပ် ၅၀၀၀ တန် ဖုန်းကိစ္စမှာ လောလောဆယ်တွင် ဖြစ်နိုင်ခြေမရှိသေး (ဖြစ်နိုင်ခြေမရှိသေး)ပါကြောင်း ပြည်သူများအား တင်ပြအသိပေးအပ်ပါသည်။**

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**
**ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန**

# နိုင်ငံခြားတွင်သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသည့် နိုင်ငံသားများ၏ လုပ်ခ၊ လစာ၊ ဝင်ငွေများကို မြန်မာနိုင်ငံသို့ ဘဏ်များမှတစ်ဆင့် လျင်မြန်စွာ လွယ်ကူစိတ်ချစွာ ပေးပို့နိုင်တော့မည်

**နေပြည်တော် ဇန်နဝါရီ ၁၀**

ပြည်ပရောက် မြန်မာအလုပ်သမားများမှ မြန်မာနိုင်ငံရှိမိသားစုများထံ ငွေလွှဲပို့ရာ၌ လုံခြုံစိတ်ချ၍ လျင်မြန်ချောမွေ့စွာ ပေးပို့နိုင်ရန်အတွက် နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားခွင့် လိုင်စင်ရ ပုဂ္ဂလိကဘဏ်လေးဘဏ်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ပြည်ပငွေလွှဲလုပ်ငန်း ဆောင်ရွက်ခွင့်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါဘဏ်လေးဘဏ်မှာ သမဝါယမဘဏ်လီမိတက်၊ ကမ္ဘောဇဘဏ်လီမိတက်၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက်နှင့် ဧရာဝတီဘဏ်လီမိတက်တို့ဖြစ်ကြပြီး သမဝါယမဘဏ်ကို စင်ကာပူနိုင်ငံတွင် လည်းကောင်း၊ ကမ္ဘောဇဘဏ်ကို ထိုင်းနိုင်ငံတွင် လည်းကောင်း၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်ကို စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် လည်းကောင်း၊ ဧရာဝတီဘဏ်ကို မလေးရှားနိုင်ငံတွင်လည်းကောင်း ပြည်ပငွေလွှဲ လုပ်ငန်းဆောင်ရွက်ခွင့်ပြုခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ ပြည်ပငွေလွှဲလုပ်ငန်း ဆောင်ရွက်ခွင့်ပြုခြင်းအားဖြင့် ပြည်ပရောက် မြန်မာအလုပ်သမားများက မြန်မာနိုင်ငံရှိမိသားစုများထံ တရားဝင်လမ်းကြောင်းမှ လုံခြုံစိတ်ချစွာ ငွေလွှဲပေးပို့နိုင်ခြင်း၊ ပြည်ပအလုပ်သမားများထံမှ လွှဲပို့သည့် နိုင်ငံခြားငွေပမာဏကို တိကျစွာသိရှိနိုင်ခြင်း၊ တိုင်းပြည်ဝင်ငွေကို ခန့်မှန်းတွက်ချက်ရာတွင် အထောက်အကူဖြစ်စေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်းနှင့် ယင်းဘဏ်များမှ ပြည်ပငွေလွှဲလုပ်ငန်းဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာနိုင်ငံများရှိ နိုင်ငံခြားဘဏ်များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လများတွင် လုပ်ငန်းစတင်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး သာကေတကမ်းလွန်ရေနံအခြေစိုက်စခန်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၃၀**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ပြည်တွင်းသုံး သဘာဝဓာတ်ငွေ့ပိုက်လိုင်းကွန်ရက်ရှိ ပိုက်လိုင်းများ ကြံ့ခိုင်မှုရှိစေရန်နှင့် သဘာဝဓာတ်ငွေ့ တိုးမြှင့်ပို့ဆောင်နိုင်ရေးအတွက် ကြံ့ခိုင်မှုပိုမိုကောင်းမွန်သောပိုက်များဖြင့် အစားထိုးလဲလှယ်ခြင်း၊ ပိုက်လိုင်းလမ်းကြောင်းသစ်များ တိုးချဲ့ဆက်သွယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယခုအခါ ပြည်ပမှ မှာယူတင်သွင်းလာသော P.E Coated ပိုက်များ ရေကြောင်းလမ်းမှတစ်ဆင့် ရောက်ရှိလာခဲ့ပြီဖြစ်၍ သက်ဆိုင်ရာလုပ်ငန်းခွင်အသီးသီးသို့ အလျင်အမြန် ရောက်ရှိစေရန် ပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

လုပ်ငန်းဆောင်ရွက်မှုများ လျင်မြန်ချောမွေ့မှုရှိစေရန် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း သာကေတ ကမ်းလွန်ရေနံအခြေစိုက်စခန်းရှိ ပိုက်လိုင်းစုပုံထားရှိမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးရာ အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများက ပိုက်များရောက်ရှိမှု၊ စုပုံထားရှိမှု၊ ဖြန့်ခွဲပို့ဆောင်နေမှုများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ပွင့်လင်းရာသီတွင် အချိန်မီ ပိုက်ဆက်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဆွေးနွေးမှာကြားကာ မော်တော်ယာဉ်များဖြင့် ပိုက်များတင်ပို့နေမှုကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မလွကုန်းဘူတာ၌ မီးရထားဖြင့် ပိုက်များတင်ပို့ရန် ဆောင်ရွက်နေမှုများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး တာမွေမြို့နယ် မလွကုန်းဘူတာ၌ မီးရထားဖြင့် ပိုက်များတင်ပို့ရန် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)



# ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများအမှတ်စဉ်(၄/၂၀၁၂) ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃၀

**ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ကြီးကြပ်၍ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (နေပြည်တော်)၏ဦးဆောင်မှုဖြင့်ဖွင့်လှစ်သော ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများအမှတ်စဉ်(၄/၂၀၁၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန် ဇမ္ဗူသီရိဟိုတယ်၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းတက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။** (အပေါ်ပုံ)

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာ၌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ရည်ရွယ်ချက်များတွင် ပါဝင်သော ဟိုတယ်နှင့်စားသောက်ဆိုင်များ အဆင့်အတန်းမြင့်မားရေးကို အကောင်အထည်ဖော်သည့်အနေဖြင့် ယခုကဲ့သို့ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဖြစ်သော ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ တိုးတက်လာသော မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းကို ဟန်ချက်ညီအောင် ဝိုင်းဝန်းဆောင်ရွက်ကြရာ၌ ဟိုတယ်များ၏ အရည်အသွေးမြင့်မားရေးသည် အခြေခံအကျဆုံးအပိုင်းမှပါဝင်နေကြောင်း၊ ပိုမိုတိုးမြှင့်ရောက်ရှိနေသည့် နိုင်ငံခြားသားဧည့်သည်များတည်းခိုနိုင်ရန် ဟိုတယ်အခန်းများ တစ်နေ့ထက်တစ်နေ့ ပိုမိုလိုအပ်နေသည်ကို ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ အင်းလေး စသည့်မြို့ကြီးများတွင် အထင်အရှားတွေ့မြင်နေရပြီ ဖြစ်ကြောင်း၊ ဟိုတယ်များ၌ တည်းခိုသည့်နိုင်ငံခြားသားဧည့်သည်များအတွက် ဝန်ဆောင်မှုပေးရသည့် ကျွမ်းကျင်ဝန်ထမ်းများ လိုအပ်ချက်အရေအတွက်နှင့် အရည်အချင်းလိုအပ်မှုသည်လည်း ပိုမိုအရေးပါလာပြီဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပခဲ့သော GMS အစည်းအဝေး၌ ချမှတ်ခဲ့သည့် ဦးစားပေးကဏ္ဍ (၉)ခုတွင် လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍ၌ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး (Human Resource Development) ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးမှုကို ရှုထောင့်ပေါင်းစုံနှင့်ရှုမြင်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရသည်အထိ ရည်မှန်းကြိုးပမ်းရမည်ဖြစ်၍ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်ခြင်းအပြင် ယခုသင်တန်းတက်ရောက်ခွင့်ရရှိသူများလည်း အခွင့်သာခိုက် မိမိတို့အရည်အချင်းကို ပီပြင်စွာ တိုးတက်အောင် ကြိုးကြိုးစားစားသင်ယူကြရန် လိုအပ်ကြောင်း၊ သင်တန်းမှ ပို့ချပေးသည့် စာတွေ့လက်တွေ့ ပညာရပ်များသည် သင်တန်းသားများအတွက် အခြေခံကောင်းများဖြစ်၍ ဂရုစိုက်လေ့လာသင်ယူမှတ်သားပြီး အနာဂတ် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း တိုးတက်စေရေးအတွက် လက်တွေ့လုပ်ငန်းစဉ်တွင်လည်း အမှန်တကယ်ကျွမ်းကျင်သော ဝန်ထမ်းကောင်းများ၊ ဝန်ဆောင်မှု အရည်အချင်း ပြည့်ဝသူများဖြစ်အောင် ကြိုးစားလေ့လာသင်ယူသွားကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ယခုဖွင့်လှစ်သည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများတွင် ဟိုတယ်ဧည့်ကြိုလုပ်ငန်းသင်တန်းကို တံ့ဂပူရီဟိုတယ်၌လည်းကောင်း၊ ဟိုတယ်အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်းကို မင်္ဂလာသီရိဟိုတယ်၌လည်းကောင်း၊ အစားအစာနှင့် အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေး သင်တန်းကို ဟိုတယ်ရွှေပြည်တော်၌လည်းကောင်း၊ အစားအစာနှင့် အဖျော်ယမကာထုတ်လုပ်ရေး သင်တန်းကို တော်ဝင်နေပြည်တော်ဟိုတယ်များ၌ လည်းကောင်း သင်ကြားဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး စုစုပေါင်း သင်တန်းသားသင်တန်းသူ ၂၀၂ ဦးဖြင့် ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## သတိပေးနှိုးဆော်ချက်

ပြည်ပမှ တင်သွင်းထုတ်ယူလာသည့် မော်တော်ယာဉ်များအား နံပါတ်မရမီကာလအတွင်း နေအိမ်မှ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ သွားသည့်လမ်းကြောင်းတွင်သာ အသုံးပြုမောင်းနှင်ရန် နှိုးဆော်ချက်ထုတ်ပြန်ထားသော်လည်း အချို့ယာဉ်ပိုင်ရှင်များသည် သတ်မှတ်ရက်အတွင်း နံပါတ်ရအောင်မလုပ်ခြင်း၊ လမ်းကြောင်းမဟုတ်သော နေရာများ(ဈေး၊ ကျောင်း၊ စားသောက်ဆိုင်)များသို့ မောင်းနှင်နေခြင်း၊ သတ်မှတ်ရုံးချိန်တွင် မောင်းနှင်ခြင်းမပြုဘဲ အချိန်လွန်မှ မောင်းနေခြင်းများကို တွေ့ရှိရပါသည်။ ထိုသို့သော နံပါတ်မပါယာဉ်များ သွားလာခြင်းကြောင့် ယာဉ်တိုက်မှုများဖြစ်ပွားခြင်း၊ ယာဉ်စည်းကမ်းဖောက်ဖျက်သည့်အခါ အရေးယူရန် ခက်ခဲခြင်းများရှိပါသည်။ အဆိုပါ နံပါတ်မပါယာဉ်များကို သတ်မှတ်လမ်းကြောင်း၊ သတ်မှတ်ချိန်မဟုတ်ဘဲ မောင်းနှင်ကြောင်းတွေ့ရှိပါက ၁-၂-၂၀၁၂ ရက်နေ့မှစ၍ မော်တော်ယာဉ်ဥပဒေအရဒဏ်ငွေနှင့် စီမံခန့်ခွဲမှုဒဏ်ငွေ ၅၁၅၀၀ ကျပ်ပေးဆောင်ရမည့်အပြင် ယာဉ်မောင်းသူအား ယာဉ်မောင်းလိုင်စင် ခြောက်လ ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## သတိပေးနှိုးဆော်ချက်

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း စည်းကမ်းချိုးဖောက်သဖြင့် သိမ်းဆည်းခဲ့သည့် လိုင်စင်ရှိမော်တော်ဆိုင်ကယ်နှင့် လျှပ်စစ်စက်ဘီးများအား ပိုင်ဆိုင်မှုအထောက်အထားများပြသ၍ ဒဏ်ကြေးငွေကျပ် ၅၁၅၀၀ ပေးဆောင်ပြီး သက်ဆိုင်ရာ ရဲစခန်း/ယာဉ်ထိန်းနယ်မြေများတွင် ထုတ်ယူနိုင်ကြောင်းနှင့် ကန့်သတ်နယ်မြေအတွင်း စီးနင်းခွင့်မပြုကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# သောင်းကျန်းသူနှစ်ဦး ရထားလမ်းမိုင်းထောင်စဉ် ပေါက်ကွဲပြီး သေဆုံးမှုဖြစ်ပွား မိုင်းပေါက်ကွဲမှုကြောင့် အမှတ်(၄၀)အစုန် မိုးညှင်း-ရွှေဘို လူစီးလော်ကယ်ရထား ခေါင်းတွဲလမ်းချော်၊ သေဆုံးသူ၏ ဇနီးထံမှ ဖောက်ခွဲရေးပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၃၀**

ဇန်နဝါရီ ၂၉ ရက် ည ၇ နာရီ ၄၅ မိနစ်တွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာဘူတာနှင့် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နန့်စီးအောင်ဘူတာအကြား မိုင်တိုင် (၆၁၄- ၃/၄)အကြား၌ မိုးညှင်းမှ ရွှေဘိုသို့ ထွက်ခွာလာသည့် အမှတ်(၄၀)အစုန် လူစီးလော်ကယ်ရထားသည် သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် ရထားခေါင်းတွဲ လမ်းချော်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မိုင်းထောင်နေစဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး မိုင်းပေါက်ကွဲမှုကြောင့် သံလမ်းဆက်ပြုတ်ထွက်ကာ သံလမ်းတစ်ပေခန့် ဘေးသို့ ကားထွက်သွားသဖြင့် မီးရထားစက်ခေါင်း လမ်းချော်ကျသွား၍ မြစ်ကြီးနား-မန္တလေးရထားလမ်းပိုင်း ပိတ်ဆို့မှုဖြစ်ပွားခဲ့သည်။

သံလမ်း၏ အရှေ့ဘက်တွင် မိုင်းစထိမှန်၍ တစ်စစီဖြစ်ကာ သေဆုံးလျက်ရှိသည့် ဘရန်ဆိုင်း(၃၆)နှစ် (ဘ) ဦးဒေးထန်းအား ဧမာန္နေလဘုရားကျောင်း ခရစ်ယာန်ဘာသာဝင်ကတ်နှင့် ငွေကျပ် ၁၂၀၀၀ တို့နှင့်အတူ တွေ့ရှိရသည်။

သတင်းကွင်းဆက်အရ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိုးညှင်းမြို့ မြို့မရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးညှင်းမြို့မရပ်ကွက် နတ်ကြီးကုန်းရပ် ဧမာန္နေလ ခရစ်ယာန်ဘုရားရှိခိုးကျောင်းဝင်းအတွင်းရှိ ခရစ်ယာန်ဘုန်းတော်ကြီး ဦးဂျိမ်းလရော်၏နေအိမ် မိုင်းထိမှန်သေဆုံးသူ ဘရန်ဆိုင်း၏ ဇနီး၊ ဦးဂျိမ်းလရော်၏ သမီးဖြစ်သူ မဆာရာဂျာဖန်(ခ)မဂျာဖန်၏ အိပ်ခန်းအတွင်းသို့ ဝင်ရောက်ရှာဖွေခဲ့ရာ အလျား ရှစ်လက်မ၊ အနံ ရှစ်လက်မ၊ အမြင့် ခြောက်လက်မရှိ ယမ်းထုပ်တစ်ထုပ်၊ ဖောက်ခွဲရာတွင် အသုံးပြုသော ဓာတ်ခဲအသေး ခြောက်လုံးနှင့် ဆားကစ်ပြားသုံးခု၊ ပေ ၅၀ ခန့်ရှိ ကြေးနန်းကြိုးခွေ တစ်ခွေ၊ ဘရန်ဆိုင်း အမည်ပါ မိုးညှင်း-အင်းတော်သွား အမှတ်(၅၆)အစုန် အမြန်ရထား ရိုးရိုးတန်းလက်မှတ် တစ်စောင်၊ KENWOOD အမျိုးအစား လက်ကိုင်စကားပြောစက်၏ ဓာတ်ခဲခြောက်၊ ဘက်ထရီပက် တစ်ခု၊ ဘရန်ဆိုင်းအမည်ပါ မြစ်ကြီးနား သာသနာပိုင်နယ်၊ ယောကျ်ားများအသင်းဝင်ကတ် တစ်ခု၊ DIESEL စာတမ်းပါ ကာကီရောင် ကျောပိုးအိတ် တစ်လုံးနှင့် နီညိုရောင်သားရေခါးပတ်အိတ် တစ်လုံးတို့ကို သိမ်းဆည်းရမိသည်။

ထို့ပြင် အခင်းဖြစ်နေရာကို ဆက်လက်ရှာဖွေရာ သံလမ်း၏ အရှေ့ဘက် ပေ ၅၀ ခန့်အကွာ အမြင့် ၁၅ ပေရှိ သစ်ပင်ပေါ်တွင် ဦးခေါင်းမပါ အင်္ကျီ(အနက်/အနီ/အဖြူ) အကွက် ဝတ်ဆင်ထားသော ခန္ဓာကိုယ် အစိတ်အပိုင်းသာရှိသည့် အမည်(စိစစ်ဆဲ) အလောင်းတစ်လောင်းအား ထပ်မံတွေ့ရှိပြီး အခင်းဖြစ်နေရာ၏ အရှေ့ဘက်ပေ ၄၀ ခန့်အကွာတွင် သေဆုံးသူများ ပုန်းခိုခဲ့သည်ဟု ယူဆရသော အစားအသောက်၊ မုန့်ထုပ်အခွံများ၊ ရေသန့်ဘူး၊ 450 CDMA ဖုန်းကတ်ပါသည့် ဟန်းဆက် တစ်လုံးတို့ကို ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပူးပေါင်းအဖွဲ့က ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိပြီး မိုင်းပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော သံလမ်းကို မြန်မာ့မီးရထားမှ တာဝန်ရှိသူများက သွားရောက်ပြုပြင်ပြီးစီးသဖြင့် ရထားများ ပုံမှန်သွားလာလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# နေပြည်တော် ဂိုးပြတ်နိုင်

**ရန်ကုန် ဇန်နဝါရီ ၃၀**

MNL Myanmar 2012 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ်(၄) နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့ညနေ ၄ နာရီက အောင်ဆန်းကွင်း၌ ကျင်းပရာ နေပြည်တော်အသင်းက ချင်းယူနိုက်တက်အသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိသွားသည်။

**နေပြည်တော်-သုံးဂိုး**

(လီအန်ဒရို-နှစ်ဂိုး၊

ဇော်ထက်အောင်-တစ်ဂိုး)

**ချင်းယူနိုက်တက်-ဂိုးမရှိ**

အဖွင့်ပွဲတွင် သရေကျခဲ့သော်လည်း နေပြည်တော်အသင်းမှာ သုံးပွဲဆက်နိုင်ပွဲရယူပြီး ဒုတိယနေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ မိုးဝင်း၊ ဇော်ထက်အောင်၊ ပြည့်ဖြိုးဦး၊ လီအန်ဒရိုတို့ဖြင့် လူစုံထုတ်လာသည့် နေပြည်တော်မှာ ပွဲစကတည်းက ချင်းယူနိုက်တက်ဘက်သို့ ဖိကစားနိုင်ခဲ့သည်။ ချင်းယူနိုက်တက်မှာ ဟံသာဝတီအသင်းကို သရေကစားခဲ့သည့်ပွဲကလိုပင် နေပြည်တော်၏ အမှားကို စောင့်၍ ဂိုးရရန်ကြိုးပမ်းခဲ့သော်လည်း ၁၄ မိနစ်တွင် လီအန်ဒရို၏ ဂိုးပေးလိုက်ရ၍ ခံစစ်အသွင်ဖြင့်သာ ကစားခဲ့ရသည်။ ယင်းနောက်ပိုင်းတွင် နေပြည်တော်အသင်းက ဖိကစားသွားပြီး ၃၄ မိနစ်တွင် ဇော်ထက်အောင်နှင့် ၅၄မိနစ်တွင် လီအန်ဒရိုတို့က အနိုင်ဂိုးများထပ်မံ သွင်းယူခဲ့သည်။

ပွဲစဉ်(၄)အပြီးတွင် ကမ္ဘောဇအသင်းက လေးပွဲနိုင် (၁၂)မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး နေပြည်တော် အသင်းက ဒုတိယနေရာနှင့် ရတနာပုံအသင်းက တတိယနေရာတို့တွင် ရပ်တည်နေသည်။ ဇေယျာရွှေမြေ၊ လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက်နှင့် ဟံသာဝတီယူနိုက်တက်တို့က (၅)မှတ်စီ ရရှိထားသည်။

သတင်းနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်



နေပြည်တော် တိုက်စစ်ကို ချင်းယူနိုက်တက် နောက်ခံလူ ထွန်းထွန်းနိုင် ဖျက်ထုတ်နေစဉ်။

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
# နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ သမိုင်းဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

## တက္ကသိုလ်ဝင် စာမေးပွဲ

## သိမှတ်ဖွယ်ရာ သမိုင်းဘာသာ

၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသား၊ ကျောင်းသူများအတွက် သမိုင်းဘာသာရပ် သိကောင်းစရာများကို တင်ပြသွားပါမယ်။ ပထမဦးစွာ မြန်မာ့သမိုင်းသင်ခန်းစာများမှ သိကောင်းစရာတွေကို တင်ပြပါမယ်။ မြန်မာ့သမိုင်းမှာ နှစ်ပိုင်းပါဝင်တယ်။ ကိုလိုနီခေတ်နဲ့ လွတ်လပ်ပြီးခေတ်တို့ဖြစ်တယ်။

ကိုလိုနီခေတ်ကို လေ့လာမယ်ဆိုရင် ပထမဦးစွာ သူ့ကျွန်ဘဝကိုကျရောက်ခဲ့ရတာကို မခံမရပ်နိုင်ဖြစ်ရတဲ့ တိုင်းရင်းသားတို့ တောင်ပေါ်မြေပြန့်မကျန် ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ခဲ့ကြပုံကို လေ့လာဖို့လိုပါတယ်။

ကိုလိုနီခေတ်ဦး လက်နက်ကိုင်တော်လှန်မှုများ ကျဆုံးပြီးနောက် ငုပ်လျှိုးသွားခဲ့တဲ့ မြန်မာတို့ရဲ့ အမျိုးသားစိတ်ဓာတ် မကြာမီပြန်လည်နိုးကြားလာတဲ့အပိုင်းကိုလေ့လာတဲ့အခါ ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှု၊ ဂျီစီဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုဟူ၍ လေ့လာသင့်တယ်။

ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုအပိုင်းကို ခုနှစ်အပိုင်းအခြားဖြင့်လည်း လေ့လာသင့်တယ်။ ၁၉၀၆မှ ၁၉၂၀ ကာလအတွင်း အမျိုးသားစိတ်ဓာတ်နိုးကြားလာခြင်းဆိုပြီး မေးရင်လည်း ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုကို ဆိုလိုခြင်းဖြစ်ကြောင်း သိဖို့လိုအပ်တယ်။ သမိုင်းဘာသာရပ်မှာ ခုနှစ်သက္ကရာဇ်တိုင်း သိရှိဖို့ မလိုအပ်ပေမယ့် အရေးပါတဲ့ ခုနှစ်၊ သက္ကရာဇ်တွေကို သိရမှာဖြစ်တယ်။ ၁၉၂၀ ပြည်မြို့မှာ ကျင်းပတဲ့ ဝိုင်အမ်ဘီအေညီလာခံအပြီးမှာ ဝိုင်အမ်ဘီအေဟာ နိုင်ငံရေးကို ဆောင်ရွက်ခြင်းမပြုတော့တာတွေ့ရတယ်။ ဝိုင်အမ်ဘီအေရဲ့ နေရာမှာ နိုင်ငံရေးဆောင်ရွက်မည့် အသင်းကြီး တစ်သင်းထွက်ပေါ်လာတယ်။ အဲဒါက ဂျီစီဘီအေဖြစ်တယ်။

၁၉၂၀မှ ၁၉၃၀ ကာလအတွင်း မြန်မာနိုင်ငံ အမျိုးသားလှုပ်ရှားမှုကို ဦးဆောင်ခဲ့တဲ့ အဖွဲ့အစည်းမှာ ဂျီစီဘီအေခေါ် မြန်မာ့အသင်းချုပ်ကြီးဖြစ်တယ်။ ဂျီစီဘီအေအသင်းကြီးဟာ ၁၉၃၀မှာ အစိတ်စိတ်အမြွှာမြွှာပြိုကွဲသွားတယ်။ အဲဒီကာလ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲမှာ မြန်မာအမျိုးသမီးများ၏ ကုမ္မာရီအသင်းသည်လည်း တစ်တပ်တစ်အားပါဝင်ခဲ့ကြတယ်။

ဂျီစီဘီအေ အစိတ်အစိတ်အမြွှာမြွှာပြိုကွဲသွားလို့ နယ်ချဲ့ဆန့်ကျင်ရေးအတွက် ခိုင်မာတောင့်တင်းတဲ့ အသင်းကြီးတစ်သင်းပေါ်ပေါက်ဖို့ ပြည်သူတို့မျှော်လင့်နေချိန်မှာ ပေါ်ပေါက်လာတဲ့အသင်းဟာ တို့ဗမာအစည်းအရုံးဖြစ်တယ်။ တို့ဗမာအစည်းအရုံးကို ၁၉၃၀ မေ ၃၀ မှာ စတင်ဖွဲ့စည်းတာဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှုသမိုင်းမှာ "တို့ဗမာအစည်းအရုံး" ရဲ့ အခန်းကဏ္ဍမှာလည်း အရေးပါတယ်။ တို့ဗမာအစည်းအရုံးရဲ့ ကာလအပိုင်းအခြားဟာ ၁၉၃၀မှ ၁၉၄၁ အထိ ဖြစ်တယ်ဆိုတာလည်း သိထားသင့်တယ်။

၁၉၃၀ပြည့်နှစ်မှာတော့ မြန်မာနိုင်ငံတွင် ဆရာစံဦးဆောင်တဲ့ တောင်သူလယ်သမားအရေးတော်ပုံ ပေါ်ပေါက်ခဲ့တယ်။ နယ်ချဲ့ကို လက်နက်စွဲကိုင်တော်လှန်ခဲ့ခြင်းဖြစ်တယ်။ တောင်သူလယ်သမားအရေးတော်ပုံမှာ အရေးတော်ပုံမတိုင်မီ လယ်သမားတို့အခြေအနေ၊ လယ်သမားအရေးတော်ပုံ ပေါ်ပေါက်လာရခြင်းတို့ကို သီးခြားလေ့လာလို့ရတယ်။ တို့ဗမာအစည်းအရုံးကာလအတွင်းမှာပဲ ခွဲရေးတွဲရေးပြဿနာ ပေါ်ပေါက်လာပြန်တယ်။ ခွဲရေး တွဲရေးပြဿနာဟာ အင်္ဂလိပ်တို့ရဲ့ သွေးခွဲရေးစီမံချက်တစ်ခုဖြစ်တယ်။

မြန်မာ့သမိုင်းတွင် မြန်မာသက္ကရာဇ် ၁၃၀၀ပြည့် ခရစ်နှစ် ၁၉၃၈ ဟာ ထူးခြားတဲ့နှစ်ဖြစ်တယ်။ ဒီနှစ်အတွင်း ပေါ်ပေါက်လာတဲ့ နိုင်ငံရေးလှုပ်ရှားမှုကို ၁၃၀၀ ပြည့်အရေးတော်ပုံလို့ မော်ကွန်းတင်ခဲ့တယ်။ ၁၃၀၀ပြည့် အရေးတော်ပုံဂယက်ကြောင့် မြန်မာတိုင်းရင်းသားတွေရဲ့ နယ်ချဲ့ဆန့်ကျင်မှုနဲ့ လွတ်လပ်ရေးကြိုးပမ်းမှုဟာ ပိုမိုပြင်းထန်လာခဲ့တယ်။ ၁၃၀၀ပြည့်အရေးတော်ပုံ ဖြစ်ပွားတဲ့ကာလဟာ ခရစ်သက္ကရာဇ်အားဖြင့် ၁၉၃၈-၁၉၃၉ကာလ ဖြစ်တယ်ဆိုတာကိုလည်း သိထားရမှာဖြစ်တယ်။

ဒီကာလမှာ ဥရောပမှာ ဒုတိယကမ္ဘာစစ်ကြီးစတင်ရန် နီးကပ်လာတဲ့ အချိန်ဖြစ်တယ်။ အာရှမှာလည်း ဖက်ဆစ်ဂျပန်တို့ရဲ့ ခြိမ်းခြောက်မှုဟာ ပိုမိုများပြားနေတဲ့အချိန်ဖြစ်လို့ မြန်မာတို့က အင်္ဂလိပ်အခက်-ဗမာ့အချက်မူဖြင့် လွတ်လပ်ရေးရရန်ပိုမိုဆောင်ရွက်လာရာမှ ဗမာ့ထွက်ရပ်ဂိုဏ်းဆိုတာ ပေါ်ပေါက်လာတယ်ဆိုတာ သိထားရမှာဖြစ်တယ်။

မြန်မာ့သမိုင်းမှာ ၁၉၄၀-၁၉၄၅အထိ ကာလအပိုင်းအခြားဟာ အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးဆင်နွှဲတဲ့ အပိုင်းဖြစ်တယ်။ ဒီအပိုင်းကို အဆင့်နှစ်ဆင့်ခွဲခြားပြီး လေ့လာသင့်တယ်။ ပထမအဆင့်မှာ ၁၉၄၀-၁၉၄၂ ကာလအတွင်း အင်္ဂလိပ်တို့ကိုတော်လှန်တိုက်ခိုက်ခြင်းဖြစ်တယ်။ အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်ခြင်းကိုလည်း ထပ်မံပိုင်းခြား လေ့လာလို့ရတယ်။ ဥပမာ-ရဲဘော်သုံးကျိပ်၊ ဘီအိုင်အေ၊ ဘီဒီအေဆိုပြီး ခွဲခြားလေ့လာနိုင်ပါတယ်။

အမျိုးသားလွတ်မြောက်မှုတော်လှန်ရေးဆင်နွှဲတဲ့ ဒုတိယအဆင့်မှာ ဖက်ဆစ်ဂျပန်တော်လှန်ရေး (၁၉၄၂-၁၉၄၅) ဖြစ်တယ်။ ဒီအပိုင်းမှာ ဖက်ဆစ်ဂျပန်တော်လှန်ရေးဆင်နွှဲရန် ဖန်တီးပေးတဲ့ အခြေအနေများ၊ အခြေခံသဘောထားနှင့်အစီအမံများ၊ အောင်မြင်မှုများဟူ၍ အပိုင်းပိုင်းပြီး လေ့လာဖို့လိုပါတယ်။

လွတ်လပ်ရေးရယူခြင်း အပိုင်းကိုလေ့လာရာတွင် ဖဆပလအဖွဲ့အနေဖြင့် ဘုရင်ခံအမှုဆောင်ကောင်စီတွင် မပါဝင်မီနဲ့ ပါဝင်ပြီးနောက်ပိုင်း အခြေအနေတို့ကို လေ့လာဖို့လိုတယ်။ လွတ်လပ်ရေးအရယူခြင်းခေါင်းစဉ်ရဲ့ အောက်မှာ စက္ကူဖြူစာတမ်း၊ နေသူရိန်လူထုအစည်းအဝေး၊ ကန္ဒီကွန်ဖရင့်၊ အလယ်ပစ္စယံအစည်းအဝေး၊ အောင်ဆန်းအက်တလီစာချုပ်၊ ပင်လုံညီလာခံ၊ နု-အက်တလီစာချုပ်ဆိုပြီးရှိတယ်။

အင်္ဂလိပ်ခေတ်၊ တစ်နည်းအားဖြင့် ကိုလိုနီခေတ်ကို လေ့လာရာမှာ ကိုလိုနီခေတ် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုပြီး သီးခြားခွဲလေ့လာရမှာဖြစ်တယ်။ အုပ်ချုပ်ရေးမှာ ဒိုင်အာခီမတိုင်မီ အုပ်ချုပ်ရေး၊ ဒိုင်အာခီအုပ်ချုပ်ရေး၊ ၉၁ဌာနအုပ်ချုပ်ရေးဆိုပြီးရှိတယ်။ ဒိုင်အာခီအုပ်ချုပ်ရေးဟာ ၁၉၂၃မှ ၁၉၃၇ အတွင်း အုပ်ချုပ်ခဲ့တဲ့ အင်္ဂလိပ်တို့ရဲ့ အုပ်ချုပ်ရေးဖြစ်တယ်ဆိုတာကို သိထားရမယ်။ ဒီအုပ်ချုပ်ရေးဟာ သွေးခွဲအုပ်ချုပ်ရေးဖြစ်လို့ ပြည်သူတို့က မကျေနပ်တဲ့အတွက် အုပ်ချုပ်ရေးအသစ် ဖန်တီးပေးဖို့ အင်္ဂလိပ်တို့က စီစဉ်လာပြန်တယ်။ အဲဒါကြောင့် ၉၁ဌာနအုပ်ချုပ်ရေး ပေါ်လာတယ်။ ဒီ ၉၁ ဌာနအုပ်ချုပ်ရေးကို ၁၉၃၇ မှ ၁၉၄၁ အတွင်း အုပ်ချုပ်ခဲ့တယ်။ ၉၁ဌာနအုပ်ချုပ်ရေးအတွင်းမှာပဲ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့တယ်။ စစ်အပြီးမှာ အင်္ဂလိပ်တို့ရဲ့ အုပ်ချုပ်ရေးပြန်စလာတဲ့အခါ စစ်အုပ်ချုပ်ရေး၊ မြို့ပြအုပ်ချုပ်ရေးနဲ့၊ အမျိုးသားယာယီအစိုးရဆိုပြီးတွေ့ရမယ်။ အဲဒါတွေဟာ ဒုတိယကမ္ဘာစစ်ပြီးခေတ် အင်္ဂလိပ်တို့ရဲ့အုပ်ချုပ်ရေးဖြစ်တယ်။ ကိုလိုနီခေတ်အုပ်ချုပ်ရေးစနစ်ကို လေ့လာပြီးတဲ့နောက်မှာ ကိုလိုနီခေတ်စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကို ဆက်လက်လေ့လာရမှာဖြစ်တယ်။

ဂျပန်ခေတ်ကိုလေ့လာရာမှာ ဂျပန်ခေတ်အုပ်ချုပ်ရေး၊ ဂျပန်ခေတ်စီးပွားရေးဆိုပြီး လေ့လာသင့်သလို လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍကိုလည်း လေ့လာသင့်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံအခြေအနေကိုလေ့လာရာမှာ ၁၉၄၈-၁၉၅၈ ခုနှစ် ကာလအပိုင်းအခြားဟာ ဖဆပလအစိုးရအုပ်ချုပ်တဲ့ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်တွင်းရောင်စုံသောင်းကျန်းသူများ ပေါ်ပေါက်လာပုံ၊ ဖဆပလပြိုကွဲပုံတွေကို လေ့လာရမှာဖြစ်တယ်။ ပြည်တွင်းဆူပူသောင်းကျန်းမှုများအပြင် ပြည်ပအန္တရာယ်ဖြစ်တဲ့ တရုတ်ဖြူ ကိုမင်တန်ကျူးကျော်မှုကိုလည်း တွေ့ရမှာဖြစ်တယ်။ ဖဆပလပြိုကွဲခြင်းကြောင့် အိမ်စောင့်အစိုးရ ပေါ်ပေါက်လာခြင်းဖြစ်တယ်ဆိုတာ သိရပါမယ်။

မြန်မာ့သမိုင်းတွင် ၁၉၅၈-၁၉၆၀ ကာလဟာ အိမ်စောင့်အစိုးရ တာဝန်ယူတဲ့ကာလဖြစ်တယ်။ ဒီအပိုင်းမှာ အိမ်စောင့်အစိုးရပေါ်ပေါက်လာပုံ၊ အိမ်စောင့်အစိုးရအဖွဲ့ရဲ့လုပ်ငန်းစဉ်ကြီးလေးရပ်၊ အိမ်စောင့်အစိုးရရဲ့အောင်မြင်မှုဒါမှမဟုတ် ဆောင်ရွက်ချက်များကို လေ့လာသင့်တယ်။

မြန်မာ့သမိုင်းတွင် ၁၉၆၀-၁၉၆၂ အထိကာလဟာ ပြည်ထောင်စု(ပထစ)အစိုးရ တာဝန်ယူခဲ့တဲ့ ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်ထောင်စုကြီး ပြိုကွဲရမယ့်အခြေအနေနဲ့ ရင်ဆိုင်ခဲ့ရပုံတွေကို လေ့လာသင့်တယ်။ ဒီအခြေအနေဟာ တော်လှန်ရေးကောင်စီကို ပေါ်ပေါက်လာစေတယ်ဆိုတာလည်း သိထားရမယ်။

မြန်မာ့သမိုင်းသင်ရိုးမှာ ဖဆပလ၊ အိမ်စောင့်အစိုးရ၊ ပထစအစိုးရများလက်ထက် ယေဘုယျအခြေအနေတွေကို ထည့်သွင်းထားတယ်။ ယေဘုယျအခြေအနေများဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခြေအနေတွေကိုလည်း လေ့လာသင့်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာ့သမိုင်းမှာ ၁၉၆၂-၁၉၇၄ အထိ ကာလကို တော်လှန်ရေးကောင်စီအစိုးရက တာဝန်ယူအုပ်ချုပ်ခဲ့ပြီး ၁၉၇၄-၁၉၈၈အထိ ကာလဟာ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဖြစ်တယ်။ တော်လှန်ရေးကောင်စီခေတ်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ကာလရဲ့ ယေဘုယျအခြေအနေများဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုများကိုလည်း လေ့လာသိရှိဖို့ လိုအပ်တယ်။

ဒ့ါအပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရများလက်ထက် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခြေအနေတွေကို လေ့လာရမှာဖြစ်တယ်။

ဆက်လက်ပြီး ကမ္ဘာ့သမိုင်းနဲ့ပတ်သက်ပြီး သိကောင်းစရာတွေကို တင်ပြသွားပါမယ်။

ပထမဦးစွာ ပထမကမ္ဘာစစ်အကြောင်းကို လေ့လာမယ်ဆိုရင် စစ်ဖြစ်ပွားရတဲ့အကြောင်းရင်းတွေကို သိရှိဖို့လိုပါတယ်။ စစ်ဖြစ်ပွားရတဲ့အကြောင်းရင်းမှာလည်း အခြေခံအကြောင်းရင်းနဲ့ လတ်တလော အကြောင်းရင်းဟူ၍ နှစ်ပိုင်းရှိတယ်။ အခြေခံအကြောင်းရင်းတွေဟာ လေးချက်ရှိတယ်။ အဲဒါတွေက

- ကိုလိုနီအပြိုင်အဆိုင်ရှာဖွေခြင်း
- အမျိုးသားစိတ်ဓာတ်ပြင်းထန်လာခြင်း
- မဟာမိတ်စစ်အုပ်စုအပြိုင်အဆိုင်ဖွဲ့စည်းခြင်း
- လက်နက်အပြိုင်တပ်ဆင်ခြင်း

တို့ဖြစ်တယ်။ စစ်ဖြစ်ပွားရတဲ့အခြေခံအကြောင်းရင်းအပြင် လတ်တလောအကြောင်းရင်းကိုလည်း လေ့လာရမှာဖြစ်တယ်။ ဒီအခြေအနေမှတစ်ဆင့် ပထမကမ္ဘာစစ်ကြီးဖြစ်ပွားလာရတယ်။

ပထမကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုများအနေနဲ့ ပါရီငြိမ်းချမ်းရေးညီလာခံ၊ ဗာဆိုင်းစာချုပ်တွေကို လေ့လာဖို့လိုပါမယ်။ ဗာဆိုင်းစာချုပ်မှာပါတဲ့ နယ်မြေပိုင်းခြားသတ်မှတ်ရေး၊ ဂျာမနီလက်နက်လျှော့ပေါ့ရေး၊ စစ်လျော်ကြေးနဲ့ အထွေထွေစီမံချက်များဟာ မဟာမိတ်တို့အလိုကျ တစ်ဖက်သတ်ချုပ်ဆိုထားတဲ့စာချုပ်ဖြစ်တယ်။ ဒါကြောင့် ဂျာမနီ အင်အားပြန်ကောင်းလာတဲ့အခါ ဗာဆိုင်းစာချုပ်ပါအချက်များကို ချိုးဖောက်လာရာက ဥရောပနိုင်ငံရေးမှာ ပြဿနာများ ပေါ်ပေါက်လာပြီး ဒုတိယကမ္ဘာစစ်ဖြစ်ရသည့် အခြေအနေသို့ ရောက်ရှိခဲ့ရကြောင်းကို လေ့လာသိရှိဖို့ လိုအပ်တယ်။

နိုင်ငံပေါင်းချုပ်အသင်းကြီးကို လေ့လာမယ်ဆိုရင် ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံနဲ့ နိုင်ငံပေါင်းချုပ်အသင်းကြီးရဲ့ လူမှုရေးလုပ်ငန်းများနဲ့ ငြိမ်းချမ်းရေးထိန်းသိမ်းရေးလုပ်ငန်းများကို လေ့လာရမှာ ဖြစ်တယ်။

ကမ္ဘာ့သမိုင်းမှာ ပထမကမ္ဘာစစ်အပြီး ထူးခြားတဲ့ဖြစ်စဉ်ကတော့ ဆိုရှယ်လစ်ရုရှားနိုင်ငံ ပေါ်ပေါက်လာခြင်းဖြစ်တယ်။ ဆိုရှယ်လစ်ရုရှားနိုင်ငံနဲ့ ပတ်သက်ပြီး လေ့လာရာမှာ ၂၀ ရာစုဦး ရုရှားနိုင်ငံအခြေအနေ၊ ၁၉၀၅ တော်လှန်ရေး၊ ၁၉၁၇ ဖေဖော်ဝါရီတော်လှန်ရေး၊ ၁၉၁၇ အောက်တိုဘာတော်လှန်ရေးဆိုပြီး သီးခြားလေ့လာရမှာဖြစ်တယ်။ ဒ့ါအပြင် ဖေဖော်ဝါရီတော်လှန်ရေးဟာ ဘူဇွာတော်လှန်ရေးဖြစ်တယ်ဆိုတာ၊ အောက်တိုဘာတော်လှန်ရေးဟာ ဆိုရှယ်လစ်တော်လှန်ရေးဖြစ်တယ်ဆိုတာကိုလည်း သိထားသင့်တယ်။

ပထမကမ္ဘာစစ်အပြီးမှာ အမျိုးသားလှုပ်ရှားမှုများ ပိုမိုအားကောင်းလာတယ်။ အမျိုးသားလှုပ်ရှားမှုအပိုင်းကို လေ့လာမယ်ဆိုရင် အိန္ဒိယ၊ အရှေ့တောင်အာရှ၊ တရုတ်ဟူ၍ ဒေသအလိုက် လေ့လာသင့်တယ်။

အိန္ဒိယမှာလည်း စစ်ပါရီအရေးတော်ပုံ၊ အိန္ဒိယအမျိုးသားကွန်ဂရက်၊ တိလတ်၏ ဆွာရဂ်ျခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးလှုပ်ရှားမှုနဲ့ ဂန္ဒီရဲ့အမျိုးသားလှုပ်ရှားမှုကို အပိုင်းလိုက်လေ့လာရမှာဖြစ်တယ်။ ဂန္ဒီရဲ့ အမျိုးသားလှုပ်ရှားမှုအပိုင်းမှာလည်း ဂန္ဒီနဲ့ ကွန်ဂရက်ပါတီလှုပ်ရှားမှုနဲ့ ၁၉၂၁ နောက်ပိုင်း ဂန္ဒီ၏ဦးဆောင်မှုဟူ၍ ပိုင်းခြားပြီးလေ့လာနိုင်တယ်။

အရှေ့တောင်အာရှအမျိုးသားလှုပ်ရှားမှုမှာလည်း နိုင်ငံအလိုက် သီးခြားခွဲပြီး လေ့လာကျက်မှတ်ရမယ်။ အရှေ့တောင်အာရှနိုင်ငံတွေ့ရဲ့အမျိုးသားလှုပ်ရှားမှုမှာ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ အင်ဒိုချိုင်းနား၊ ဖိလစ်ပိုင်တို့ ပါရှိတယ်။

တရုတ်အမျိုးသားလှုပ်ရှားမှုတွေမှာလည်း ရှေးဦးအမျိုးသားလှုပ်ရှားမှု၊ ၁၉၁၁ ဘူဇွာတော်လှန်ရေး၊ မေ ၄ အရေးတော်ပုံဆိုပြီး ပါရှိတယ်။

ပထမကမ္ဘာစစ်အပြီး ဥရောပနိုင်ငံတွေမှာ ကြီးမားတဲ့ နိုင်ငံရေး၊ စီးပွားရေးပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကိုချမှတ်ပြီး ပြဿနာများကိုဖြေရှင်းပေမယ့် မအောင်မြင်ခဲ့တဲ့ အခြေအနေကိုတွေ့ရတယ်။ ဒါကြောင့် နိုင်ငံအချို့မှာ အမျိုးသားဝါဒနဲ့ စစ်ဝါဒကိုအခြေခံတဲ့ အရင်းရှင်စနစ်ရဲ့ အကြမ်းတမ်းဆုံးနဲ့ အဆိုးရွားဆုံးဖြစ်တဲ့ ဖက်စစ်အာဏာရှင်စနစ်ပေါ်ပေါက်လာခဲ့တယ်။ ဖက်ဆစ်စနစ်ဟာ အီတလီမှာ ရှေးဦးစွာပေါ်ပေါက်လာပြီး ဂျာမနီ၊ ဂျပန်နိုင်ငံတွေမှာ ဆက်လက်ပေါ်ပေါက်ခဲ့တယ်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားရတဲ့အကြောင်းရင်းတွေကို လေ့လာရင် အခြေခံအကြောင်းရင်းများနဲ့ လတ်တလော အကြောင်းဟူ၍ နှစ်ပိုင်းလေ့လာဖို့လိုတယ်။

*စာမျက်နှာ ၁၆ ကော်လံ ၁ သို့*

❀ စာမျက်နှာ ၁၅ မှ

စစ်ဖြစ်ရသည့် အခြေခံအကြောင်းရင်းများကို သီးခြားခေါင်းစဉ်ခွဲများဖြင့် ဖော်ပြထားတယ်။ အဲဒီအခြေခံအကြောင်းရင်းများမှာ

- အရင်းရှင်နိုင်ငံအချင်းချင်းပဋိပက္ခဖြစ်ခြင်း
- နိုင်ငံပေါင်းချုပ်အသင်းကြီးအားနည်းလာခြင်း
- မဟာမိတ်စစ်အုပ်စုများအပြိုင်အဆိုင်ဖွဲ့စည်းလာခြင်း
- လက်နက်အပြိုင်တပ်ဆင်ခြင်း
- ဖက်ဆစ်နယ်ချဲ့ကျူးကျော်မှုကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးပျက်ပြားလာခြင်း

တို့ဖြစ်တယ်။ ဖက်ဆစ်နယ်ချဲ့ကျူးကျော်မှုများမှာ မန်ချူးရီးယားအရေး၊ အီသီယိုးပီးယားအရေး၊ စပိန် ပြည်တွင်းစစ်၊ ဩစတြီးယားကိုသိမ်းပိုက်ခြင်းနဲ့ ချက်ကိုစလိုဗားကီးယားကိုသိမ်းပိုက်ခြင်း စသည်တို့ ဖြစ်တယ်။ ဒါတွေကို တစ်ခုချင်းလေ့လာရမှာဖြစ်တယ်။ အဆိုပါ ကျူးကျော်မှုတွေဟာ စစ်ဖြစ်ဖို့ ဦးတည်လာခြင်းဖြစ်တယ်။ အဲဒီအခြေအနေမှာ ပိုလန်ကို ဂျာမန်တို့ ကျူးကျော်လိုက်ရာမှတစ်ဆင့် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားရတယ်။

ဒုတိယကမ္ဘာစစ်ရဲ့အကျိုးသက်ရောက်မှုတွေကတော့ အမေရိကန်ပြည်ထောင်စု ထိပ်သီးအင်အားကြီးနိုင်ငံဖြစ်လာခြင်း၊ ဆိုဗီယက်နိုင်ငံထိပ်သီးအင်အားကြီးနိုင်ငံဖြစ်လာခြင်းနဲ့ ကိုလိုနီလက်အောက်ခံနိုင်ငံများ လွတ်လပ်ရေးရရှိလာခြင်းတို့ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးကို ဖွဲ့စည်းနိုင်ခဲ့ခြင်းဟာလည်း ကမ္ဘာ့သမိုင်းမှာ ထူးခြားတဲ့ဖြစ်ရပ်တစ်ခုဖြစ်တယ်။ အသင်းကြီးပေါ်ပေါက်လာပုံ၊ ဖွဲ့စည်းပုံနဲ့ ဆောင်ရွက်ချက်များကို သီးခြားလေ့လာသိရှိဖို့ လိုအပ်တယ်။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် ဥရောပ၌ ဆိုရှယ်လစ်စနစ်ကျယ်ပြန့်လာတယ်။

ဂျာမန်လက်အောက်ခံ အရှေ့ဥရောပနိုင်ငံများတွင် နာဇီဆန့်ကျင်ရေး၊ ပြည်သူ့လွတ်မြောက်ရေး စစ်ပွဲများဆင်နွှဲရာမှာ ဆိုဗီယက်နိုင်ငံမှ အကူအညီများပေးခဲ့တယ်။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် အရှေ့ဥရောပနိုင်ငံတွေဟာ ဆိုဗီယက်အကူအညီနဲ့ ဆိုရှယ်လစ်အစိုးရများကို ထူထောင်ခဲ့ကြတယ်။

ဒုတိယကမ္ဘာစစ်အပြီးတွင် လွတ်မြောက်သော အရှေ့ဥရောပနိုင်ငံများအား စုစည်းကာ ဆိုဗီယက်ဦးဆောင်တဲ့ ဆိုရှယ်လစ်အုပ်စုအဖြစ် ပေါ်ပေါက်လာခြင်းဟာ ထူးခြားတဲ့သမိုင်းဖြစ်ရပ်တစ်ခု ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလမှာ ပေါ်ပေါက်လာခဲ့တဲ့စစ်အေးဟာလည်း ထူးခြားတဲ့ သမိုင်းဖြစ်စဉ်တစ်ခုဖြစ်တယ်။ စစ်အေးအကြောင်းလေ့လာတဲ့အခါ စစ်အေးရဲ့သဘောနဲ့ ပေါ်ပေါက်လာပုံတို့ကို လေ့လာသင့်တယ်။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးတဲ့အခါ အမေရိကန်နိုင်ငံဟာ စစ်ဒဏ်မှ ကင်းလွတ်ပြီး ထိပ်သီးအင်အားကြီးနိုင်ငံအဖြစ် ရပ်တည်လာနိုင်ခဲ့တယ်။ စစ်ဒဏ်ကြောင့် အင်အားကျဆင်းခဲ့ရတဲ့ ဥရောပအင်အားကြီးနိုင်ငံများဖြစ်ကြတဲ့ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီနိုင်ငံတို့ကို စစ်ရေး၊ စီးပွားရေး အကူအညီများပေး၍ ခေါင်းဆောင်နေရာကို ရယူခဲ့တယ်။ ဒါကြောင့် အမေရိကန်ဦးဆောင်တဲ့ အုပ်စုကို အနောက်အုပ်စု (သို့) အရင်းရှင်အုပ်စု (သို့) လက်ယာအုပ်စုလို့ခေါ်တယ်။ ဆိုဗီယက်နိုင်ငံဟာ စစ်ဒဏ်ခံခဲ့ရတဲ့ ပိုလန်၊ ချက်ကိုစလိုဗားကီးယား၊ ရူမေးနီးယား၊ ဘူလ်ဂေးရီးယား၊ ဟန်ဂေရီစတဲ့ အရှေ့ဥရောပနိုင်ငံများကို ဦးဆောင်လာပြီး ဆိုဗီယက်ဦးဆောင်တဲ့အုပ်စုကို အရှေ့အုပ်စု (သို့) ကွန်မြူနစ်အုပ်စု (သို့) လက်ဝဲအုပ်စု လို့ခေါ်တယ်။ ဒီအုပ်စုနှစ်စုဟာ နိုင်ငံရေး၊ စီးပွားရေး ခံယူချက်တူညီမှုမရှိသကဲ့သို့ အမြင်ချင်းတူညီမှုလည်း မရှိတာကိုတွေ့ရတယ်။

အနောက်ဥရောပနိုင်ငံများအနေနဲ့လည်း စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ခဲ့တယ်။

အမေရိကန်နဲ့ဥရောပနိုင်ငံတွေဟာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအပြင် စစ်ရေးအရလည်း ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းလာကြတယ်။ ထင်ရှားတဲ့သာဓကတွေကတော့ -

၁. မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (NATO)
၂. အန်ဇတ် (ANZUS)
၃. အရှေ့တောင်အာရှစာချုပ်အဖွဲ့ (SEATO)
၄. ဗဟိုစာချုပ်အဖွဲ့ (CENTO)

များဖွဲ့စည်းခြင်းဖြစ်တယ်။

ဆိုဗီယက်နိုင်ငံကလည်း အရှေ့ဥရောပနိုင်ငံများမှာ ဆိုဗီယက်နိုင်ငံကဲ့သို့သော ကွန်မြူနစ်စနစ် အခြေခံသော စီးပွားရေးစီမံကိန်းများချမှတ်၍ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ စစ်ရေးအရ ပူးပေါင်းဆောင်ရွက်ရန်အတွက် ဝါဆော (Warsaw) စစ်စာချုပ်အဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ ဒီလိုနဲ့ ဆိုဗီယက်ဦးဆောင်တဲ့ အရှေ့အုပ်စုနဲ့ အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စုတို့ဟာ စစ်အုပ်စုများအပြိုင်အဆိုင် ဖွဲ့စည်းပြီးနောက် မဟာဗျူဟာလက်နက်များ အပြိုင်အဆိုင်တပ်ဆင်လာကြတယ်။

စစ်အေးကာလမှာ နိုင်ငံတကာအရေးအခင်းများလည်း ပေါ်ပေါက်လာတယ်။ ထင်ရှားတဲ့ နိုင်ငံတကာအရေးအခင်းတွေကတော့

၁။ ဂျာမန်ပြဿနာ၊ ဘာလင်ပိတ်ဆို့မှု
၂။ ကိုရီးယားစစ်
၃။ စူးအက်အရေးအခင်း
၄။ ကျူးဘားဒုံးပျံအရေးအခင်း

တို့ဖြစ်တယ်။ နိုင်ငံတကာအရေးအခင်းတွေ ဘယ်လိုပေါ်ပေါက်လာပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို မည်ကဲ့သို့ ခြိမ်းခြောက်ခဲ့ပုံကို လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းတွင် ဆိုရှယ်လစ်ရုရှားနိုင်ငံ အပြောင်းအလဲဖြစ်ခြင်း၊ ဆိုရှယ်လစ်အုပ်စုပြိုကွဲခြင်းနှင့် စစ်အေးကာလပြီးဆုံးခြင်းခေါင်းစဉ်တွေကလည်း နိုင်ငံတကာရေးရာမှာ ထူးခြားတဲ့ ခေါင်းစဉ်များဖြစ်တဲ့အတွက် လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းသင်ရိုးတွင် အာရှနိုင်ငံတစ်ခုဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကြောင်းကိုလည်း လေ့လာရမှာဖြစ်တယ်။

အလားတူ အာရှနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဂျပန်နိုင်ငံကိုလည်း လေ့လာသင့်တယ်။ ၁၉၄၅ မှ ၁၉၅၂ အထိ အသိမ်းပိုက်ခံကာလအနေအထားနဲ့ ခေတ်ပြိုင်ဂျပန်နိုင်ငံ အနေအထားတွေကို သိရှိရမှာဖြစ်တယ်။

ကမ္ဘာ့သမိုင်းကိုလေ့လာရာမှာ အရှေ့တောင်အာရှဒေသကိုလည်း လေ့လာသင့်တယ်။ အရှေ့တောင်အာရှဒေသမှာ နိုင်ငံတစ်နိုင်ငံချင်းရဲ့ နိုင်ငံသစ်များပေါ်ပေါက်လာခြင်းနှင့် နိုင်ငံတော် တည်ဆောက်ရေး ကြိုးပမ်းမှုများကို လေ့လာသိရှိရမှာဖြစ်တယ်။

အရှေ့တောင်အာရှသမိုင်းကို လေ့လာရာမှာ အာဆီယံ(အရှေ့တောင်အာရှနိုင်ငံများအသင်း) ဟာ အရေးပါတဲ့အတွက် လေ့လာသင့်တယ်။

ဆက်လက်ပြီး မြန်မာနိုင်ငံ၏ ဘက်မလိုက်လှုပ်ရှားမှု၊ မြန်မာနိုင်ငံနှင့် ဘင်းမ်စတက်အဖွဲ့၊ မြန်မာနိုင်ငံနှင့် မဟာမဲခေါင်ဒေသခွဲ ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း လေ့လာသိရှိဖို့လိုအပ်တယ်။

၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ်ရဲ့ မေးခွန်းဟာ အပိုင်း (က)၊ အပိုင်း (ခ)၊ အပိုင်း (ဂ)၊ အပိုင်း (ဃ) ဟူ၍ အပိုင်းလေးပိုင်း ပါဝင်မှာဖြစ်တယ်။ မေးခွန်းအပိုင်း လေးပိုင်းလုံးကို ဖြေဆိုရမှာဖြစ်တယ်။

မေးခွန်း အပိုင်း (က) မှာ နံပါတ် ၁။ (က)၊ ၁။ (ခ)၊ ၁။ (ဂ) ဆိုပြီး ပါရှိမှာဖြစ်တယ်။ နံပါတ် ၁။ (က) မေးခွန်းက 'အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့် အဖြေများကို အဖြေစာအုပ်တွင် ရေးပါ။' ဟူ၍ဖြစ်တယ်။ မြန်မာ့သမိုင်းမှ (၅) ပုဒ်၊ ကမ္ဘာ့သမိုင်းမှ (၅) ပုဒ်၊ စုစုပေါင်း (၁၀) ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်ဟာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်း ရမှတ်မှာ (၁၀) မှတ် ဖြစ်တယ်။

မေးခွန်း အပိုင်း (က) နံပါတ် ၁။ (ခ) မေးခွန်းမှာ 'အောက်ဖော်ပြချက်များကို **'မှား' သို့မဟုတ် 'မှန်'** ဖြေဆိုပါ၊ ဖြေဆိုချက်များကို အဖြေစာအုပ်တွင် ရေးပါ' ဟူ၍ဖြစ်ပြီး **'မှား'** သို့မဟုတ် **'မှန်'** ကိုရေးဖြေရန်ဖြစ်တယ်။ နံပါတ် ၁။ (ခ) မေးခွန်းမှာ မြန်မာ့သမိုင်းမှ (၃) ပုဒ်နဲ့ ကမ္ဘာ့သမိုင်းမှ (၂) ပုဒ် စုစုပေါင်း (၅) ပုဒ်ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်း ရမှတ်မှာ (၅) မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း (က) ၏ နံပါတ် ၁။ (ဂ) မေးခွန်းမှာ 'အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသော အဖြေ (က)၊ (ခ)၊ (ဂ) တို့အနက်မှ **အဖြေမှန်တစ်ခု**ကို အဖြေစာအုပ်တွင် ရေးပါ' ဟူ၍ဖြစ်တယ်။ မှန်တဲ့အဖြေကို အဖြေစာအုပ်မှာ ရေးရမှာဖြစ်တယ်။ နံပါတ် ၁။ (ဂ) မေးခွန်းမှာ မြန်မာ့သမိုင်း (၂) ပုဒ်နဲ့ ကမ္ဘာ့သမိုင်း (၃)ပုဒ် စုစုပေါင်း (၅) ပုဒ်ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်း ရမှတ်မှာ (၅) မှတ်ဖြစ်တယ်။

မေးခွန်းအပိုင်း (ခ) မှာ မှတ်စုတိုမေးခွန်းဖြစ်ပြီး မြန်မာ့သမိုင်းမှတ်စုတို (၄) ပုဒ်နဲ့ ကမ္ဘာ့သမိုင်းမှတ်စုတို (၄) ပုဒ်တို့ ပါရှိမှာဖြစ်တယ်။ ယင်းတို့အနက်မှ ကြိုက်နှစ်သက်ရာ မှတ်စုတို (၄) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ မှတ်စုတို တစ်ပုဒ် ရမှတ်မှာ (၅) မှတ်ဖြစ်ပြီး စုစုပေါင်း ရမှတ်မှာ (၂၀) မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း (ဂ) မှာ မြန်မာ့သမိုင်း မေးခွန်းများဖြစ်ပြီး စုစုပေါင်း (၅) ပုဒ်ပါရှိမှာ ဖြစ်တယ်။ ယင်း (၅)ပုဒ် အနက်မှ ကြိုက်နှစ်သက်ရာ (၂)ပုဒ် ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁၅) မှတ်ဖြစ်ပြီး (၂) ပုဒ်အတွက် စုစုပေါင်း ရမှတ်မှာ (၃၀) မှတ် ဖြစ်တယ်။

မေးခွန်း အပိုင်း (ဃ) မှာ ကမ္ဘာ့သမိုင်း မေးခွန်းများဖြစ်ပြီး စုစုပေါင်း (၅) ပုဒ်ပါရှိမှာ ဖြစ်တယ်။ ယင်း (၅) ပုဒ် အနက်မှ ကြိုက်နှစ်သက်ရာ (၂) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁၅) မှတ်ဖြစ်ပြီး (၂)ပုဒ်အတွက် စုစုပေါင်း ရမှတ်မှာ (၃၀) မှတ် ဖြစ်တယ်။

ကျောင်းသား၊ ကျောင်းသူများကို မှာချင်တာကတော့

၁။ သမိုင်းဘာသာရပ်ကိုလေ့လာရာတွင် သမိုင်းစဉ် ဆက်စပ်မှုကို သတိထားရန်
၂။ ခေါင်းစဉ်ကိုရွေး၍ မလေ့လာရန်
၃။ ပြဋ္ဌာန်းစာအုပ်ကိုအလေးပေးလေ့လာရန်
၄။ မေးခွန်းကိုသေသေချာချာဖတ်ရန်
၅။ မေးသည်ကိုသာဖြေဆိုရန်

ဖြစ်ကြောင်းတင်ပြရင်း ပို့ချချက်ကိုရပ်နားလိုက်ပါတယ်။


## တန့်ကြည့်တောင်ဝိပဿနာရိပ်သာ(ရန်ကုန်)
## ပရိဝါသ်အဓိဋ္ဌာန်ဓမ္မသဘင်ဆင်းပွဲအခမ်းအနား

တန့်ကြည့်တောင်ဝိပဿနာရိပ်သာ(ရန်ကုန်)၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ပရိဝါသ်ဆောက်တည်ခြင်း၊နဝမအကြိမ် ဓမ္မသဘင်ကို ၂၄-၁-၂၀၁၂မှ ၁၂-၂-၂၀၁၂ရက်ထိကျင်းပလျက်ရှိပါသည်။

ဤဓမ္မသဘင်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တန့်ကြည့်တောင်ဆရာတော် ဘဒ္ဒန္တသောမဗုဒ္ဓိအပါအဝင် ကြီးကြပ်သံဃာ(၅)ပါးနှင့် ပရိဝါသ်ဆောက်တည် သောသံဃာ(၂၂)ပါး ပေါင်း(၂၇)ပါး ပါဝင်ကြပါသည်။

ထိုဆရာတော်၊သံဃာတော်အရှင်မြတ်များအတွက် ပစ္စည်း(၄)ပါးနှင့်အခြားပစ္စည်းများကိုလှူဒါန်းနိုင်ကြပါသည်။ ၎င်းအပြင် ယင်းပရိဝါသ်ဆောက်တည်ပွဲပြီးဆုံးသည့် ၁၂-၂-၂၀၁၂(တနင်္ဂနွေနေ့)နံနက်(၉)နာရီတွင် ရေကြာအိုင် သိမ်ကျောင်းတော်ကြီး၌ သိမ်ဆင်းသံဃာ(၃၅)ပါးအား လောင်းလှူကြမည်ဖြစ်၍ ကြွရောက်လှူဒါန်းကြပါရန် နိုးဆော်အပ်ပါသည်။

**ကပ္ပိယကာရကအဖွဲ့**
**တန့်ကြည့်တောင်ဝိပဿနာရိပ်သာ(ရန်ကုန်)**

## သာကေတအလက(၃)အာစရိယပူဇော်ပွဲ

ယခင်အလက(၃)၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၏ အဋ္ဌမအကြိမ်မြောက်အာစရိယပူဇော်ပွဲကို ၂၀၁၂ခုနှစ်၊ဖေဖော်ဝါရီလ ၅ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီတွင် အလင်းရောင်ကျောင်းတိုက်(၁၀၈) တောင် ဘုရားလမ်း ၁၀/ တောင်ရပ်ကွက်၌ ကျင်းပမည်ဖြစ်ရာ ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် ဦးသိန်းဝင်း-၀၉-၅၁၀၃၈၉၅၊ ဦးမြစိန်-ဖုန်း-၀၉-၄၉၂၆၃၈၇၅၊ ဒေါ်တင်တင်အေး ဖုန်း-၀၁-၅၄၇၀၇၂၊ ဒေါ်နုနုလှိုင် ဖုန်း-၀၉-၅၁၇၁၃၈၆နှင့် ဒေါ်အေးသိန်း ဖုန်း-၀၉-၇၃၀၁၅၃၈၇တို့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။

## ဆုထူးပန်ဆရာတော်၏ စိန်ရတုအလှူပွဲ
## ဘုရားပူဇော်ပွဲ တရားပွဲများကျင်းပမည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၁၅)၊ နတ်မောက်ရိပ်သာလမ်း ဆုထူးပန်ပရိယတ္တိရွှေကျင်ကျောင်းတိုက်ကြီး၌ ၎င်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယ၊ ဆုထူးပန်ဆရာတော် ဘဒ္ဒန္တသလ္လာပဏ္ဍိတ၏ သက်တော်(၇၅)နှစ်မြောက် စိန်ရတုအလှူပွဲကို ၃-၂-၂၀၁၂ရက် နံနက် ၉နာရီတွင် ကျင်းပပါမည်။

ဘုရားပူဇော်ပွဲကို ၆-၂-၂၀၁၂ရက် ညနေ ၃နာရီမှ ၅နာရီအထိ ကျင်းပပါမည်။

**နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို**

၁-၂-၂၀၁၂ရက်၌ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိကယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသက ဟောကြားပါမည်။

၂-၂-၂၀၁၂ရက်၌ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသက ဟောကြားပါမည်။

၃-၂-၂၀၁၂ရက်၌ ဖြူးမဟာစည် နယ်လှည့်ဓမ္မကထိက၊ ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တမေတ္တာနန္ဒက ဟောကြားပါမည်။

၄-၂-၂၀၁၂ရက်၌ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ (ရွှေကျင်) ဥက္ကဋ္ဌ၊ ဒီဃနိကာယကောဝိဒ၊ အဂ္ဂမဟာပဏ္ဍိတ၊ ပါဠိကာရီ ဆရာတော် ဘဒ္ဒန္တအဂ္ဂိသက ဟောကြားပါမည်။

၅-၂-၂၀၁၂ရက်၌ မဟာစည်နယ်လှည့်ဓမ္မကထိက၊ ဓမ္မကထိက ဗဟုဇနဟိတဓရ တွံတေးအရှင်ကုန္ဒကက ဟောကြားပါမည်။

**ညစဉ် ၇နာရီ၌ စတင်၍ ဟောကြားတော်မူကြပါမည်။**

ဖုန်း- ၅၄၅၉၈၀၊ ၀၉ ၅၁၂၀၈၆၅သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါသည်။

**ကျေးဇူး ဆပ်ပါမည်** မောင်ရဲဝင်းထွန်း၏ နိုင်ငံကူးလက်မှတ်အမှတ် ၇၉၂၄၆၅ သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၆၁၁၄၂၂**







## ပညာဝတီရိပ်သာ

ကုဿာသယဆုတောင်းပြည့်စေတီတော်ကြီးအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပပြုလုပ်မည်။

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ပညာဝတီရိပ်သာ ကျောင်းတိုက်အတွင်းရှိ ဓာတ်တော်ပေါင်း ၈၄၀၀၀ ကိန်းဝပ်တော်မူသော ကုဿာသယဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲ၊ ထမနဲပွဲပြုလုပ်သောအချိန်၌ ကုဿာသယဆုတောင်းပြည့် စေတီတော်မြတ်ကြီးအား ၁၃၇၃ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်၊ ၆-၂-၂၀၁၂ရက်(တနင်္လာနေ့ )ညနေ ၃နာရီမှ ည ၈နာရီအထိ မုန့်ဆွမ်း၊ သစ်သီးစသော ဆွမ်းတော်ကြီးပွဲများ လာရောက်လှူဒါန်းပြီး

၁၃၇၃-ခုနှစ်၊ တပို့တွဲလပြည့်နေ့ ၇-၂-၂၀၁၂ (အင်္ဂါနေ့) နံနက်အရုဏ်အချိန်တွင် ကုဿာသယ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း၊ မုန့်ဆွမ်း၊ သစ်သီးဆွမ်း၊ ထမနဲဆွမ်းစသည်တို့ဖြင့် ပူဇော်ပြီး ညနေ ၄နာရီတွင် ဘုရားအမှူးရှိသော သံဃာတော်(၄၅)ပါးတို့အား သင်္ကန်း၊ ထီး၊ ဖိနပ်၊ ဆွမ်းဆန်စိမ်းစသော နဝကမ္မဝတ္ထုအစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ကို မိမိတို့ စိတ်စေတနာသဒ္ဓါတရား ထက်သန်သလောက် ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာမှန်မြတ်နိဗ္ဗာန်ကို အာရုံပြုပြီး လာရောက်လှူဒါန်းကြပါရန် ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**အကျိုးဆောင်အဖွဲ့**
**ပညာဝတီ၊ ရန်ကင်း**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ရေယာဉ်လုပ်သက်မှတ်တမ်းစာအုပ်အမှတ်- ရန်-၆၇၄/၈၃ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပေးပါရန်။

**ဦးမြင့်လှိုင်**
**ဖုန်း-၀၉ ၄၃၁၃၄၀၉၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်-ကျောက်တန်းမြို့နယ်၊ သီလဝါစက်မှုဇုန်၊ မြေကွက်အမှတ်(၅၉) ဧရိယာ (၁. ၈၃၆)ဧက အမည်ပေါက် ဦးမျိုးသန့်[၁၂/ဗဟန(နိုင်)၀၆၀၇၇၆] ထံမှ ဒေါ်ကျန်းခွေ (ခ) ဒေါ်ခင်ခင်ဝင်း[၁၃/လလန(နိုင်) ၀၅၁၀၃၉]က စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် နောက်ဆုံးဝယ်ယူခဲ့ပြီး ၎င်း၏ အမည်ဖြင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ အမည်ပြောင်းလဲ၍ မြေချ ပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (စီမံကိန်းဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

**စီမံကိန်းဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

# မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်း အတည်ပြုပြဋ္ဌာန်းပြီးပါက မြေယာလုပ်ပိုင်ခွင့် လက်ဦးမှုယူကာ စိုက်ပျိုးထားမှု ရှိ၊ မရှိစိစစ်၍ အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်မည့်သူများသို့ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပေးသွားနိုင်မည် ၁၉၈၄ ခုနှစ် ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းဥပဒေအား ယာယီကျင့်သုံးရန်မူဖြင့် သတ်မှတ်ချက်များအတိုင်းလိုက်နာရန် ကြပ်မတ်မည်

နေပြည်တော် ဇန်နဝါရီ ၁၀

**ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၇၅)ဦးတို့ တက်ရောက်ကြပြီး အစည်းအဝေး၌ မေးခွန်း(၁၂)ခု မေးမြန်း ဖြေကြားခြင်း၊ ဥပဒေကြမ်း(၁)ခု ဆွေးနွေးအတည်ပြုခြင်း၊ ဇန်နဝါရီ ၂၆ ရက်က တင်ပြခဲ့သည့် အစီရင်ခံစာ (၃)ခုကို ဆွေးနွေးအတည်ပြုခြင်းနှင့် အဆို(၂)ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။**

**မေးခွန်းများမေးမြန်းခြင်းကဏ္ဍ၌** လွှတ်တော်ကိုယ်စားလှယ်(၄)ဦး၏ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ မေးခွန်း(၅)ခုနှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ပြန်လည်ဖြေကြားသည်။

ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့်၏ **စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် တပ်ရွာကျေးရွာတွင် တည်ဆောက်ထားရှိသော ဒီဇယ်သုံးမြစ်ရေတင်စီမံကိန်းအား လျှပ်စစ်ဓာတ်အားသုံးမြစ်ရေတင်အဖြစ် ပြောင်းလဲတည်ဆောက်ပေးရန် အစီအစဉ်ရှိ /မရှိ သိရှိလိုကြောင်း**မေးခွန်းနှင့် စပ်လျဉ်း၍ တပ်ရွာဒီဇယ်သုံးမြစ်ရေတင်စီမံကိန်းအား လျှပ်စစ်မြစ်ရေတင်အဖြစ်ပြောင်းလဲနိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာ(၁၅)အမ်ဗွီအေ ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားကို စစ်ကိုင်းမြို့ ကံတလူကျေးရွာအနီး အုန်းတောဓာတ်အားခွဲရုံနေရာတွင် (၂၃၀/၆၆/၁၁)ကေဗွီ၊ (၁၀၀)အမ်ဗွီအေ ခွဲရုံ(၁)ရုံ တည်ဆောက်ပြီး တပ်ရွာစီမံကိန်းအပါအဝင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အရာတော်(၂)၊ အရာတော်(၃)၊ ဆင်တပ်နှင့် ပျော့ရွာစီမံကိန်းများသို့ ဓာတ်အားရယူသုံးစွဲရန် ဆောင်ရွက်ဆဲဖြစ်ပါကြောင်း။

အုန်းတောပင်မခွဲရုံ(၂၃၀/၆၆/၁၁)ကေဗွီ၊ (၁၀၀)အမ်ဗွီအေခွဲရုံအား ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက ၂၀၁၀-၂၀၁၁ ခုနှစ်တွင် စာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပြီး ရန်ပုံငွေ အမေရိကန်ဒေါ်လာ(၅ ဒသမ ၁)သန်း လျာထားတင်ပြခဲ့သော်လည်း နိုင်ငံတော်အနေဖြင့် အခြားဦးစားပေး လုပ်ငန်းများရှိနေသည့်အတွက် အမေရိကန်ဒေါ်လာ(၂ ဒသမ ၁၃)သန်းသာ



ခွင့်ပြုပေးနိုင်ခဲ့ပါကြောင်း၊ သို့ဖြစ်၍ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ထပ်မံလိုအပ် ရန်ပုံငွေ အမေရိကန်ဒေါ်လာ (၂ ဒသမ ၉၇)သန်းနှင့် တည်ဆောက် တပ်ဆင်စရိတ် ကျပ်သန်း(၄၀၀)ကို **စာမျက်နှာ ၄ ကော်လံ ၁ သို့** ❖

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။**

(သတင်းစဉ်)

# ပုဂ္ဂလိကဘဏ်(၄)ဘဏ် ပြည်ပငွေလွှဲလုပ်ငန်း ယခုနှစ်ဖေဖော်ဝါရီနှင့် မတ်လအတွင်း စတင်ရန်လျာထားသတ်မှတ် မြန်မာနိုင်ငံ၏ Organic သီးနှံထုတ်ကုန်များ ဒေသတွင်းနိုင်ငံများ၏ အရည်အသွေးနည်းတူ ထုတ်လုပ်လာနိုင်မည် အထွေထွေလုပ်သားဝန်ထမ်းငယ်များအား အသက်ကန့်သတ်ချက်လျှော့ပေါ့၍ မူလတန်းပြဆရာ ခန့်ထားပေးရန်စီစဉ်မည်

နေပြည်တော် ဇန်နဝါရီ ၁၀

**ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၂၀၈)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးပထမနေ့၌ နိုင်ငံတော်သမ္မတက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံပေးပို့ခဲ့သည့်သဝဏ်လွှာကို အမျိုးသားလွှတ်တော်က မှတ်တမ်းတင်ထားရှိကြောင်း ကြေညာသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်(၂)ဦးတို့က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းကဏ္ဍဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က ပြန်လည်ဖြေကြားသည်။



ရှေးဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင်က **“ကရင်ပြည်နယ်၊ ဖာပွန်မြို့နှင့် သံတောင်မြို့နယ်ရှိ ဖာလာစိုက်ဧရိယာကို ဥယျာဉ်ခြံမြေအဖြစ် သတ်မှတ်ပေးနိုင်ခြင်း ရှိ /မရှိနှင့် ထွက်ရှိလာသောဖာလာစေ့များအား သစ်တောခွန်ကင်းလွတ်ခွင့် ရှိ/မရှိ”** နှင့်စပ်လျဉ်း၍ မေးမြန်းရာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ နှစ်စဉ်ပြုစုထုတ်ပြန်သည့်စာရင်းအရ သီးနှံများအားလုံး၏ စိုက်ပျိုးထုတ်လုပ်မှုစာရင်းတွင် ဖာလာသီးနှံစိုက်ပျိုးမှုကို အခြားဟင်းမွှေးပင်များ စာရင်းအတွင်း စိုက်ဧကကိုသာ ထည့်သွင်းပြုစုထုတ်ပြန်ပါကြောင်း။

၂၀၁၁-၂၀၁၂ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ဖာလာသီးနှံစိုက်ဧက (၄၀၂၄၃)ဧကရှိပြီး သစ်တောဧရိယာများအတွင်း အလေ့ကျပေါက်ပင်များကို ပြုစုပျိုးထောင်၍ အစေ့ထုတ်ယူသော ဧရိယာ(၂၀၃၆၆)ဧကနှင့် ဥယျာဉ်ခြံများအတွင်း အခြားသီးပင်များနှင့် သီးညှပ်အဖြစ် စိုက်ပျိုးထားသော ဧရိယာ(၁၉၈၇၇)ဧက ပါဝင်ပါကြောင်း။

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ မြေအမျိုးအစားခွဲခြားမှုအရ ဥယျာဉ်ခြံမြေဆိုသည်မှာ တစ်ဆက်တစ်စပ်တည်းသော်လည်းကောင်း၊ ရောနှော၍သော်လည်းကောင်း **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❒

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။**

(သတင်းစဉ်)